Golden Lion
Golden Lion Wire Co.,Ltd

# The VOICE Daily

AIR KBZ
FLYING BEYOND EXPECTATIONS

Vol. 6 / No. 77 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၃)ရက်၊ (Tuesday, July 10, 2018)



ဓာတ်ပုံ – ရဲပြည့်စာနည်

ရိုက်တာသတင်းဌာနမှ သတင်းထောက် ဝလုံးနှင့် ကျော်စိုးဦးတို့ကို နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၃ (၁) (ဂ)ဖြင့် ၂၉ ကြိမ်မြောက် ရုံးချိန်းတွင် မြောက်ပိုင်းခရိုင်တရားရုံးက စွဲချက်တင်ခဲ့သည်

# ရိုက်တာသတင်းထောက်နှစ်ဦးကို နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် စွဲချက်တင်

**ရန်ကုန်၊ ဇူလိုင် ၉**

ရိုက်တာသတင်းထောက် နှစ်ဦးအမှုသည် နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေ ပုဒ်မ ၃ (၁) (ဂ) နှင့်ငြိစွန်းသောကြောင့် စွဲချက်တင်သည့်အမိန့်ကို တရားရုံးက ချမှတ်လိုက်သည်ဟု သတင်းထောက်နှစ်ဦးရှေ့နေ ဦးသန်းဇော်အောင်က ပြောကြားသည်။

အဆိုပါအမိန့်ကို မြောက်ပိုင်းခရိုင်တရားရုံးတွင် ဇူလိုင် ၉ ရက်က ချမှတ်လိုက်ခြင်းဖြစ်သည်။

"စွဲချက်တင်တယ်ဆိုတာကတော့ အမှန်တကယ် အပြစ်ပေးတာတော့ မဟုတ်သေးဘူး။ သို့ပေမယ့် စွပ်စွဲခံရသူတွေက ဒီအမှုနဲ့ ဘာကြောင့်ပြစ်မှုမမြောက်ကြောင်းကို ဖြေရှင်းဖို့ အချိန်ရှိသွားတာပေါ့" ဟု ၎င်းကဆိုသည်။ စာ 2

## မန္တလေးတက္ကသိုလ်လုံခြုံရေးအားနည်းမှု ကျောင်းသားသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ဆန္ဒပြ စာ 19

## လူနာသေဆုံးမှုအတွက် သမ္မတရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တိုင်ကြား စာ 2

# ဘယ်တုံးကမှ ရောက်မလာခဲ့သော အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု

**CTHan ဘာသာပြန်ဆိုသည်**

မြန်မာနိုင်ငံထဲမှာစီးပွားရေးလုပ်ကိုင်ကြမည့် အမေရိကန်နှင့် အနောက်ဥရောပလုပ်ငန်းကြီးများနှင့်ပတ်သက်၍ မြန်မာလုပ်ငန်းရှင်ကြီးများအကြား ပြောစမှတ်ဖြစ်နေသည့် စကားလုံးတစ်လုံး ရှိသည်။

**NATO**

ယင်း NATO မှာ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ NATO တော့ မဟုတ်ပေ။ အရှည်ကောက်အားဖြင့် 'No Action, Talk Only' ဟု အဓိပ္ပာယ်ရသည့် NATO ဖြစ်သည်။ 'လုပ်ကိုင်နိုင်တာမရှိ၊ အပြောသက်သက်သာရှိ' ဟုဆိုလျှင် စာ 23



စာ 13



# လူနာသေဆုံးမှုအတွက် သမ္မတရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တိုင်ကြား

**ရန်ကုန်၊ ဇူလိုင် ၉**

ဆာလဖာ (Sulphur) နှင့်လုံးဝမတည့်သည့် လူနာတစ်ဦးဖြစ်သော မမေဇင်နွယ်သေ ဆုံးခြင်းနှင့်ပတ်သက်၍ ၎င်းအားကုသမှုပေးခဲ့သည့် သမားတော်ကြီးဦးရဲမြနှင့် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး တာဝန်ရှိသူများကို ထိရောက်စွာစစ်ဆေးပေးရန် နိုင်ငံတော်သမ္မတရုံးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ တိုင်ကြားထားကြောင်း သေဆုံးသူ၏အစ်ကိုဖြစ်သူ ဦးတင်အောင်ဟိန်းက ပြောကြားသည်။

"လောလောဆယ်တော့ ဘာမှမလုပ်သေးဘူး။ နိုင်ငံတော်သမ္မတကြီးနဲ့ ကျန်းမာရေးဝန်ကြီးဆီတိုင်ထားတာက ဘာမှတော့အဖြေမရသေးဘူး။ ဆေးကောင်စီကတော့ အမြန်ဆုံးနဲ့ အမှန်ကန်ဆုံး ဘက်မလိုက်ဘဲနဲ့ စစ်ဆေးပါမယ်ဆိုတာတော့ ရလာပါပြီ" ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသခဲ့ပြီး အသက်သေဆုံးခဲ့သည့် အသက် ၃၆ နှစ်အရွယ် မမေဇင်နွယ်သည် Sulphur နှင့် မတည့်သည့်လူနာဖြစ်ကြောင်း မှတ်ချက်ရေးထားသော်လည်း Sulphur အပြည့်နီးပါး ပါဝင်သည့် Megatrim-DS ဆေးပြားစုစုပေါင်း ၈၀ ကျော်ကို ရက်ပေါင်း ၁၈ ရက်အတွင်း နေ့စဉ်တိုက်ကျွေးခဲ့မှုကြောင့် အသက်မသေသင့်ဘဲ သေဆုံးခဲ့ရကြောင်း၊ ယင်းအတွက် တာဝန်ရှိသူများကို ထိရောက်စွာစစ်ဆေးအရေးယူပေးရန် သေဆုံးသူ၏ဖခင် ဦးတင်မြင့်က မြန်မာနိုင်ငံ ဆေးကောင်စီထံသို့ တိုင်ကြားသည့်အချက်များတွင် ဖော်ပြထားသည်။

ထို့ကြောင့် သေဆုံးသူဘက်မှ တိုင်ကြားထားခြင်းနှင့်ဆက်စပ်၍ မြန်မာနိုင်ငံဆေးကောင်စီထံသို့ သွားရောက်မေးမြန်းခဲ့သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိခဲ့ပေ။

မေလ ၃၀ ရက်နေ့ညနေ ၆ နာရီခန့်တွင် အသက်သေဆုံးခဲ့သည့် မမေဇင်နွယ်သည် နေမကောင်းသဖြင့် သမားတော်ဦးရဲမြနှင့်ပြသခဲ့ရာ နမိုးနီးယားရောဂါဖြစ်ကြောင်း၊ ရွှေဂုံတိုင်အထူးကုဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ရမည်ဆိုသောကြောင့် ဧပြီလ ၅ ရက်မှ ၁၀ ရက်အထိ ဆေးရုံတက်ရောက်ကုသခဲ့ပြီး ဧပြီလ ၁၀ ရက်နေ့တွင် နေကောင်းလာသဖြင့် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း၊ ယင်းနောက်ပိုင်းတွင် ပြန်လည်ပြသခဲ့ရာ ဆေးရုံတက်ရမည်ဆိုသောကြောင့် မေလ ၁၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ထပ်မံ တက်ရောက်ခဲ့ကြောင်း နိုင်ငံတော်သမ္မတထံသို့တိုင်ကြားသည့် တိုင်ကြားစာအရ သိရသည်။

"ဆေးစာအုပ်တွေလည်း အခိုင်အမာရှိတယ်။ ဦးရဲမြရဲ့မှတ်ချက်ကလည်း ဆေးစာအုပ်မှာပါပြီးသား။ ဆေးကမတည့်ရင် အဆိပ်ပဲ" ဟု သေဆုံးသူ၏ဖခင် ဦးတင်မြင့်က ဆိုသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သမားတော်ကြီးဦးရဲမြကို ဆက်သွယ်မေးမြန်းရာတွင် ၎င်းမှာ ခွဲစိတ်ကုသမှုခံယူကာ အနားယူမှုပြုရန် လိုအပ်ခြင်းကြောင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေကြောင်း ပြန်လည်ဖြေကြားသည်။

အဆိုပါလူနာသည် ၂၀၀၅ ခုနှစ်မှစတင်၍ သမားတော်ကြီးဦးရဲမြနှင့်ပြသခဲ့သည့် ပြင်ပလူနာတစ်ဦးဖြစ်ပြီး ဆရာဝန်ကြီးအနေနှင့်လည်း ထိုအချိန်မှစ၍ အစွမ်းကုန်ကုသမှုများ ပေးခဲ့ကြောင်း၊ လူနာအနေနှင့် ပြင်ပလူနာဌာနသို့ ပုံမှန်လာရောက်ခြင်းမရှိသည့်အတွက် လူနာ ဆေးယဉ်ပါးမည်စိုးသဖြင့် လာရောက်ပြသရန် ကိုယ်တိုင်ခေါ်ယူမှုများရှိခဲ့ကြောင်း ရွှေဂုံတိုင် အထူးကုဆေးရုံကြီးမှ တာဝန်ရှိသူအမျိုးသမီးတစ်ဦးက ပြောကြားသည်။

"ဒီစာကို မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ထားတဲ့အတွက် အစ်မတို့က ဖြေကြားခြင်းမပြုနိုင်ဘူး။ မှတ်ချက်မပေးလိုပါဘူး။ အစ်မတို့ဘက်ကတော့ ဆေးကောင်စီရဲ့ညွှန်ကြားချက်ကို စောင့်ရမှာ" ဟု ၎င်းကဆိုသည်။ ■

**မျက်နှာဖုံး - ရိုက်တာသတင်းထောက်နှစ်ဦးကို နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့်မှ အဆက်**

စွဲချက်တင်ထားမှု အခြေအနေနှင့်ပတ်သက်ပြီး တိုင်းတရားလွှတ်တော်သို့ စွဲချက်ရုပ်သိမ်းရန် လျှောက်ထားမှုကို မိသားစုဝင်များ ဥပဒေအကျိုးဆောင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

လာမည့်ရုံးချိန်းတွင် စွပ်စွဲခံရသည့် သတင်းထောက် ကိုဝလုံးဘက်က သက်သေ ၄ ဦးနှင့် ကိုကျော်စိုးဦးဘက်က သက်သေ ၂ ဦး စုစုပေါင်း ၆ ဦးကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။

ဖမ်းဆီးခံထားရသည့်သတင်းထောက်နှစ်ဦးသည် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုကို သတင်းသမားကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် အပြစ်မရှိကြောင်း လာမည့်ရုံးချိန်းတွင် ထွက်ဆိုသွားမည်ဟု ရုံးချိန်းအပြီး သတင်းထောက် ကိုဝလုံးက ပြောကြားသည်။

ယနေ့ရုံးချိန်းတွင် တရားရုံးက စွဲချက်အမိန့်ချမှတ်လိုက်ခြင်းနှင့် ပတ်သက်၍ "လုံးဝ တုန်လှုပ်သွားမှာ မဟုတ်ပါဘူး။ ဘယ်လိုပဲ စွဲချက်တင်တင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ကိစ္စသည် ရခိုင်ပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုကို စုံစမ်းသတင်းရေးသားခဲ့တာ အားလုံးအသိပါ။ သတင်းသမားကျင့်ဝတ်နဲ့အညီ ဆောင်ရွက်ခဲ့တာပါ။ စိတ်လျှော့သွားမှာ မဟုတ်ဘူး။ နောက်ဆုတ်သွားမှာမဟုတ်ဘူး။ တုန်လှုပ်သွားမှာမဟုတ်ဘူး။ မတရားမှုက ဘယ်တော့မှ အနိုင်ရမှာမဟုတ်ဘူးလို့ ပြောချင်ပါတယ်" ဟု ၎င်းက ဆိုသည်။

တရားရုံးအနေနှင့် သတင်းထောက်နှစ်ဦးကို စွဲချက်မတင်သင့်ကြောင်း သတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးမြင့်ကျော်က ပြောကြားသည်။

"တရားလိုဘက်က ထွက်ဆိုချက်တွေကို စစ်ဆေးတယ်။ ခိုင်လုံတဲ့ အချက်အလက်တွေလည်း မတွေ့ဘူး။ ဥပဒေကြောင်းအရ စွဲချက်မတင်သင့်ဘူး။ ဒါပေမဲ့ နောက်ခံအကြောင်းတရားတွေတော့ ရှိလိမ့်မယ်။ နိုင်ငံရေးရှုထောင့်အရ စွဲချက်တင်တယ်လို့ မြင်တယ်" ဟု ၎င်းက ဆိုသည်။

ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းထောက် ကိုကျော်စိုးဦး အမျိုးသမီး မချစ်စုဝင်းက "ဒီနေ့ လွှတ်မယ်လို့မျှော်လင့်ထားတယ်။ Taxi ပေါ်မှာ ကျွန်မ တွေးလာမိတယ်။ ဒီနေ့ အိမ်ပြန်ရင်တော့ အတူတူပြန်လာမယ်လို့ အခုတော့ စွဲချက်တင်တယ် အမိန့်ချလိုက်တယ်။ ကျွန်မ မျှော်လင့်ထားတာ အလကားပဲ" ဟု ပြောဆိုသည်။

ယနေ့ တရားရုံးက စွဲချက်တင်သင့်ကြောင်း အမိန့်ချမှတ်လိုက်ခြင်းသည် မြန်မာနိုင်ငံသတင်းလွတ်လပ်ခွင့်နှင့် တရားဥပဒေစိုးမိုးရေးကို သံသယရှိကြောင်း ရိုက်တာရုံးချုပ်မှ Editor–in-Chief STEPHEN J. Adler က ဇူလိုင်လ ၉ ရက်က ထုတ်ပြန်သည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကလည်း ရိုက်တာသတင်းထောက်များ ဖြစ်ကြသော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေ ချိုးဖောက်မှု စွပ်စွဲချက်ဖြင့် ဆက်လက်တရားစွဲဆိုရန် တရားရုံးက ယနေ့ဆုံးဖြတ်ချက် ချမှတ်လိုက်သည့်အပေါ် မိမိတို့များစွာ စိတ်ပျက်မိကြောင်းနှင့် သတင်းထောက်များ ၎င်းတို့အလုပ် ၎င်းတို့ပြန်လည်လုပ်ဆောင်နိုင်ရန်နှင့် မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းနိုင်ရန် မြန်မာ အာဏာပိုင်များအနေဖြင့် ခွင့်ပြုပေးသင့်ကြောင်း ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နောက်ထပ်ရုံးချိန်းကို ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်ကို ထပ်မံချိန်းဆိုလိုက်သည်။

ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကျော်စိုးဦး (ခ) မိုးအောင်တို့ အပါအဝင် ရဲဝန်ထမ်းနှစ်ဦးတို့ကို ဒီဇင်ဘာလ ၁၂ ရက် ညက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့်ပဋိပက္ခနှင့်ပတ်သက်၍ စစ်ဘက်ဆိုင်ရာ စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိမှုဖြင့် ထောက်ကြန့်နယ်မြေရဲစခန်းက ဖမ်းဆီးခဲ့သည်။

■ **J -18**

The VOICE Daily CARTOON



# ကျောက်မဲတွင် နွား ၁၀၂ ကောင် တရားမဝင်သယ်လာသူ ၇ ဦးကို အမှုဖွင့်

**ကျောက်မဲ၊ ဇူလိုင် ၉**

ရှမ်းပြည်နယ် ကျောက်မဲမြို့ oriental တိုးဂိတ်တွင် ကုန်တင်ယာဉ် ၅ စီးဖြင့် နွား ၁၀၂ ကောင်ကို တရားမဝင်သယ်လာသူ ၇ ဦးကို ဇူလိုင်လ ၈ ရက်ညနေက ဖမ်းဆီးကာ အမှုဖွင့်ထားကြောင်း ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့က နွားတင်လာသော ၁၂ဘီးကား ၁၂စီးကို စစ်ဆေးရာ တရားဝင် သယ်ဆောင်လာသည့်စာရွက်စာတမ်းမပြနိုင်သော ယာဉ် ၅ စီးပေါ်မှ ယာဉ်မောင်းနှင့် ပါဝင်သူတို့ကို ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ဖြင့် ဖမ်းဆီးကာ အမှုဖွင့်ထားကြောင်း ၎င်းကရှင်းပြသည်။

တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံဘက်မှ ကျွဲ၊ နွား၊ ဆိတ်များ တရားဝင်တင်ပို့ခွင့်ရရှိပြီးနောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်ထောင်စုလမ်းတွင် ၁၂ ဘီးယာဉ်များဖြင့် ကျွဲ၊ နွား၊ ဆိတ်များကို နေ့စဉ်တင်ပို့လျက်ရှိကြောင်း၊ ယင်းသို့တင်ပို့ရာတွင် တရားမဝင်တင်ပို့မှုများလည်းရှိသဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးရာ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုလမ်းပိုင်းတွင် ကျွဲ၊ နွားတင်ယာဉ်များကို လက်နက်ကိုင်အဖွဲ့က ပစ်ခတ်မှု မကြာခဏဖြစ်ပေါ်နေပြီး ကျွဲ၊ နွားသေဆုံးမှုနှင့် ယာဉ်မောင်းသေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

■ **R07**


Request for Quotation

| No | Description | Quantity |
|---|---|---|
| 1. | 3 phase Diesel Generator (20KVA) | 2 nos |
| 2. | Point of deliveries: | Loi Kaw & Mawlamyaing townships |

ငွေခေတ် ငွေခေါ် ငွေကမ္ဘာ
ငွေသာရှာကြ ငွေလောက
ဦးအိုက်စန်
မြန်မာပြည်မှာဆန်းရှိုင်း

# ရှစ်လေးလုံးပါတီအစား ပြည်သူ့ပါတီနာမည်ဖြင့် ကော်မရှင်သို့ တင်ပြ

**နေပြည်တော်၊ ဇူလိုင် ၉**

ရှစ်လေးလုံးပါတီနာမည်ကိုကန့်ကွက်မှုများကြောင့် ပြည်သူ့ပါတီအမည်ဖြင့် မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလိုက်ပြီဖြစ်ကြောင်း ယင်းပါတီ၏ ဒုတိယခေါင်းဆောင် ဦးရဲနိုင်အောင်က ပြောသည်။

ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှေ့တွင် ၎င်းက မီဒီယာများကို ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကော်မရှင်အနေနှင့် ဇူလိုင် ၁၃ ရက်မတိုင်မီ တင်ရမည်ဟု အကြောင်းကြားလာခြင်းကြောင့် အထက်ပါအတိုင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပါတီနာမည်တူခြင်းနှင့် လျှောက်ထားသည့် သူများမရှိဟု သိရသောကြောင့် ယခုလအတွင်း မှတ်ပုံတင်ခြင်း ပြီးဆုံးနိုင်ကြောင်း ၎င်းက ဆိုသည်။

"အလွယ်ပြောရင် ပြင်လျှောက်ပေါ့" ဟု ၎င်းက ပြောသည်။

မူလက ရှစ်လေးလုံးပါတီအမည်ဖြင့် တင်ပြခြင်းကို ကန့်ကွက်သူများရှိခြင်းကြောင့် ပါတီအမည်၊ အလံနှင့်အမှတ်တံဆိပ် ပြောင်းလဲပေးရန် ကော်မရှင်က အကြောင်းကြားထားခြင်း ဖြစ်သောကြောင့် ဇွန်လ ၂၄ ရက်က ရန်ကုန်တွင် တစ်ကြိမ်၊ ယမန်နေ့က မန္တလေးတွင် တစ်ကြိမ် စုံညီအစည်းအဝေး ပြုလုပ်ကာ ပါတီအမည် ပြောင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ရှစ်လေးလုံးပါတီအမည်ကို မူလက လျှောက်ထားခဲ့ခြင်းမှာ ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုကို ဂုဏ်ပြုတန်ဖိုးထားခြင်းကြောင့်ဖြစ်ပြီး ယင်းနာမည်ရွေးချယ်မှုကို နောင်တရမှုမရှိကြောင်း ဦးရဲနိုင်အောင်က ပြောကြားခဲ့သည်။

ယင်းပါတီသည် ပါတီနာမည် တရားဝင် မှတ်ပုံတင်ပြီးပါကလည်း ယခုနှစ် နိုဝင်ဘာတွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်မမီတော့ပေ။ ■

S-01

# ပြည်ပအဝယ်လျော့၍ ရော်ဘာဈေးကျ

**ရန်ကုန်၊ ဇူလိုင် ၉**

ပြည်ပမှ ရော်ဘာဝယ်ယူမှုလျော့နည်းလာသောကြောင့် မွန်ပြည်နယ်တွင် ရော်ဘာဈေးနှုန်း တစ်ပေါင်လျှင် ကျပ် ၇၅၀ အထိ ဈေးနှုန်းကျဆင်းလာကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရှိရသည်။

ရော်ဘာဈေးနှုန်းမှာ မေလက RSS-3 အမျိုးအစားရော်ဘာတစ်ပေါင်လျှင် ကျပ် ၈၀၀ မှ ကျပ် ၈၂၀ ဝန်းကျင် ဈေးနှုန်းရှိကာ ဇွန်လမှစတင်ကာ ကျပ် ၇၀၀မှ ၇၅၀ကျပ် အထိ ဈေးနှုန်းကျဆင်းလာကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရှိရသည်။

"ရော်ဘာဈေးက ဇွန်လလောက်စ ဈေးကျလာတယ်။ တစ်ပေါင်ကို ၇၀၀ အထိကျတယ်။ အခုရက်ပိုင်းမှာက ၇၆၅ ကနေ ၇၅၀အထိပြန်ကျတယ်။ မုဒုံက ရော်ဘာစိုက်ပျိုးသူတွေလည်း ရော်ဘာအစားအခြား စိုက်ပျိုးရေးကို ပြောင်းလုပ်နေကြတာများလာတယ်" ဟု မုဒုံမြို့နယ်မှ ရော်ဘာလုပ်ငန်းရှင် ဒေါ်အိမွန်အောင်က ဆိုသည်။

ရော်ဘာဈေးနှုန်းသည် ၂၀၁၁နှင့် ၂၀၁၂ခုနှစ်ခန့်က RSS-3 ရော်ဘာတစ်ပေါင်လျှင် ကျပ် ၁၈၀၀ ခန့်ထိရှိရာမှ နောက်ပိုင်းတွင် နှစ်စဉ် ဆက်တိုက်ကျဆင်းလာပြီး ယခုနှစ်တွင်အဖွင့်ဈေး RSS-3 အမျိုးအစားရော်ဘာ တစ်ပေါင်လျှင် ကျပ် ၈၀၀ မှ ၉၀၀ ဝန်းကျင်ဈေးနှုန်းရှိခဲ့ပြီး ယခုလတွင် ရော်ဘာဈေးနှုန်းမှာ ၇၀၀ကျော် အထိ ဈေးနှုန်း ကျဆင်းလာကြောင်း မွန်ပြည်နယ်မှ ရော်ဘာလုပ်ငန်းရှင်များက ပြောကြားသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၏ ရော်ဘာအရည်အသွေးပိုင်းတွင် လိုအပ်ချက်များရှိနေသေးပြီး ရော်ဘာအရည်အသွေးပိုမိုကောင်းမွန်လာပါက ဈေးနှုန်းရရှိမှု မြင့်တက်လာမည်ဖြစ်ကြောင်း ကရင်ပြည်နယ်ရှိ ရော်ဘာလုပ်ငန်းရှင်ဒေါ်ယွန်းလှဲ့ပိုင်က ဆိုသည်။

မြန်မာနိုင်ငံမှ ရော်ဘာများကို တရုတ်၊ ဂျပန်၊ မလေးရှားနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိပြီး မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးမြေဧက ငါးသိန်းခန့်ရှိပြီး ဧက သုံးသိန်းခန့်မှာ ရော်ဘာထုတ်လုပ်လျက်ရှိကာ မွန်ပြည်နယ်တစ်ခုလုံး ရော်ဘာလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းခန့်သည် အသေးစားစိုက်ပျိုးသူများဖြစ်ကြောင်း သိရသည်။ ■

J-10

# Pucci ကိတ်စက်ရုံမှ အလုပ်သမားများဆန္ဒပြမှု ယာယီရပ်နား

**ရန်ကုန်၊ ဇူလိုင် ၉**

အချိန်ပိုကြေး မပေးခြင်းကြောင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ Pucci ကိတ် စက်ရုံလုပ်သား ၇၄ ဦး အဆိုပါ စက်ရုံရှေ့ဆန္ဒပြနေခြင်းကို ဇွန်လ ၁၀ ရက်မှစ၍ ယာယီရပ်နားမည်ဖြစ်ကြောင်း ဆန္ဒပြအလုပ်သမားများထံက သိရသည်။

ဇူလိုင်လ ၇ ရက်မှစ၍ အဆိုပါ အလုပ်သမားများ ဆန္ဒပြနေခြင်းဖြစ်ပြီး ဇူလိုင်လ ၉ ရက်က ၎င်းတို့နှင့် စက်ရုံအုပ်ချုပ်ရေးပိုင်းတို့ ညှိနှိုင်းခဲ့ရာ အုပ်ချုပ်ရေးပိုင်းက အလုပ်သမားများ၏ တောင်းဆိုချက်များကို စက်ရုံပိုင်ရှင်ထံ အကြောင်းကြားရမည်ဖြစ်သဖြင့် ဇူလိုင်လ ၁၀ ရက်မှ ၁၂ရက်အထိ ဆန္ဒပြမှုကို ယာယီရပ်နားခြင်းဖြစ်ကြောင်း ဆန္ဒပြအလုပ်သမား ကိုချမ်းငြိမ်းက ပြောကြားသည်။

"ဆန္ဒပြတဲ့သူတွေကို စက်ရုံဘက်က အလုပ်ထုတ်မယ်ဆိုတာမျိုး ကြားလို့ အလုပ်သမားတွေကတော့ စိုးရိမ်နေတယ်။ ဒီနေ့ညှိနှိုင်းတာတော့ သူတို့ဘက် အလုပ်သမားတွေကို မထုတ်ဘူး။ ကျွန်တော်တို့ဘက်က ၃ ရက် လောက်နားထားပြီး အလုပ်ရှင်ကို ပြန်ညှိမယ်ဆိုတာပဲ သဘောတူဖြစ်တယ်" ဟု ၎င်းကဆိုသည်။

အဆိုပါစက်ရုံသို့ အလုပ်သမားများက စနေနေ့ နေ့တစ်ဝက်ကြေးနှင့် အချိန်ပိုကြေးများ ပြန်ပေးရန်၊ ယခင် (အနည်းဆုံးလုပ်ခလစာ ၄၈၀၀ ကျပ် မပေးမီ) ရရှိမြဲ လုပ်သက်ကြေးနှင့် ခံစားခွင့်များ ပြန်ပေးရန်နှင့် အလုပ်ချိန် တိတိကျကျသတ်မှတ်ရန်စသော အချက် ၇ ချက်ကို တောင်းဆိုထားသည်။

"ဒီတောင်းဆိုချက်တွေ ဖြစ်သင့် မဖြစ်သင့်ကတော့ ဥပဒေဘောင်ကပဲ ဆုံးဖြတ်ပေးသွားမှာပါ။ ကျွန်တော်တို့က အလုပ်ရှင်ဘက်ကို ညှိပေးရုံပဲရမယ်" ဟု အဆိုပါစက်ရုံမှ မန်နေဂျာ ဦးဇေယျာဝင်းက ဆိုသည်။

အဆိုပါ Mybaco Company Limited ပိုင် Pucci ကိတ်စက်ရုံသည် ယခင်က မုန့်တိုက်အဖြစ် လုပ်ကိုင်ခဲ့ပြီး စက်ရုံတည်ထောင်လုပ်ကိုင်ခဲ့သည်မှာ ၈ နှစ်ကျော်ခဲ့ပြီးဖြစ်ကာ လုပ်သားတစ်ထောင်ကျော်ရှိပြီး ယခုဆန္ဒပြ လုပ်သားများမှာ ထုတ်လုပ်မှုဌာနမှ လုပ်သားများဖြစ်သည်။ ■

ဝေလင်း

The VOICE Daily

Vacancy Announcement

The Voice Daily သတင်းစာ Digital Marketing Department တွင် တာဝန်ထမ်းဆောင်ရန်အတွက်

1. Digital Sales Manager (1) post
2. Asst. Digital Sales Manager (2) posts
3. Digital Sales Executive (2) posts

အမှတ်စဉ်(၁)၊ (၂) အတွက်
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- Web analytics tools (eg.Google analytic)၊ Google adWords နှင့် Social Media များကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Digital Marketing အတွေ့အကြုံ (၄)နှစ်နှင့်အထက် ရှိရမည်။
- ခေါင်းဆောင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
- အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

အမှတ်စဉ်(၃)အတွက်
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- Google analytic နှင့် Social Media ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- Digital Marketing အတွေ့အကြုံ(၂)နှစ်နှင့်အထက်ရှိရမည်။
- ခေါင်းဆောင်းဆက်ဆံရေး ပြေပြစ်သူ ဖြစ်ရမည်။

The Voice Daily သတင်းစာတိုက်
အမှတ် - ၁၅၇/၄ ဦးချစ်မောင်လမ်း(မြေဝ်မှတ်တိုင်အနီး)ဗဟန်းမြို့နယ်၊ရန်ကုန်။
ဆက်သွယ်ရန် ဖုန်း - ၀၉ ၇၈ ၄၄၅၅ ၀၀၃၊ ၀၉ ၇၉၅၃၉ ၂၈၇၇၀
eimartar@thevoicemyanmar.net သို့ e-mail ပေး၍ လျှောက်ထားနိုင်ပါသည်။

## EDITORIAL

# ခေါက်ရိုးကျိုးအာဏာနိုင်ငံရေးနှင့် ဖြေရှင်းနည်းဟောင်းများ အဆုံးသတ်ချိန်တိုင်

မြန်မာနိုင်ငံတွင် ယနေ့ရင်ဆိုင်နေရသော အခက်အခဲ ပြဿနာများကို ဖြေရှင်းရာတွင် များသောအားဖြင့် ယခင်အစိုးရအဆက်ဆက်က နားလည် လက်ခံ ကျင့်သုံးခဲ့သော နည်းလမ်းဟောင်းများနှင့် ထူးမခြားနား နည်းလမ်းများသာဖြစ်နေခြင်းကြောင့် ပြဿနာအများစုက ပိုဆိုးသွားသည်က များနေပေသည်။

နည်းလမ်းဟောင်းဟုဆိုရာတွင် အာဏာသည် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ခုထံတွင်သာ ရှိနေသည့် အုပ်ချုပ်ရေးစနစ် သို့မဟုတ် အာဏာရှင်စနစ်၏ ပြဿနာတိုင်းအပေါ် ရှုမြင်ပုံ၊ ချဉ်းကပ်ပုံ၊ စဉ်းစားသုံးသပ်ပုံနှင့် ဆုံးဖြတ်ချက်ချ ဖြေရှင်းနည်းလမ်းအများစုမှာ အာဏာကို ဗဟိုပြုစဉ်းစားရာမှ ထွက်ပေါ်လာခြင်းကို ဆိုလိုသည်။

ထိုသို့စဉ်းစားခြင်းကြောင့် ပြဿနာအများစုကို စေ့စပ်ညှိနှိုင်းအဖြေရှာခြင်း၊ အလျှော့အတင်းပြု အပေးအယူလုပ်ခြင်း၊ တစ်ဖက်သားအပေါ် နားလည်ရန် ကြိုးစားခြင်းတို့ဖြင့် သူမနာ ကိုယ်မရှုံး အဖြေထွက်စေရန် အားထုတ်ခြင်းမရှိဘဲ အာဏာအသုံးပြုပြီး အကြမ်းနည်းဖြင့် အရေးယူ၊ အပြစ်ပေးသည့်နည်းလမ်းမျိုးသာ ထွက်လာလေ့ရှိသည်။

ထိုသို့ ဖြေရှင်းလေ့ရှိတိုင်းလည်း ရလဒ်ကောင်း ထွက်လာလေ့မရှိဘဲ ထိုနည်းလမ်းသုံးသူ သို့မဟုတ် အဖွဲ့အစည်းသာ နာမည်ပျက်၊ ဂုဏ်သိက္ခာ ကျသွားလေ့ရှိတတ်သည်။ အချို့ ပြဿနာများကို ဖြေရှင်းရာတွင် ပိုကောင်းသော နည်းလမ်းများ ရှိနေမှန်း သိနေလင့်ကစား တစ်စုံတစ်ဦး၊ တစ်ဖွဲ့၏ စိတ်ခံစားချက်၊ မကျေနပ်ချက်၊ အလိုမကျမှုကို အခြေခံကာ အကြမ်းစား ဖြေရှင်းနည်းများ ထွက်ပေါ်လာတတ်သည်။

အချို့ပြဿနာများသည် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အစိုးရအဖွဲ့၏ Tolerance ခေါ် သည်းခံနိုင်စွမ်းနှင့် ရေရှည်အနာဂတ်ကို မျှော်ကြည့်နိုင်စွမ်းတို့အပေါ်မူတည်ကာ Smart Way ခေါ် ပါးနပ်လိမ္မာသောနည်းလမ်းဖြင့် ဖြေရှင်းရသည်။

သို့သော် အာဏာလက်ဝယ်ရှိသူထံတွင် ပါဝါအမာပေါ်တွင် အားပြုလွန်းခြင်း၊ အတ္တ၊ မာန်မာနကြီးခြင်း၊ မိမိကိုယ်ကို လိုသည်ထက်ပို၍ အထင်ကြီးခြင်း၊ အနီးအနားတွင် အကြံပြုထောက်ပြဝေဖန်သူထက် အလိုလိုက် အကြိုက်ဆောင်၊ ခေါင်းညိတ်ထောက်ခံသူသာများနေခြင်းတို့ ရှိနေလျှင်လည်း ပါးနပ်လိမ္မာသောနည်းလမ်းနှင့် ဆန့်ကျင်ဘက်နည်းလမ်းကိုသာ ရွေးချယ်သွားတတ်သည်။

အခြားတစ်ဖက်တွင်လည်း အာဏာနိုင်ငံရေးနယ်ပယ်တွင် အာဏာတည်မြဲရေး၊ တရားဝင် အာဏာပိုင်စိုးရေး၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးအတွက် ခက်ထန်လွန်းနေသော ပါဝါအမာကို ထိန်းညှိရန် သို့မဟုတ် မိမိလိုလားချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝါအမာ၏ အလိုကို လိုက်လျောရန် ပြဿနာအချို့အပေါ် နည်းလမ်းဟောင်းများဖြင့် ဖြေရှင်းတတ်သည်။

မြန်မာနိုင်ငံသား ရိုက်တာသတင်းထောက်နှစ်ဦးကို ဖမ်းဆီးရာတွင် ပါဝင်ခဲ့သူ ရဲအရာရှိကိုယ်တိုင်က ထောင်ချောက်ဆင် ဖမ်းခြင်းဖြစ်ကြောင်း တရားရုံးတွင် ထွက်ဆိုထားလင့်ကစား ၎င်းတို့နှစ်ဦးကို နိုင်ငံတော် လျှို့ဝှက်ချက် အက်ဥပဒေကဲ့သို့ ပုဒ်မကြီးဖြင့် စွဲဆိုထားချက်ကို တရားရုံးက လက်ခံလိုက်ခြင်း အပါအဝင် အဆိုပါဖြစ်စဉ်တစ်ခုလုံးကို မူလအစကပင် ချဉ်းကပ်ဖြေရှင်းပုံ လွဲချော်ခဲ့သည်။

ရခိုင်ဒေသပြဿနာကို နိုင်ငံအချို့က မီဒီယာလက်နက်ကို အသုံးပြုကာ လိုရာဆွဲပုံဖော်ရန် ကြိုးစားနေချိန်မျိုးတွင် မိမိဘက်တွင်လည်း အမှားမကင်းသော ဖြစ်ရပ်မျိုးကို ဖုံးကွယ်ရန် သို့မဟုတ် မိမိကိုယ်ကို ကာကွယ်ရန် သတင်းတာဝန်ထမ်းဆောင်သော မြန်မာနိုင်ငံသား သတင်းထောက်နှစ်ဦးကိုအငြင်းပွားဖွယ် နည်းလမ်းဖြင့် ဖမ်းဆီးလိုက်ခြင်းမှာ ပြဿနာပိုဆိုးသွားရန် တွန်းအားဖြစ်သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့နိုင်ငံကြီးအချို့အကြား ပါဝါအားပြိုင်မှုနှင့် အစွန်းရောက်ပြဿနာများဖြင့် နပန်းလုံးနေသော နိုင်ငံအချို့က ၎င်းတို့ထံတွင် ရှိနေသော ပြဿနာကို နေရာလွှဲ၊ လမ်းကြောင်းပြောင်းလိုသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံအပေါ် နည်းလမ်းမျိုးစုံသုံး ဖိအားပေးနေချိန်တွင် ပြည်တွင်းတွင်လည်း အမျိုးသားရေး၊ ဘာသာရေးခေါင်းစဉ်အောက်မှ အစွန်းရောက်များ၏ တစ်ဖက်သတ်ဖိအားပေးမှုကို ဘေးကျပ်နံကျပ် ခံနေရသော အစိုးရတစ်ရပ် အနေနှင့် ရိုက်တာသတင်းထောက်နှစ်ဦး ပြဿနာကို ယခုထက်ပို၍ ပါးနပ်လိမ္မာသော နည်းလမ်းဖြင့် ဖြေရှင်းရန် အချိန်မီသေးကြောင်း အကြံပြုထောက်ပြလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၉ - ၇ - ၂၀၁၈ )**

# လူ့အခွင့်အရေးကော်မရှင်က ဩဂုတ်လ၌ အကျဉ်းထောင်များ အပြီးစစ်မည်

**ရန်ကုန်၊ ဇူလိုင် ၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တစ်နိုင်ငံလုံးတွင် ဖျာပုံနှင့် ဒိုက်ဦး အကျဉ်းထောင်နှစ်ခုသာ စစ်ဆေးရန် ကျန်ရှိခြင်းကြောင့် ယခုနှစ်ဩဂုတ်လကုန်တွင် အပြီးသတ်စစ်ဆေးမည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ပြောကြားသည်။

"ဩဂုတ်လဆို စစ်ဆေးမှု ပြတ်တယ်။ ဒီကြားထဲ တချို့ထောင်တွေကို လိုအပ်သလို ထပ်စစ်ဆေးဖို့ ရှိတယ်" ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဇူလိုင်လ ၉ ရက် နံနက်ပိုင်းတွင် ပခုက္ကူအကျဉ်းထောင်ကို သွားရောက်စစ်ဆေးခဲ့ပြီးနောက် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လက်ရှိ ပခုက္ကူအကျဉ်းထောင် စစ်ဆေးမှုအရ အကျဉ်းသား ၅၀၀ ကျော် ထိန်းသိမ်းထားရှိခြင်းကြောင့် အကျဉ်းသားပမာဏ ၁၀၀ ခန့် ပိုလျှံနေပြီး ၎င်းတို့၏ နေရာထိုင်ခင်း ကျပ်တည်းမှုအတွက် အိပ်ဆောင်တိုးချဲ့ရန် လိုအပ်ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှု မရှိကြောင်း ဦးယုလွင်အောင်က ထပ်မံဆိုသည်။

အကျဉ်းထောင်များတွင် အဓိက လိုအပ်ချက်အနေနှင့် ကျန်းမာရေးဝန်ထမ်း မလုံလောက်မှု၊ လူဦးရေ ကျပ်တည်းမှု၊ ရေချိုးကန် မလုံလောက်မှု၊ အိမ်သာ မလုံလောက်မှု၊ ထောင်ဝင်စာ တွေ့ဆုံသည့် အခန်း မလုံလောက်မှု စသည့်ပြဿနာများကို အကျဉ်းထောင်တစ်ခု စစ်ဆေးမှုပြီးစီးပါက တစ်ကြိမ်၊ တစ်နှစ်ချင်းအလိုက် ပေးပို့သော အစီရင်ခံစာများတွင် တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုနေကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက်အထိ မြန်မာနိုင်ငံရှိ အကျဉ်းထောင် ၄၀ ခု၊ အချုပ်ထောင် ၂ ခု၊ အကျဉ်းစခန်း ၃၈ ခုတို့ကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ထံမှ သိရသည်။

■

**J-17**




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe. **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo, **Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing. **Advertising** - Ei Mar Lar, Zaw Zaw Aung. **Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com,
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# မြောင်းဆယ်လုပ်သားမှ အရာရှိဖြစ်လာသူ

## အေးစုမွန်

မန္တလေးမြို့တော်စည်ပင်အနေနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ထက် ကျော်လွန်လုပ်ဆောင်ခဲ့သူများကို ရာထူးမှ ထုတ်ပယ်သည်အထိ အရေးယူခဲ့သလို တာဝန်ကျေပွန်လွန်းသူတစ်ဦးကိုလည်း ပြန်တမ်းဝင်အရာရှိ ရာထူး တိုးပေးလိုက်သည်။

သူ့အမည်က ဦးစိုးဝင်း၊ သန့်ရှင်းရေးဌာန ဒုကြီးကြပ်ရေးမှူးရာထူးမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဆက်သွယ်ရေး - ၁ ရာထူးဖြင့် တိုးမြှင့်ခန့်ထားလိုက်ခြင်းဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် ဒုကြီးကြပ်ရေးမှူး တာဝန်ယူထားသူ ဦးစိုးဝင်းတစ်ယောက် ဇူလိုင်လမှစတင်ကာ ရာထူးတိုးသွားခြင်းလည်း ဖြစ်သည်။

အစိုးရဝန်ထမ်းတစ်ဦးအနေနှင့် ရာထူးတိုးခြင်းမှာ အထူးအဆန်းတော့မဟုတ်။ သို့သော် ဦးစိုးဝင်း ရာထူးတိုးသည့်ပုံစံက ထူးဆန်းသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် ရာထူးတစ်ဆင့်တိုးမြှင့်ရန်အတွက် ရေးဖြေစာမေးပွဲ၊ လူတွေ့နှုတ်ဖြေများ ဖြေဆိုရသည်။ ထိုစာမေးပွဲများ အောင်မြင်မှ ရာထူးတိုးမြှင့်ခံရသည်။ ဦးစိုးဝင်းကတော့ ထိုစာမေးပွဲနှစ်ခုစလုံးကို ဖြေရန်မလို။

လုပ်သက် ၄၂ နှစ်အတွင်း ကြိုးစားလုပ်ဆောင်ခဲ့သည်များကို ဂုဏ်ပြုသည့်အနေနှင့် ကော်မတီဝင်များ အစည်းအဝေးထိုင်ကာ ဆုံးဖြတ်ချက်ချပြီး ရာထူးတိုးမြှင့်ပေးခြင်းဖြစ်သည်။

ယခုကဲ့သို့ရာထူးတိုးမြှင့်ခြင်းသည် လက်ရှိအစိုးရလက်ထက်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။ သို့သော် ဦးစိုးဝင်းအတွက်ကမူ စတုတ္ထအကြိမ်မြောက် ရာထူးတိုးခဲ့ခြင်းပင်။

မြောင်းလုပ်သားဘဝဖြင့်အလုပ်စတင်ဝင်ရောက်ခဲ့သော ဦးစိုးဝင်းသည် လက်ရှိအချိန်အထိ ရာထူး ငါးကြိမ် တိုးခဲ့သည်။ ယင်းတို့အနက် တစ်ကြိမ်သာ ရာထူးတိုးစာမေးပွဲဖြေဆိုခဲ့ရပြီး ကျန်လေးကြိမ်မှာ သူ၏ လုပ်ဆောင်မှုကိုကြည့်ကာ တိုးမြှင့်ခံခဲ့ရသည်ချည်းပင်။

ယခုတစ်ကြိမ်တိုးသည့်ရာထူးက ဘွဲ့ရပညာတတ်များသာရရှိသည့် ပြန်တမ်းဝင်အရာရှိ ရာထူး။

“ဒီတစ်ကြိမ် အသိအမှတ်ပြုခံရတာက ကျွန်တော့်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်ဘူး”ဟု ဦးစိုးဝင်းက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပြောသည်။

ပိန်ပိန်ပါးပါးပုံစံရှိသော ဦးစိုးဝင်းသည် အသက် ၆၀ ပြည့်ရန် လပိုင်းမျှသာလိုတော့သည်။ မကြာမီ သက်ပြည့်ပင်စင်ယူရတော့မည်ဖြစ်သောကြောင့် ရာထူးတိုးရန် မမျှော်လင့်ခဲ့။ ရာထူးတိုးတော့မည်ဆိုသည့် သတင်းများ၊ ပြောစကားများ ကြားနေခဲ့သည်မှာ ခုနစ်လခန့် ပင်ရှိပြီ။

ပင်စင်ယူရန် လပိုင်းမျှသာလိုတော့သော်လည်း ယခုလိုရာထူးတိုးခြင်းက ဦးစိုးဝင်းအတွက် အားတစ်ခုပင်။ အဘယ့်ကြောင့်ဆိုသော် ပင်စင်ယူပြီးချိန်တွင် ထုတ်ယူသုံးစွဲရမည့် ပင်စင်လစာလည်း တိုးသွားမည်ဖြစ်သောကြောင့်ပင်။ နောက်တစ်ခုရှိသေးသည်။ လုပ်သက်ကို ရရှိသည့်လစာဖြင့် မြှောက်၍ရသည့် လုပ်သက်ဆုကြေးလည်း တိုးသွားသည်။

“ရာထူးတိုးတော့ ပင်စင်လစာလည်း တိုးသွားတယ်။ Gratuity လည်းတိုးတယ်။ လုပ်သက်ဆုလေးလည်း တိုးတာပေါ့”ဟု ကွမ်းယာမြုံ့နေသော ဦးစိုးဝင်းက ရှင်းပြသည်။

ဘွဲ့ရများသာ အရာရှိဖြစ်သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးစိုးဝင်းအနေနှင့် ဆယ်တန်းစာမေးပွဲပင် အောင်မြင်သူမဟုတ်။

မိသားစုက ဆယ်တန်းစာမေးပွဲကို ပြန်ဖြေစေချင်သည်။ မောင်စိုးဝင်းက မဖြေလို။ ထို့ကြောင့် စာသင်သွားသည့်ပုံစံနှင့် အိမ်ကထွက်သည်။ စည်ပင်ကသတ်မှတ်ထားသည့်နေရာရောက်လျှင် ဝတ်လာသည့်အင်္ကျီကိုလဲကာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး မြောင်းဆယ်သည်။ လုပ်အားခက တစ်ရက်လျှင် သုံးကျပ်ရှစ်ဆယ့်ငါးပြား။

မြောင်းဆယ်၊ အမှိုက်ကျုံးသည့်အလုပ်ကိုနေ့စားဖြင့် လုပ်ကိုင်ရာမှ လစားဝန်ထမ်းဖြစ်စေရန်အတွက် ရာထူးတိုးစာမေးပွဲ ဝင်ဖြေသည်။ စာမေးပွဲအောင်သောအခါ အမြဲတမ်းဝန်ထမ်းခန့်အပ်ခံရသည်။ ရာထူးက ကျွမ်းကျင်-၄။

မြောင်းလုပ်သားဘဝဆိုသည်က နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြက်ရှင်း၊ ချုံခုတ်ရသည်။ လယ်ယာမြေဖော်ထုတ်ရသည်။ လမ်းလယ်ကျွန်းများတွင် သစ်ပင်စိုက်ရသည်။ နေ့လယ်ပိုင်းတွင် ရုံးတက်ရသည်။

ကျွမ်းကျင်-၄ ရာထူးဘဝတွင် ဌာနတူ လက်နှိပ်စက်စာရေးမနှင့် အိမ်ထောင်ကျပြီး သားနှစ်ယောက်ထွန်းကားသည်။ ဝန်ထမ်းလစာနှင့်မိသားစုလေးယောက်အတွက် သုံးစွဲခဲ့ရသည်။ အဆိုပါရာထူးဖြင့် ကိုးနှစ်ကျင်လည်ခဲ့ပြီးနောက် ဒုလက်ထောက်ကြီးကြပ်ရေးမှူး၊ ထို့နောက် လက်ထောက်ကြီးကြပ်ရေးမှူးမှသည် ဒုကြီးကြပ်ရေးမှူးအဆင့်ထိ အဆင့်ဆင့် ရာထူးတိုးလာခဲ့သည်။

ရာထူးအဆင့်ဆင့် ပြောင်းခဲ့သော်လည်း ဦးစိုးဝင်းကတော့ အကျင့်မပြောင်း။ တစ်နေကုန် ဆိုင်ကယ်တစ်စီးနှင့် လုပ်ငန်းခွင်များသို့ သွားရောက်ကြီးကြပ်သည်။ နေ့လယ်ထမင်းစားချိန်တွင်သာ အိမ်သို့ခဏပြန်သည်။

ဒုကြီးကြပ်ရေးမှူး ဦးစိုးဝင်းသည် ဟိတ်ဟန်လည်းမရှိ။ လက်အောက်ငယ်သားများနှင့် တရင်းတနှီးနေသောကြောင့် ဦးစိုးဝင်းအတွက် ရုံးခန်းလေးတစ်ခု လုပ်ပေးသည်။ ၇၉ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြို့နယ်ရုံးတွင် သုံးထပ်သားပြားများနှင့် ကန့်ပေးထားသည်။ ထိုအခန်းလေးထဲတွင် ဘုရားစင်တစ်ခု၊ ပန်ကာတစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်သုံးလုံးနှင့် တန်းလျားသေးတစ်ခုရှိသည်။

ဒုကြီးကြပ်ရေးမှူးတစ်ဦးအတွက် အဆောင်အယောင်ဟုဆိုကာ ရုံးကစီစဉ်ပေးထားသည်။ ဦးစိုးဝင်းကတော့ ထိုအခန်းတွင် ဖင်ပူအောင်မနေ။ ခါတိုင်းကဲ့သို့ပင် လမ်းပေါ်တွင်သာ။



ဓာတ်ပုံ-အေးစုမွန်



ဓာတ်ပုံ-အေးစုမွန်

လုပ်ပိုင်ခွင့်များရရှိထားသော်လည်း အခွင့်အရေးမယူ။ မြောင်းဆယ်၊ အမှိုက်ကျုံးမြဲပင်။ အခြားသော လုပ်ငန်းတာဝန်များ ပေးသော်လည်း လက်မခံ။ အပိုဝင်ငွေရနိုင်သည်ကို သိသော်လည်း ယောင်၍ပင်စိတ်မကူး။ ငွေရေးကြေးရေးနှင့်ပတ်သက်၍ နာမည်ထိခိုက်မှာကို စိုးရိမ်သည်။

ဦးစိုးဝင်း ရရှိထားသောရာထူးသည် ငွေရနိုင်မည့်လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရခြင်းဖြစ်သော်လည်း ဦးစိုးဝင်းကမူ မြောင်းဆယ်၊ အမှိုက်ကျုံးလုပ်ငန်းကိုသာ ကြီးကြပ်သည်။ အခြားလုပ်ငန်းတာဝန်များအတွက် အရာရှိတစ်ဦးကို တာဝန်ပေးစေသည်။

“ကိုယ်က မှန်မှန်ကန်ကန်လုပ်ပေမယ့် အောက်ခြေက တိုင်လိုက်မယ်ဆိုရင် တာဝန်ရှိတဲ့သူခံရမှာ။ ဒါ့ကြောင့် ကျွန်တော် လုံးဝမလုပ်ဘူး”ဟု ဦးစိုးဝင်းက ပြောသည်။

ရသည့်လစာနှင့် ကုန်ဈေးနှုန်းကို အန်မတုနိုင်၍ မလောက်ငသော်လည်း ဖြစ်သလိုစားသည်။ သားများ၏ပညာရေးအတွက် ကျူရှင်မထားနိုင်သော်လည်း သူ့ကိုယ်ကျင့်တရားကို ထိခိုက်မခံ။ မြောင်းဆယ်၊ အမှိုက်ကျုံးခြင်းကြောင့် လူညစ်ပတ်ခြင်းထက် နာမည်တွင် အမည်းစက်ထင်မည်ကို ပိုကြောက်သည်။ ငွေကြေးကျပ်တည်းသည့် အချိန်များတွင်တော့ မလုပ်ခဲ့ရသည့် ကားဝပ်ရှော့လုပ်ငန်းကို တမ်းတမိသည်ဟု ဆိုသည်။

ငွေရေးကြေးရေးနှင့်ပတ်သက်သည့်လုပ်ငန်းများကို ခေါင်းရှောင်သော်လည်း မြောင်းဆယ်၊ အမှိုက်ကျုံးလုပ်ငန်းကိုတော့ တာဝန်ကျေအောင်လုပ်ဆောင်သည်။ မြောင်းဆယ်၊ အမှိုက်ကျုံးလုပ်ငန်း လုပ်ခြင်းအားဖြင့် မြောင်းသန့်ရှင်းခြင်း၊ လမ်းပေါ်တွင်ရေမဝပ်ခြင်းတို့ကြောင့် ပြည်သူများ စိတ်ချမ်းသာရသလို မြို့တော်လည်း သာယာသည်။ သန့်ရှင်းရေးဝန်ထမ်းများအနေနှင့်လည်း ကုသိုလ်ရသည်ဟု ဦးစိုးဝင်း ယုံကြည်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းများဖြစ်သည့် ကျူးကျော်အိမ်များ ဖျက်ပေးခြင်း၊ လေလွင့်တောင်းရမ်း စားသောက်သူများ ဖမ်းဆီးခြင်း၊ ဂေါက်ကွင်းသန့်ရှင်းခြင်း၊ မြက်စိုက်ခြင်း စသည့်လုပ်ငန်းများကိုလည်း ဦးစိုးဝင်းက ကြီးကြပ်ပေးခဲ့ရသည်။

ဦးစိုးဝင်း လုပ်သက်တစ်လျှောက် ဂုဏ်ယူရသည့်လုပ်ငန်းတစ်ခုရှိသည်။ ထိုလုပ်ငန်းမှာ ကျုံးတောင်ဘက်နှင့် အနောက်ဘက်ခြမ်းတွင် ပလက်ဖောင်းခင်းခြင်းနှင့် လက်ရန်းတပ်ခြင်းဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးစိုးဝင်းထက် တော်သော၊ အတွေ့အကြုံရှိသော အင်ဂျင်နီယာများစွာရှိသော်လည်း လုပ်ငန်းကြီးကြပ်ရန် ဦးစိုးဝင်းကို တာဝန်ပေးသည်။

ပစ္စည်းများချခြင်း၊ သိမ်းခြင်းကို ကြည့်ရှုရသည်။ လုပ်ငန်းကိုကြီးကြပ်ရသည်။ နေ့ရောညပါလုပ်ရသောကြောင့် မန္တလေးမြို့တော်ဝန်ကိုယ်တိုင်ကပင် အသိအမှတ်ပြုရသည်အထိ။

“ကျွန်တော့်နာမည်ကို မသိဘူး။ မျက်မှန်နဲ့ဆရာတဲ့။ ဘာလုပ်လုပ် မျက်မှန်နဲ့ဆရာ ခေါ်လိုက်ပါ။ စိတ်ချရတယ် ဆိုပြီး ကျွန်တော့်ကို တိုက်ရိုက်ခိုင်းတာ”ဟု ဦးစိုးဝင်းက ဂုဏ်ယူဟန်ဖြင့် ပြောသည်။

သန့်ရှင်းရေးဝန်ထမ်းများအနေနှင့် ယခင်အစိုးရမင်းများလက်ထက်က အသိအမှတ်ပြုခြင်းကို မခံရ။ ယခု အစိုးရလက်ထက်တွင် အသိအမှတ်ပြုခံရသည်။ သင်္ကြန်ကာလတွင်း တစ်နိုင်ငံလုံးမှလူအများပျော်ရွှင်စွာ ရေကစားကြသည့်အချိန်တွင် သန့်ရှင်းရေးဌာနမှဝန်ထမ်းများက လမ်းပေါ်ရေမလျှံစေရန် ပြုလုပ်ပေးရသလို အမှိုက်များ တောက်လျှောက်ရှင်းလင်းသည်။ တစ်နေကုန်လုပ်ရသည်။ နောက်ဆုံးရက်တွင် မိုးလင်းပေါက်လုပ်ရသည်။ သင်္ကြန်အပြီးတွင် ဝန်ထမ်းများကိုအခမ်းအနားဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်သင်္ကြန်ကာလအပြီးတွင်လည်း ဦးစိုးဝင်းအပါအဝင် လက်အောက်ဝန်ထမ်းများသည် စွမ်းဆောင်ရည်ဆု ချီးမြှင့်ခံရသည်။ ဦးစိုးဝင်းဘဝတွင် ၂၀၁၄ ခုနှစ်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ချီးမြှင့်သည့် ဝန်ထမ်းကောင်းဆု၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလက နိုင်ငံ့ဝန်ထမ်းကောင်းဆုတို့ ရရှိခဲ့သည်။ ထိုသို့ချီးမြှင့်ခြင်းကို ဦးစိုးဝင်း အလွန်ကျေနပ်သည်။ ထိုသို့ချီးမြှင့်ခံရသောကြောင့် အစည်းအဝေးဆုံးဖြတ်ချက်အရ ရာထူးတိုးခံရသည်ဟု ယုံကြည်သည်။

ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်အထက်အရာရှိများ ပြောင်းလဲသွားသော်လည်း ဦးစိုးဝင်းက တာဝန်ဝတ္တရားများ မပျက်ကွက်ခဲ့။ ထို့ကြောင့် အထက်အရာရှိများကိုယ်တိုင် ရာထူးတိုးပေးခဲ့ခြင်းဖြစ်သည်။ တိုက်ဆိုင်သည်က အထက်အရာရှိကြီးများက မျက်နှာသာပေးသော်လည်း ရာထူးတစ်ခါတိုးဖို့အရေး ကြန့်ကြာတတ်သည်။ အဆင့်တူဝန်ထမ်းများ၏ နှိမ်ခြင်း၊ တန်းတူဆက်ဆံမခံရခြင်းကိုလည်း ကြုံဖူးသည်ဟု ဆိုသည်။

ဦးစိုးဝင်းကမူ မတုန်မလှုပ်။ ဘွဲ့ရပညာတတ်မဟုတ်သောသူနှင့် အခြားအရာရှိများ၏ ကွာဟချက်ကို လက်ခံသည်။ လုပ်ဆောင်ချက်ကြောင့် ရာထူးတိုးခံရသည့်ဘဝကို နားလည်သည်။

ဘယ်လိုပင်ဖြစ်ပါစေ။ ဦးစိုးဝင်းက အလုပ်ကို တန်ဖိုးထားသည်။ ရိုးသားမှုဂုဏ်ကို မြတ်နိုးသည်။ သူ့တွင်ရှိသော အမွေကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရာဖြတ်ဌာနတွင် လုပ်ကိုင်နေသော သားအငယ်ကို ပေးချင်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဆက်သွယ်ရေး-၁ ရာထူးတိုးမြှင့်ခံရသော ဦးစိုးဝင်းသည် လုပ်ငန်းလိုအပ်ချက်အရ သန့်ရှင်းရေးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်နေရဆဲပင်။

နောင် ငါးလကြာပြီးချိန်တွင် ဦးစိုးဝင်းတစ်ယောက် လုပ်သက်ပြည့်ပင်စင်ယူရတော့မည်။ သို့သော် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနတစ်ခုက တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းထားသည်။ အကယ်၍ အလုပ်မရှိပါက ဘာသာရေးအလုပ်ကိုသာ လုပ်တော့မည်ဟုဆိုသည်။

ပင်စင်မယူခင် ငါးလတာကာလအတွင်း မန္တလေးမြို့တော်ရှိ လမ်းမများပေါ်တွင် မြောင်းဆယ်၊ အမှိုက်ကျုံးလုပ်ငန်းများကို ဦးစိုးဝင်းတစ်ယောက် ကြီးကြပ်နေသည်ကို တွေ့မြင်ရဦးမည်မှာအမှန်ပင်။ ■

# တိုင်းအစိုးရကရောင်းသည့်တိုက်ခန်း ဝယ်ခွင့်ရသူများစာရင်း ခရိုင်ထွေအုပ်ရုံးများတွင် ယနေ့ကြေညာမည်

**ရန်ကုန်၊ ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရောင်းချပေးသွားမည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းများ ဝယ်ယူခွင့်လျှောက်ထားသူများမှ တိုက်ခန်း ဝယ်ခွင့်ရသူများ၏တန်းစီဇယားစာရင်းကို ယနေ့(ဇူလိုင်လ ၁၀ ရက်)တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးများတွင် ကြေညာမည်ဖြစ်ကြောင်း ပြည်သူ့အိမ်ရာ ရောင်းချရေးကော်မတီဝင်ဖြစ်သူ ဦးညီညီက ပြောကြားသည်။

အဆိုပါ တန်းစီဇယားအရ ပထမအဆင့်ဝယ်ယူခွင့်ရသူများသည် ဇူလိုင်လ ၁၁ ရက်မှစပြီး ဇူလိုင် ၂၀ ရက် နောက်ဆုံးထားကာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဗိုလ်ချုပ်လမ်းတွင် ဆက်သွယ်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"ဝယ်ခွင့်ရသူတွေအတွက် တိုက်ခန်းမဲနှိုက်တာကို ဇူလိုင်လ ၂၅ ရက်နဲ့ ၂၆ ရက်မှာ မဲနှိုက်သွားမယ်။ မဲပေါက်တဲ့အမည်စာရင်းပါတဲ့သူတွေက အချိန်မီလာရောက်အကြောင်းကြားဖို့တော့ လိုမယ်" ဟု ဦးညီညီက ဆိုသည်။

မဲနှိုက်ဝယ်ယူခွင့် ရရှိသူများကို လျှောက်ထားချက်အပေါ် အချက်အလက်များ စိစစ်ခြင်း၊ ဘဏ်ချေးငွေ ရယူမည့်သူများအတွက် ဘဏ်မှ စိစစ်ခြင်းများပြုလုပ်ပြီး စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသူများကို ရောင်းမည်ဖြစ်ကြောင်း အိမ်ရာစီမံကိန်းများရောင်းချရေးကြီးကြပ်မှုကော်မတီထံမှ သိရသည်။

တိုက်ခန်းဝယ်ယူခွင့်ဖောင်များကို လာရောက်လျှောက်ထားသူ ၆၀၀၀ ကျော်ရှိခဲ့ပြီး တိုင်းအစိုးရအဖွဲ့မှ တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းပေါင်း ၈၆၂ ခန်းကို ရောင်းချပေးသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းအစိုးရရောင်းချမည့် အိမ်ရာများသည် ဒဂုံမြို့သစ်တောင်ပိုင်းရှိ အင်းဝအိမ်ရာ၊ ကောင်းစံသာအိမ်ရာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ယုဇနအိမ်ရာ အပိုင်း (၁၊ ၂)၊ ကနောင်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်ရှိ ကြီးပွားရေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်ရှိရွှေလင်ဗန်းအိမ်ရာ၊ ထီးလှိုင်အိမ်ရာ၊ ရွှေပြည်သာမြို့နယ်ရှိ ShopHouse များနှင့်မြောက်ဥက္ကလာပမြို့နယ်ရှိရွှေပေါက်ကံအိမ်ရာတို့ ဖြစ်သည်။ ■ J-10

## NEWS IN BRIEF

### ဆွိတီးဟုမ်းက ၈ ခုမြောက်ဆိုင်ခွဲ ဖွင့်လှစ်

**ရန်ကုန်၊ ဇူလိုင် ၉**

ဆွိတီးဟုမ်း၏ ရှစ်ခုမြောက်ဆိုင်ခွဲဖြစ်သော Sweety Home Living Mall (အလုံ) ကို ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းတွင် ဇူလိုင်လ ၇ ရက်နေ့၌ စတင်ဖွင့်လှစ်လိုက်သည်။

အဆိုပါဆိုင်ခွဲတွင် နေအိမ်တစ်အိမ်လိုအပ်သော အိမ်သုံးပရိဘောဂပစ္စည်းများ၊ မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုးနှင့် ဟိုတယ်သုံးပစ္စည်းအမျိုးမျိုး ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ဆိုင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကျပ်နှစ်သိန်းနှင့်အထက် ဝယ်ယူသူများကို ဗလာမပါ ကံစမ်းမဲများ ပေးအပ်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■J-01




မကွေးတိုင်းဒေသကြီးအတွင်းရှိ မူလတန်းကျောင်းတစ်ကျောင်းမှ စာသင်ခန်း

# အောက်ခြေဝန်ထမ်းများ မူလတန်းပြတိုးလိုပါက PPTT အောင်ရမည်

**ရန်ကုန်၊ ဇူလိုင် ၉**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အောက်ခြေဝန်ထမ်းများအနေနှင့်မူလတန်းပြရာထူးတိုးလျှောက်ထားလိုပါက အဆင့်မြင့်ပညာဦးစီးဌာနက ခေါ်ယူသော လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) တက်ရောက်အောင်မြင်ရမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

ယခင်က ပညာရေးဌာန ရုံးအကူ၊ အထွေထွေလုပ်သား၊ ကျောင်းစောင့်၊ ရုံးစာရေး စသည့်ဘွဲ့ရအောက်ခြေဝန်ထမ်းများအနေနှင့် တာဝန်ထမ်းဆောင်ပြီး ၂ နှစ်ပြည့်လျှင် မူလတန်းပြရာထူးတိုးလျှောက်ထားခွင့်ပြုခဲ့သော်လည်း ယခုနှစ်မှစ၍ ရာထူးတိုးလိုပါက PPTT လေးလ သင်တန်းတက်ရောက်အောင်မြင်ရမည်ဖြစ်သည်။

အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်က "နိုင်ငံတကာကလည်း ဆရာဖြစ်လက်မှတ်ရှိမှ ဆရာခန့်ထားတာဆိုတော့ အဲဒီအတိုင်းလုပ်ချင်တာကြောင့် ကျွန်တော်တို့က သူတို့ကိုလည်း ဒီလို(မူလတန်းပြ) ရချင်ရင် PPTT ဝင်ခွင့်ရအောင်ကြိုးစားပြီးဖြေဖို့ပေါ့" ဟု ပြောကြားသည်။

အခြေခံပညာဦးစီးဌာနအနေနှင့် နေ့စားလပေး သင်ကြားရေးဆရာ၊ ဆရာမများကို တစ်လသင်တန်းပေး၍ ဆရာဖြစ်လက်မှတ်ထုတ်ပေးပြီးဖြစ်ကြောင်း ဦးရဲလင်းမြင့်က ဆိုသည်။

ဇူလိုင်လ ၆ ရက်က ဆိပ်ကြီးခနောင်တိုအထက်တန်းကျောင်းတွင် ပညာရေးဝန်ကြီးနှင့်တွေ့ဆုံခွင့်ရခဲ့သည့် ဆရာမတစ်ဦးက "ဒီနေ့ တံမြက်စည်းကိုင်တယ်။ မနက်ဖြန်စာသင်မယ်ဆိုရင် ဆရာ၊ ဆရာမတွေ သိက္ခာကျတယ်။ အဲဒါကြောင့် ဘွဲ့ရအောက်ခြေဝန်ထမ်းတွေကို သင်ကြားရေးပိုင်းကို လုပ်သက်နဲ့မပေးတော့ဘူး။ PPTT ကိုစာမေးပွဲဖြေပြီးအောင်မှသာ ဆရာမဖြစ်မယ်ဆိုတာ ဝန်ကြီးက ပြောပါတယ်" ဟု ဝန်ကြီး၏စကားကို ကိုးကား၍ ပြန်လည်ပြောကြားသည်။

အထွေထွေလုပ်သားရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော်လည်း ဆရာလိုအပ်ချက်ကြောင့် စာသင်ပေးနေရသည့် အသက် ၂၉ နှစ်အရွယ် ဆရာတစ်ဦးက "လက်ရှိမှာ ကျွန်တော် ကလေးတွေကို ထူးချွန်အောင် သင်ပေးတယ်။ ဝန်ထမ်းတော့ဖြစ်ချင်တာပေါ့။ ကျွန်တော်တို့မှာ မျှော်လင့်ချက်မရှိတော့တဲ့အတွက် စာသင်ဖို့အင်အား လုံးဝမရှိတော့ဘူး။ အလုပ်ထွက်ဖို့တောင် အစီအစဉ်ရှိတယ်။ ဝန်ထမ်းတော့ဖြစ်ချင်တာပေါ့။ ဘာပဲဖြစ်ဖြစ် ဒီယူနီဖောင်းလေး ဝတ်ထားရတာကို မြတ်နိုးတယ်" ဟု ၎င်းက ဆိုသည်။

PPTT လေးလသင်တန်း ဝင်ခွင့်ကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် လျှောက်လွှာခေါ်လေ့ရှိပြီး ယင်းသို့ခေါ်ယူချိန်တွင် အမြဲတမ်းဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကြီးသူ၊ ဝန်ထမ်းမဟုတ်ပါက အသက် ၃၀ နှစ်ထက် မကြီးသော ဘွဲ့ရများ လျှောက်ထားနိုင်မည်ဖြစ်ကာ ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုရလေ့ရှိကြောင်း ပညာရေးဝန်ထမ်းအသိုင်းအဝိုင်းထံမှ သိရှိရသည်။

■J-19

# ယခုနှစ်ခြောက်လကျော်အတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်မှု ၃၀၀ ကျော်ကို အရေးယူ

**ရန်ကုန်၊ ဇူလိုင် ၉**

ကုမ္ပဏီအုပ်ချုပ်မှုအောက်ရှိ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ခရီးသည်တင်ယာဉ်လိုင်း ၂၀ မှ ယာဉ်များကို ထိန်းချုပ်စင်တာ (Control Center) နှင့်စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးတွေ့ရှိချက်အရ ယခုနှစ် ခြောက်လကျော်အတွင်း စည်းကမ်းဖောက်ဖျက်မှု ၃၀၀ ကျော် ဖြစ်ပွားပြီး ၎င်းတို့ကို အရေးယူထားကြောင်း ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေး YUPT ကုမ္ပဏီမှယာဉ်စစ်ဆေးရေးမှူး ဦးကျော်တင့်က ပြောကြားသည်။

"Control Center က ယာဉ်မောင်းမသမာမှုလုပ်တာကအစ အကုန်မြင်ရတယ်။ စင်တာကနေ မိုက်နဲ့ စည်းကမ်းဖောက်တဲ့ယာဉ်ကို သတိပေးလှမ်းပြောတယ်။ မှတ်တမ်းတင်ပြီး အရေးယူလိုက်တာ ဖြစ်တယ်" ဟု ၎င်းက ဆိုသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လ ၃ ရက်အထိ စည်းကမ်းဖောက်ဖျက်မှု ၃၆၀ ကြိမ် ဖြစ်ပွားပြီး စည်းကမ်းဖောက်ဖျက်မှုအများဆုံးမှာ သတ်မှတ်မှတ်တိုင်မရောက်ခြင်း ၁၃၇ မှု၊ တိုင်ကြားနိုင်သည့်ဖုန်းနံပါတ်စတစ်ကာ မတပ်ခြင်း ၄၃ မှု၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းခြင်း ၃၇ မှု၊ ကားဂိတ်တွင် မရပ်ခြင်း ၃၂ မှုတို့ ဖြစ်သည်။

အဆိုပါပြစ်မှုများကျူးလွန်သူများကို စည်းကမ်းချက် ၁၃၈ ချက်အရ ဒဏ်ငွေ ကျပ်တစ်သောင်း၊ ကျပ် သုံးသောင်းနှင့် ကျပ်ငါးသောင်း (သို့မဟုတ်) ယာဉ်မောင်းလိုင်စင် သုံးလပိတ်သိမ်းဖြင့် အရေးယူကြောင်း YUPT ကုမ္ပဏီထံမှ သိရသည်။

ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီ YUPT လက်အောက်တွင် YBS ယာဉ်လိုင်းပေါင်း ၂၀ တာဝန်ယူပြေးဆွဲနေပြီး ယာဉ်တစ်လိုင်းတွင် ယာဉ်စီးရေ ၄၀ မှ ၁၀၀ စီးကျော်အထိ ရှိကာ ယာဉ်စီးရေပေါင်း ၁၂၇၀ စီးကျော်ဖြင့် ခရီးသည်ပို့ဆောင်လျက်ရှိသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှ ဒီဇင်ဘာလအထိ စည်းကမ်းဖောက်ဖျက်မှု ၅၈၉ မှုရှိပြီး ကုမ္ပဏီစည်းကမ်းချက် ၁၃၈ ချက်ဖြင့် အရေးယူထားကြောင်း YUPTကုမ္ပဏီထံမှ သိရသည်။■ J-06


ဓာတ်ပုံ - The Voice

# ဆန်၊ ဆီ၊ သားငါး၊ အာလူး၊ ကြက်သွန် ဈေးများတက်

ရန်ကုန်၊ ဇူလိုင် ၉

ယခုရက်ပိုင်းအတွင်း ဆန်အပါအဝင် ကြက်သွန်၊ အာလူးနှင့် သား၊ ငါး လက်လီဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း လက်လီဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဇူလိုင်လပထမအပတ်မှစ၍ ဆန်အပါအဝင် အခြားစားသောက်ကုန်များဖြစ်သည့် ကြက်သွန်၊ အာလူး၊ ငါး၊ ကြက်သားတို့ ဈေးတက်လာခြင်းဖြစ်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

"ပေါ်ဆန်းတစ်ပြည်ကို ဇွန်လတုန်းက (ကျပ်) ၂၀၀၀ ပဲရှိတယ်။ အခု ၂၂၀၀ ဖြစ်သွားတယ်။ ပေါ်ဆန်းရှယ်ကတော့ ၂၅၀၀ ကနေ ၂၇၀၀ လောက်ဖြစ်နေပြီ။ အာလူးလည်း တစ်ပိဿာ ၁၀၀၀ ကနေ အခု ၁၂၀၀ ဖြစ်သွားတယ်။ ဟင်းသီးဟင်းရွက်တွေလည်း တက်တယ်။ ပင်လယ်ငါးဆို ဝယ်လို့တောင်မရဘူး" ဟု ဗဟန်းမြို့နယ်မှ အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်သန္တာအေးက ပြောကြားသည်။

တရုတ်မှ ဆန်ဝယ်ယူမှုလျော့နည်းခြင်း၊ ရာသီဥတုကြောင့် ပြည်ပမှဆန်ဝယ်သင်္ဘောများကို ဆန်တင်ရန် အခက်အခဲများကြောင့် ပြည်တွင်းတွင် ဆန်လက်ကျန်များ၍ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ ခန့်နှင့် ကြက်သွန်အနီ၊ အဖြူနှင့် အာလူး လက်ကား ဈေးများမှာလည်းပျမ်းမျှ ကျပ် ၁၀၀၀ ခန့်စီကျဆင်းသွားသော်လည်း လက်လီဈေးကွက်တွင် ကျဆင်းခြင်းမရှိဘဲ ဈေးတက်နေခြင်းဖြစ်သည်။

"ဈေးကွက်ထဲမှာ ဆန်ကအဝယ်လျော့သွားတော့ အခု ရတနာတိုး နွေဆန်အသစ်တစ်အိတ်ကို ၂၃,၀၀၀ ကနေ ၂၂,၀၀၀ ဖြစ်သွားတယ်။ ၂၅ မှတ်ဆန်တွေကတော့ ၂၁,၀၀၀ ကနေ အခု ၂၀,၀၀၀ လောက်ဖြစ်သွားတယ်။ လက်ကားမှာကျပေမယ့် လက်လီဆိုင်တွေက တက်ရင် ဝုန်းခနဲတက်တယ်။ ကျရင် ဖြည်းဖြည်းချတယ်။ အတက်ဈေးနဲ့ ဝယ်ထားတာကို အရှုံးခံမရောင်းဘူး" ဟု ဘုရင့်နောင် ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက ရှင်းလင်းပြောကြားသည်။

လက်လီဈေးကွက်တွင် ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၂၀၀၀ မှ ၂၂၀၀၊ ၂၅၀၀ မှ ၂၇၀၀ အထိမြင့်တက်သွားပြီး ကြက်သား တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၇၀၀၀ နှင့် ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၅၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀၊ ပင်လယ်ငါး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ ကျော်အထိ မြင့်တက်သွားခြင်းဖြစ်ကြောင်း လက်လီဈေးကွက်အတွင်းမှ သိရသည်။

■ J-11

# ပြည်ပမှဝင်ရောက်သည့် တရားမဝင်ကုန်စည်များ ထိရောက်စွာတားဆီးရန် တောင်းဆို

ရန်ကုန်၊ ဇူလိုင် ၉

ပြည်တွင်းဈေးကွက် မထိခိုက်စေရန်အတွက် ပြည်ပမှ အာလူး၊ ပန်းမျိုးစုံစသည့်လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များ တရားမဝင်ကုန်သွယ်မှုဖြင့် ဝင်ရောက်နေမှုကို ထိရောက်စွာတားဆီးပေးရန် အစိုးရထံတင်ပြထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

ပြည်ပမှ ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်သို့ အလွယ်တကူတင်သွင်းလာပြီး ကုန်တိုက်များမှ လက်ကားဖြန့်ဖြူးရောင်းချခြင်းကြောင့် ပြည်တွင်းမှထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများကို ထိခိုက်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း လျော့ကျနိုင်သည့်အပြင် ငွေကြေးလဲလှယ်နှုန်း မြင့်တက်လာခြင်းနှင့် ပို့ကုန်၊ သွင်းကုန်ပမာဏ ကွာဟခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်သဖြင့် လျော့ကျအောင်ဆောင်ရွက်ပေးရန် ထည့်သွင်းတင်ပြထားကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက ပြောကြားသည်။

ထို့ပြင် ပြည်ပမှဝင်ရောက်သည့် အာလူး၊ ပန်းမျိုးစုံစသည့် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များ တရားမဝင် ဝင်ရောက်နေမှုအပေါ် ထိရောက်စွာ တားဆီးပေးနိုင်ရန်အတွက် အပင်ပိုးမွှား၊ ရောဂါနှင့် သီးနှံကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းများ ချမှတ်ပေးရန်နှင့် ကုန်ထုတ်လုပ်ငန်းများအနေနှင့် ကုန်ချောတင်သွင်းသူများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ကုန်ချောတင်သွင်းမှုဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်ပေးရန် ထည့်သွင်းတင်ပြထားကြောင်း ယင်းအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောဆိုသည်။

"အခွန်ဆိုင်ရာကိစ္စတွေကြောင့် တချို့လုပ်ငန်းတွေဆို ပိတ်သိမ်းရမယ့်အနေအထားရှိတယ်။ ဆပ်ပြာမှုန့်ထုတ်စက်ရုံဆိုရင် ပြည်တွင်းမှာ စက်ရုံငါးရုံလောက်ရှိရာကနေ တစ်ရုံပဲကျန်တော့တယ်။ ဆပ်ပြာမှုန့်တွေဆို နိုင်ငံခြားကနေပဲ ဝင်တော့တယ်။ အခွန်အကောက်ဥပဒေအသစ်မှာ အခွန်နှုန်းတွေ လျှော့တာ၊ တိုးတာတို့နဲ့ မကောက်သင့်တာတို့ကို ဆွေးနွေးတင်ပြတာပါ" ဟု ၎င်းက ဆိုသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက်ပြဋ္ဌာန်းရန်ရှိသည့်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတွင် သွင်းကုန်အစားထိုး ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်ပပို့ကုန်ထုတ်လုပ်နေသည့် လုပ်ငန်းများကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးရန်နှင့် ယင်းလုပ်ငန်းများကို ဝင်ငွေအလွှာအလိုက် ဝင်ငွေခွန်နှုန်းထားများ သတ်မှတ်ပေးရေးတို့ကို ဆောင်ရွက်ပေးရန် ထည့်သွင်းတင်ပြထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

■ J-11

# အသက်အာမခံကို အတိုးပေးရန် စီစဉ်

ရန်ကုန်၊ ဇူလိုင် ၉

အများပြည်သူ စိတ်ဝင်စားမှုလျော့နည်းနေသေးသော အသက်အာမခံကိုအတိုးရရှိမည့် စုငွေအာမခံစနစ်ပုံစံကဲ့သို့ ပြောင်းလဲရန် စီစဉ်လျက်ရှိကြောင်း ပုဂ္ဂလိကအာမခံလုပ်ငန်းများထံမှ သိရသည်။

အဆိုပါ အာမခံစနစ်ဖြစ်ပေါ်လာပါက အာမခံကုမ္ပဏီများတွင် အသက်အာမခံထားရှိသည့် အများပြည်သူများအနေနှင့် မိမိထားရှိသည့် အသက်အာမခံငွေပမာဏအလိုက် အတိုးပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောကြားသည်။

"အတိုးပေးမယ်ဆိုတော့ အရင်ကထက်စာရင် ပိုစိတ်ဝင်စားလာနိုင်တယ်။ အတိုးနှုန်းကတော့ ပြည်တွင်းဘဏ်တွေကပေးတဲ့ အတိုးနှုန်းအောက်ပဲ ဖြစ်မှာပေါ့။ ၇ ရာခိုင်နှုန်းလောက်တော့ ကျွန်တော်တို့ မှန်းထားတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် အသက်အာမခံကို အတိုးပေးရန်အတွက် အာမခံကုမ္ပဏီများက ပြင်ဆင်ဆောင်ရွက်ထားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရန် စီစဉ်ထားကာ ယခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

လတ်တလောတွင် ပြည်တွင်းအာမခံကုမ္ပဏီများတွင် ပြည်သူပြည်သား အသက်အာမခံကို အာမခံထားငွေအနည်းဆုံး ကျပ်ငါးသောင်းမှ ကျပ်သိန်း ၃၀၀ အထိ အာမခံထားရှိနိုင်ပြီး ပရီမီယံနှုန်းကို အာမခံသက်တမ်း၊ အသက်နှင့် အာမခံထားငွေပေါ် မူတည်ပြီး တွက်ချက်လျက်ရှိကြောင်း အာမခံကုမ္ပဏီများထံမှ သိရသည်။

လက်ရှိတွင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုက အာမခံဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ယင်းလုပ်ငန်းအားလုံးမှ နှစ်စဉ်ရရှိသည့် ပရီမီယံကြေးမှာ ကျပ် ၁၁၄ ဒသမ ၃ ဘီလီယံရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ယခင်ထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။ ■ J-01

**ဇူလိုင် ၉ ရက်နေ့**
**စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ**

| Name | Opening Price | 10(AM) Price | 11(AM) Price | 12(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|---|---|
| FMI | 11500 | 12000 | 11500 | 12000 | 12000 | +500 | 2421 | 29,046,000 |
| MTSH | 3200 | 3150 | 3150 | 3200 | 3200 | - | 9323 | 29,742.250 |
| MCB | 7500 | 7500 | 7500 | 7500 | 7500 | - | 0 | 0 |
| FPB | 23000 | 23000 | 23000 | 23000 | 23000 | - | 65 | 1,495,000 |
| TMH | 3050 | 3050 | 3050 | 3100 | 3050 | - | 6117 | 18,752,350 |

# တောင်ပြို၍ မြဝတီကားလမ်းပိတ်

ဘားအံ၊ ဇူလိုင် ၉

မြဝတီမှ ရန်ကုန်သို့ ကုန်စည်စီးဆင်းသည့် အဓိကလမ်းတစ်ခုဖြစ်သော မြဝတီ-ကော့ကရိတ်ကားလမ်း နတ်စင်ကွေ့တွင် ဇူလိုင် ၉ ရက်နေ့က ဒေါနတောင်ပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း ကော့ကရိတ်မြို့ဒေသခံများထံမှ သိရသည်။

ဇူလိုင်ပထမပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဇူလိုင် ၉ ရက်နံနက် ၁ နာရီဝန်းကျင်က တောင်ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ကားများအပါအဝင် ကားအစီးရေ ၁၅၀ ကျော် ပိတ်မိခဲ့ကာ အချို့ကားများမှာ မစောင့်နိုင်သည့်အတွက် နောက်ကြောင်းပြန်ပြီး ယခင်တောင်တက်လမ်းဟောင်းဘက်မှ မြဝတီသို့ဆက်လက်ထွက်ခွာသွားကြကြောင်း ၎င်းတို့ထံမှ သိရသည်။

“မနက် ၁ နာရီကျော်ကတည်းက ပြိုတာ ကားတွေက အတက်ချည်းပဲ တစ်ရာလောက်ရှိတယ်။ မြဝတီဘက်က အဆင်းကားလည်း မနက်စောစောပိတ်မိနေတာ ၅၀ လောက်ရှိတာ။ မနက် ၆နာရီကျော်အဲ့နေရာပဲ ထပ်ပြိုကျတယ်။ လမ်းရှင်းလင်းရေး လုပ်နေတုန်းမှာ တတိယအကြိမ်ပြိုကျတယ်။ ကားတွေက မနက် ၁ နာရီခွဲလောက်ကတည်းကပိတ်တာ။ လာလုပ်တဲ့အချိန်နောက်ကျတယ်။ လူအားနဲ့မနိုင်ဘူးဖြစ်နေတယ်”ဟု အဆိုပါနေရာတွင် ရောက်ရှိနေသူတစ်ဦးက ပြောဆိုသည်။

အရေးကြီးခရီးသည်များကို တာဝန်ရှိသူများက ပြုလုပ်ပေးသည့် လမ်းမှတစ်ဆင့်ဆိုင်ကယ်တက္ကစီများ စီးနင်းပြီး မြဝတီဘက်သို့ သွားရမည်ဖြစ်ကြောင်း၊ လက်ရှိလမ်းပိတ်ဆို့မှုအခြေအနေမှာ ပွင့်မည်ဆိုပါက ဇူလိုင် ၉ ရက်ညပိုင်းမှသာ ပွင့်နိုင်ပြီး မိုးဆက်လက်ရွာသွန်းမည်ဆိုပါကမြေပြိုကျမှုထပ်မံဖြစ်ပွားနိုင်ကာ လမ်းပိတ်ဆို့မှုအချိန်ပိုမိုကြာမြင့်နိုင်ကာ ကုန်တင်ကားကြီးနှင့် ခရီးသည်တင်ယာဉ်များအနေနှင့် လမ်းဟောင်းမှဆင်းမှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

“မြေထပ်မံပြိုကျမှုတွေ ဖြစ်နေတယ်။ မွန်းလွဲ ၂ နာရီအချိန်လောက် ကားလေးတွေကို ဖြတ်သန်းခွင့်ပြုခဲ့ပေမယ့် တောင်ပြိုမှုတွေ ထပ်ဖြစ်လာလို့ လုံခြုံရေးအခြေအနေအရ လမ်းကို ဖြတ်သန်းခွင့်ပြန်ပိတ်ထားတယ်။ လမ်းလွှဲတွေ လုပ်ဆောင်နေတယ်”ဟု လမ်းရှင်းလင်းရေးတွင် ပါဝင်လုပ်ဆောင်နေသူ မြဝတီမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောကြားသည်။

အဆိုပါ လမ်းပိတ်ဆို့မှုကို ကော့ကရိတ်ခရိုင်နှင့် ကော့ကရိတ်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဆောက်လုပ်ရေး (လမ်းဦးစီး)၊ မီးသတ်တပ်ဖွဲ့နှင့်အရပ်သူ/သားတို့မှ ဝိုင်းဝန်းပြီး မြေစာပုံများဖယ်ရှားမှုများ ပြုလုပ်ခဲ့သည့်အတွက် ဇူလိုင် ၉ ရက်နေ့ မွန်းလွဲ ၂နာရီခန့်တွင် ကုန်တင်တွဲယာဉ်များမှအပ အိမ်စီးကားငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း နယ်ခြားစောင့်တပ် (BGF)မှ ဗိုလ်မှူးခင်မောင်လွင်က ပြောကြားသည်။ ■ R-17

# မောင်တောတွင် ရွှေ့ပြောင်းရခိုင်တိုင်းရင်းသားအိမ်များကို အာဏာပိုင်များ ဖြိုဖျက်

စစ်တွေ၊ ဇူလိုင် ၉

မောင်တောမြို့နယ်တောင်ပိုင်း အငူမော်-မောင်တော ကားလမ်းဘေးတွင်တည်ရှိသော သဘော်ကွေ့ရွာ၌ ရွှေ့ပြောင်းရခိုင်တိုင်းရင်းသားများနေထိုင်ရာ အိမ်များကို ဇူလိုင်လ ၉ ရက် ညနေ ၆ နာရီက ဒေသအာဏာပိုင်များ ဖြိုဖျက်ခဲ့ပြီး ကျေးရွာရှိခေါင်းဆောင်နှစ်ဦးကိုဖမ်းဆီးခဲ့ကြောင်း ကျေးရွာနေသူများထံမှ သိရသည်။

အဆိုပါရွာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များလာရောက်ကြပြီး ကျေးရွာ ဆေးပေးခန်းနှင့် အိမ်တစ်လုံးကို စတင်ဖြိုဖျက်ခဲ့ကြောင်း ကျေးရွာသူ မရွှေရီလင်းလက်က ပြောသည်။

“သူတို့ (အာဏာပိုင်တွေ)ကို ပတ်ပြီး အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ယူပြီးတော့လမ်းထိပ်ကို ထွက်လို့ပြောတယ်။ ကျန်တဲ့ ပစ္စည်းတွေကို သူတို့ စနစ်တကျနဲ့ ပုံပြီးတော့ သူတို့ ကားနဲ့တင်ပြီးတော့ အင်းဒင်ရွာကိုပြောင်းသွားမယ် ပြောတယ်။ အင်းဒင်ရွာကိုတော့ မသွားကြဘူး။ အိမ်ကိုဖြိုချင်တယ်ဆိုရင် ဖြို၊ အိမ်မရှိတော့ လမ်းဘေးမှာပဲနေရမှာပါ။ ကျွန်မမိဘနှစ်ပါးကိုလည်း ဖမ်းသွားကြပြီ” ဟု ၎င်းကပြောသည်။

အဆိုပါ ရွှေ့ပြောင်းလာသော တိုင်းရင်းသားများကို အင်းဒင်ကျေးရွာတွင် နေထိုင်ရန် အာဏာပိုင်များကစီစဉ်နေပြီး ယင်းကျေးရွာ၌ လုပ်ကိုင်စားသောက်ရန် အခက်အခဲများရှိခြင်း၊ သောက်သုံးရေ အဆင်မပြေခြင်း၊ ရွံ့နွံများမှာ ခါးအထိ ရောက်နေပြီး မစင်စွန့်ပါက အိမ်ဘေး၌ စွန့်ရသော အခက်အခဲများရှိသဖြင့် မပြောင်းရွှေ့နိုင်ကြောင်း ယင်းကျေးရွာတွင်နေသူ ဦးထွန်းနိုင်က ပြောသည်။

ကျေးရွာပြောင်းရွှေ့ခိုင်းသော်လည်း မပြောင်းရွှေ့သဖြင့် ကျေးရွာခေါင်းဆောင် ဦးအောင်နိုင်၊ ဦးထွန်းမြင့်ဦးနှင့် ၎င်း၏ဇနီး ဒေါ်ဉမ္မာကျော်တို့ကို နိုင်ငံတော်အကြည်ညို ပျက်စေမှု ပုဒ်မ ၅၀၅ (ခ)ဖြင့် မောင်တောမြို့နယ်တွင် တရားစွဲဆိုထားကြောင်း၊ ဇူလိုင်လ ၉ ရက်တွင် ဦးထွန်းမြင့်ဦးနှင့် ဒေါ်ဉမ္မာကျော်ကို ဖမ်းဆီးသွားကြောင်း မိသားစုဝင်ထံမှသိရသည်။

အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးမှာ မိသားစုများက အခြေချရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက သဘော်ကွေ့ရွာတည်ကာ လာရောက်နေထိုင်ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အိမ်ထောင်စု ၄၈ စု၊ လူဦးရေ ၂၀၀ ကျော်နေထိုင်ကြောင်း ကျေးရွာနေသူများထံမှ သိရသည်။

လက်ရှိ ကျေးရွာနေသူများမှာ လယ်ယာမြေများ ထွန်ယက်စိုက်ပျိုးထားခြင်း၊ ကလေးများမှာ ကျောင်းတက်နေခြင်းတို့ကြောင့်မိုးရာသီကုန်မှသာ ရွှေ့ပြောင်းပေးလိုကြောင်း ဖမ်းဆီးမခံရခင် ဒေါ်ဉမ္မာကျော်က ပြောသည်။

ကျေးရွာရှင်းလင်းမှုနှင့် ပတ်သက်၍ မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ကို အကြိမ်ကြိမ်ဆက်သွယ်သော်လည်း လက်ခံဖြေကြားခြင်းမရှိပေ။

■ R-22


# Classifieds

ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅၅ ၇၇၂

LUCKY JOB
(Local Employment Agency)
No.487, 1st Floor, Thamaing(7)St, Mayangone Township.

VIP
Body Fitness Center (Male & Female)

မိဘမေတ္တာ

ခေတ်သစ်
(Digital ဓာတ်ပုံတိုက်)

အောင်တင်ရွှေ

ဘိုဘို

Sweet Cherry
(Sofa Settee Online Shop)
www.facebook.com/Sweet Cherry Online Shop

မိုးဟိန်း

သမစိတ္တ

SA LA MAAT

THINN
(Book Accessories, Off-set Printing Services)
No.121-GF, Botahtaung Pagoda Road, Botahtaung Township.

ထက်သစ်

ရွှေနဂါး

ကိုမျိုးနှင့်ညီများ

အသစ်ဆန်း

အောင်မြင့်မြတ်

သစ်ဆန်း

ဇော်ကြီး

နန်းခေတ်

ဦးမြင့်ဦး

မြတ်ပန်းနွယ်

Tea Time

ထွန်းရွှေ

မေတ္တာ

Kaung Myat
(Second Hand Phone)

ဦးတောင်းမိသားစု

ဦးကျော်နိုင်

အိုအေစစ်
(Recycle Bag & Printing)
Facebook: Oasis Recycle & Printing

## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ အသက် ၂၅ နှစ်အရွယ် မမူမူအေးက တံတားဦးမြို့နယ် သဲတော်ရွာမှာ နေထိုင်သူတစ်ဦးဖြစ်ပြီး ကျောက်ကပ်ပျက်စီးတဲ့ ဝေဒနာခံစားနေရတာမို့ တစ်ပတ်ကို သုံးကြိမ် ကျောက်ကပ်ဆေးပေးရမှာပါ။ ကျောက်ကပ် ပုံမှန်ဆေးဖို့အတွက် ငွေကြေးခက်ခဲနေပြီး တတ်အားသရွေ့ပါဝင်လှူဒါန်းမယ့် အလှူရှင်တွေလိုအပ်နေတာဖြစ်ပြီး အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် One To One ပြည်သူ့ကူညီရေးအဖွဲ့ ကိုဝမ်း ဖုန်း ၀၉ ၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### နေ့အလိုက် ခန္ဓာကိုယ်အချိုးအစားတွေကို မှတ်သားနိုင်ဦးမယ့် Body Scale

ကိုယ့်ရဲ့ကိုယ့်ခန္ဓာအလေးချိန်ကို ထိန်းသိမ်းမယ်ဆုံးဖြတ်ပြီး ကိုယ်အလေးချိန် အတက်အကျကို ပုံမှန် သိလိုသူတွေအတွက် ပေါင်ချိန်စက်တစ်လုံးလောက်တော့ လိုအပ်နေပါပြီ။ ခုနောက်ပိုင်း Digital ပေါင်ချိန်စက်တွေ အများအပြား ထွက်ရှိလာတဲ့အထဲ အခုညွှန်ပေးမှာက Remax ထုတ် RT - S1 Body Scale ကိုပါ။ LCD Display နဲ့ ၀.၁ ကီလိုဂရမ်အထိ တိကျစွာ ပြသပေးမယ်လို့ ရောင်းချသူက အာမခံထားပြီး FitBrick App နဲ့ တွဲသုံးမယ်ဆိုရင် ကိုယ်အလေးချိန်၊ Fat/Water/Muscle/Bone စတဲ့အချိုးအစားတွေ၊ Body Mass index၊ Basal Metabolic Rate စတာတွေကို နေ့အလိုက် တိတိကျကျမှတ်သားပြသပေးမှာပါ။ AAA ဓာတ်ခဲ သုံးလုံးထည့်ပြီး သုံးနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ၂၄,၀၀၀ ကျပ် ကျသင့်မှာပါ။ ဝယ်ယူလိုတယ်ဆိုရင် နီးစပ်ရာ Remax အရောင်းဆိုင်တွေမှာ သွားဝယ်နိုင်မှာပါ။ ■



# ဓမ္မဒဿန (၂၈)

## ဘေးလေးဘေးသာသနာ

စာတုမရွာအနီး သျှိသျှားတောတွင် ဗုဒ္ဓသီတင်းသုံးနေတော်မူစဉ်ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး စာတုမရွာကို ရောက်တော်မူနေကြောင်း ကြားသဖြင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် ဗုဒ္ဓအား ဖူးမြင်ရန်အတွက် ရဟန်းငါးရာနှင့်အတူ ရောက်လာကြလေသည်။

ရပ်ဝေးကရောက်လာသည့် အာဂန္တုရဟန်းတို့သည် အချင်းချင်းတွေ့ကြရာ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်နှုတ်ဆက်ကြလေသည်။ ကျောင်းအတွင်းလည်း အိပ်ရာနေရာများ ခင်းကျင်းခြင်း၊ သပိတ်သင်္ကန်းတို့ကို သိမ်းဆည်းခြင်းများကြောင့် ဆူညံသော အသံများစွာ ဖြစ်ပေါ်နေလေတော့သည်။

ဗုဒ္ဓက အသံများ ဆူညံနေသည်ကို ကြားတော်မူလျှင် ရှင်အာနန္ဒာအား -

"အာနန္ဒာ ငါးသည်တွေ ငါးလုနေကြသလား" ဟုမေးတော်မူလေသည်။

ဗုဒ္ဓသည် အလွန်တိတ်ဆိတ်ငြိမ်သက်ခြင်းကို နှစ်သက်တော်မူသည်။ ရဟန်းတို့အားလည်း စိတ်နှလုံး သိမ်မွေ့ပြီး အပြောအဆိုနူးညံ့ရန် အမြဲသွန်သင်ဆုံးမနေပါလျက် ယခုလို ငါးစိမ်းတန်းကဲ့သို့ ဖြစ်နေခြင်းအပေါ် စိတ်နှလုံး မချမ်းမြေ့စွာ ရှိလာပုံပေါ်သဖြင့် ဤသို့မေးမြန်းလိုက်ခြင်းဖြစ်သည်။ အာနန္ဒာ က -

"အာဂန္တုရဟန်း ငါးရာတို့၏ အသံများ ဖြစ်ကြောင်းပါဘုရား" ဟုပြန်လည်လျှောက်တင်လိုက်သည်။

ဗုဒ္ဓက ရဟန်း ငါးရာတို့အား ချက်ချင်း ရှေ့ကို ခေါ်ခိုင်းလိုက်သည်။ ရဟန်းတို့ ရောက်လာသည့်အခါတွင် -

"ရဟန်းတို့ ထွက်သွားကြလော့။ သင်တို့ကို ငါနှင်ထုတ်၏။ ငါ့ထံ၌မနေအပ်" ဟု မိန့်တော်မူလိုက်လေသည်။

ရဟန်းအပေါင်းနှင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည်လည်း -

"ကောင်းပါပြီဘုရား" ဟုလျှောက်တင်ကြပြီးလျှင် ထွက်သွားကြလေသည်။

ရဟန်းငါးရာတို့သည် စိတ်နှလုံးညှိုးငယ်စွာဖြင့် ပြန်လည်ထွက်ခွာလာစဉ် မင်းကွန်း၌ စည်းဝေးနေကြသည့် သာကီဝင်မင်းသားတို့ကတွေ့ပြီး

"အရှင်ဘုရားတို့ အဘယ်ကြောင့် ပြန်ကြွပါမည်နည်း။ အဘယ်အရပ်သို့ကြွကြမည်နည်း" ဟုမေးကြလေသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆူညံစွာ ပြောဆိုနေထိုင်နေသောကြောင့် နှင်ထုတ်ခြင်း ခံလိုက်ရကြောင်း ပြောကြလေသည်။ ထိုအခါ မင်းသားတို့က -

"အရှင်ဘုရားတို့ဆိုင်းငံ့ကြပါဦး၊ တပည့်တော်တို့ဘုရားရှင်ထံ သွားရောက် တောင်းပန်ပါဦးမည်ဘုရား" ဟုဆိုကာ ဘုရားရှင်ထံရောက်လာကြလေသည်။

ဘုရားရှင်ထံရောက်လာသည့် သာကီဝင်မင်းသားတို့၏ လျှောက်ထားချက် စကားများသည် အလွန်မှတ်သား ဖွယ်ကောင်းလှသည်။ သာသနာတော်ထွန်းကားရန် တည်ဆောက်နေသည့် ကာလဖြစ်သောကြောင့် သာသနာ့ဘောင်ဝင်ပြီးသား ရဟန်းများကို တိမ်းပါးသွားမည်စိုးရိမ်သဖြင့် -

"အရှင်ဘုရား ယခုနှင်ထုတ်လိုက်သည့် ရဟန်းများထဲတွင် ငယ်ရွယ်သူများ ပါကြပါသည်ဘုရား။ နုသောသစ်ပင်တို့သည် ရေမရလျှင် ဖောက်ပြန်ပြောင်းလဲသွားနိုင်ပါသည်ဘုရား၊ နို့စို့နွားငယ်လေးသည် မိခင်နွားမကြီးကို မမြင်လျှင် ဖောက်ပြန်ပြောင်းလဲတတ်ပါသည်ဘုရား။ ထို့အတူပင် ရဟန်းငယ်များသည် မြတ်စွာဘုရားကိုမှ မမြင်ရလျှင် ဖောက်ပြန်ပြောင်းလဲသွားနိုင်ပါသည်ဘုရား" ဟု လျှောက်ထား ကြလေသည်။

ရဟန်းတော်များကို ပြန်လက်ခံရန် မင်းသားတို့ အကြိမ်ကြိမ်တောင်းပန်ရုံမက သဟမ္ပတိဗြဟ္မာကြီးပါ ဝင်ရောက်တောင်းပန်လေတော့သည်။

ဘုရားရှင်က ရဟန်းငါးရာကို ပြန်လည်လက်ခံကြောင်း သိလျှင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့သည် ရဟန်းများနှင့်အတူ ပြန်လာကြလေသည်။

ဘုရားရှင်က ပြန်ရောက်လာသည့် ကိုယ်တော်ကြီးနှစ်ပါးကို -

"ငါနှင်ထုတ်လိုက်စဉ်က သင်တို့စိတ်တွင် မည်သို့ ဖြစ်ပေါ်ခဲ့သနည်း" ဟုမေးတော်မူလိုက်သည်။

နှစ်ပါးစလုံးက "အရှင်ဘုရားသည် ကြောင့်ကြကင်းမဲ့ပြီး မျက်မှောက်ချမ်းသာကို ခံစားရလိမ့်မည်" ဟုထင်မြင်မိကြောင်း လျှောက်တင်ကြလေသည်။ ဆူညံခြင်းကို မကြိုက်သဖြင့် ငါတို့မရှိလျှင် မြတ်စွာဘုရားသည် ငြိမ်းချမ်းစွာဖြင့် နေထိုင်နိုင်ပါစေဆိုသော စိတ်ထားများဖြင့်သာ ရှောင်ဖယ်သွားကြခြင်းဖြစ်ကြောင်း ပြောဆို လိုက်လျှင် ဘုရားရှင်က "ကောင်း လေစွ၊ ကောင်းလေစွ" ဟု မိန့်တော်မူလိုက်လေသည်။

ဘုရားရှင်က ရဟန်းအပေါင်းကို ဆုံးမရာတွင် ပင်လယ်ထဲသွားသူတို့သည် လှိုင်းဘေး၊ မိကျောင်းဘေး၊ ဝဲဂယက်ဘေး၊ ငါးမန်းဘေးစသည့် ဘေးလေးဘေးတို့ကို တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရမည်သာဖြစ်သည်။ ဆင်းရဲခြင်းဒုက္ခ အပေါင်းမှ လွတ်ကင်းရန် ရည်စူးပြီး ရဟန်းဝတ်သူများကို သီတင်းသုံးဖော်များက မည်သို့ နေထိုင်သင့်ကြောင်း ပြောဆို ညွှန်ပြသည်ကို ငါ့သားမြေးလောက်ကပြောရမည်လားဟု စိတ်ဆိုးပြီး လူထွက် သွားလျှင် သာသနာ့လှိုင်းဘေး သင့်သလိုဖြစ်မည်။

ရဟန်းဘဝတွင် ဘာကိုစားရမည်၊ မည်သည့်အချိန်စားရမည်၊ မွန်းလွဲချိန်မစားရ စသည်ဖြင့် သတ်မှတ်သည်ကို လူ့ဘဝတုန်းကလို လွတ်လပ်စွာမစားရဟုထင်ပြီး လူထွက်လျှင် ဝမ်းရေးကိုကြောင့်ကြနေခြင်းကြောင့် မိကျောင်း ဘေးကြောင့် လူထွက်သလိုဖြစ်မည်။

ရဟန်းဖြစ်ပါလျက် ဣန္ဒြေကို မစောင့်၊ ဆွမ်းခံရင်း ကာမဂုဏ်စည်းစိမ်ခံစားသူများကိုမြင်ပြီး ကာမဂုဏ်စည်းစိမ် ခံစားလိုစိတ်များဖြစ်ကာ လူထွက်လျှင် ဝဲဂယက်ဘေးကြောင့် လူထွက်သလိုဖြစ်မည်။

ဝဋ်ဆင်းရဲမှကင်းလိုသောကြောင့် ရဟန်းပြုပြီး မာတုဂါမကိုမြင်၍ တပ်မက်စိတ်ဖြစ်ကာ လူပြန်ထွက်မည်ဆိုလျှင် ငါးမန်းဘေးကြောင့် လူထွက်သူဖြစ်မည်။

ရဟန်းဆိုသည်မှာ ကိုယ်၊ နှုတ်၊ နှလုံး အားလုံးကို စောင့်စည်းပြီး သိက္ခာရှိစွာ နေထိုင်၊ သွားလာ၊ ပြောဆိုနိုင်မှသာ ရဟန်းပြုရကျိုးနပ်မည်။ သို့မဟုတ်လျှင် ဘေးလေးခုကြောင့် လူထွက်ကုန်ကြလိမ့်မည်ဟု ဆုံးမတော်မူခဲ့ပါသည်။ ■ **E01**

**(ရည်ညွှန်း-ပိဋကတ်အနှစ်ချုပ်၊ မဇ္ဈိမနိကာယ်၊ စာတုမသုတ်)**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## TECH GADGETS

### VIctrola Gramophone with Bluetooth Speaker



ဒီဇိုင်းကို အရင်ကြည့်ပါ။ ဒီ Bluetooth Speaker တွေက ကိုယ့်ရဲ့စားပွဲပေါ်မှာ ဖြစ်ဖြစ်၊ ဧည့်ခန်းထဲမှာဖြစ်ဖြစ် ခံ့ခံ့ညားညားရှိစေမှာပါ။

အသံထွက်အရည်အသွေးကောင်းမွန်ပါတယ်။ အခန်းတွင်းမှာ ငြိမ့်ငြိမ့်ညောင်းညောင်းလေး ကချင်တဲ့သူတွေ အတွက်ကတော့ တကယ့် ရှေးဟောင်းပစ္စည်း တစ်ခုလိုပါပဲ။ ဈေးနှုန်းက $ 131 ပါ။

### Parrot Pot



အပင်ချစ်သူတွေအတွက် သတင်းကောင်းပါပဲ။ ဒီအိုးလေးတွေက မြေကြီးရဲ့စိုထိုင်းဆ၊ အပူချိန်၊ လေထုစိုထိုင်းဆ၊ အလင်းရောင် စတာတွေကို တိုင်းတာပေးနိုင်တဲ့အပြင် လိုအပ်ရင် အလိုအလျောက် ရေလောင်းပေးနိုင်တဲ့ စွမ်းဆောင်ချက် ပါဝင်ပါတယ်။

တစ်ခါကြည့်ပြီးရင် တစ်လလောက်ပစ်ထားပေတော့။ စားပွဲပေါ်မှာ အပင်လေးတင်ထားချင်တဲ့ နည်းပညာသမားတွေအတွက်တော့ အံကိုက်ပဲထင်တယ်။ အပင်တော့စိုက်ချင်ပြီး ရေမလောင်းချင်တဲ့ သူတွေမဟုတ်လား။ ဈေးနှုန်းက $ 80 ပါ။

### Guitar Sidekick



လက်ဆောင်ပေးချင်တယ်ဆိုရင်တော့ ဒီပစ္စည်းလေးလည်း မဆိုးဘူးပဲ။ ဂစ်တာတီးသင်ကာစသူငယ်ချင်းကတော့ ကျေးဇူးတော်တော်တင်မယ်။ ဂစ်တာထိပ်မှာ တပ်ထားလို့ရပါတယ်။ စမတ်ဖုန်းကနေ ကော့ဒ်တွေပဲဖြစ်ဖြစ်၊ စာသားတွေပဲ ဖြစ်ဖြစ် ကြည့်ပြီးတီးလို့ရတာပေါ့။

ကျွမ်းကျင်အဆင့်တွေအတွက်တော့ သိပ်အသုံးမဝင်ပါဘူး။ မေးချင်တာက မင်းကောင်မလေးက ဂစ်တာတီးသင်နေသလားဆိုတာပါပဲ။ ဈေးနှုန်းက $ 20 ပါ။

### Cookbook & Tablet Stand



အိမ်ရှင်မက လက်ရာမကောင်းဘူးလား။ သူ့အနေနဲ့လည်း ဟင်းချက်စာအုပ်၊ ဒါမှမဟုတ် တက်ဘလက်ထဲကနေ ဟင်းချက်နည်းတွေကြည့်ပြီး ကြိုးစားချက်နေရှာတာပါ။

ဒီ Stand နဲ့ဆိုရင်တော့ သူ့အတွက် အကူအညီဖြစ်မှာပါ။ လက်ကကိုင်ထားဖို့မလိုတဲ့အတွက် သူလွတ်လွတ်လပ်လပ်ချက်နိုင်ပြီလေ။ အရသာတွေပိုကောင်းလာတော့မှာပဲ။ ဈေးနှုန်းက $ 24 ပါ။

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## Android Games

### Stick Fight: Shadow Warrior



ရယ်တော့ရယ်ရတယ်ကွ။ ဒီဂိမ်းကို ဆော့ကြည့်ရတာ ပေါတောတော သူ့ရဲကောင်းတွေနဲ့ တွေ့ရသလိုပဲ။ မသိရင် တကယ်ပဲ ကြမ်းကြမ်းရမ်းရမ်းကြီးတွေ ဆော့ရမလိုလိုနဲ့ ကိုယ့်ဘက်က လက်နက်တွေ အကြမ်းစားကြီးတွေ ပြင်ဆင်သွား။

ရန်သူလည်းထွက်လာရော ဟိုကမိုက်ကရိုဖုန်းချိတ်တဲ့ Stand ကြီးဆွဲပြီး ပြေးရိုက်ရော။ ဘာမှလည်း မဆိုင်ဘူးနော်။ Stickman တွေက အဲ့ဒီလို မထင်တာတွေလုပ်ပစ်တာ။ ကိုကြီးနေထူးနိုင် ကြမ်းတယ်ဆိုတာ ဘာဟုတ်သေးလဲ။

### Knife Hit



လွယ်လွယ်လေးတော့ မဟုတ်ပါဘူး။ သစ်သားပစ်မှတ်ကို အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားအောင် ပစ်ရမှာပါ။ ထိချက်တွေက တစ်နေရာတည်းမှာ စုပြုံနေရင် အဲ့ဒီနေရာပဲ ပွဲထွက်သွားမှာလေ။ အစိတ်စိတ်အမြွှာမြွှာကွဲအောင် လည်နေတဲ့ ပစ်မှတ်ကို နေရာအနှံ့ထိအောင်ပစ်ရမှာပါ။ အမှတ်များများရဖို့ကတော့ ပစ်မှတ်မှာချိတ်ထားတဲ့ အသီးတွေကို ထိအောင်ပစ်ရမှာပေါ့။ ခပ်မြန်မြန်လည်နေတဲ့ ပစ်မှတ်ကို နေရာအနှံ့ ထိဖို့ဆိုတာ လက်တော်တော်မြန်မှရမှာပါ။

### Dream On A Journey



Shadow ဂိမ်းတွေပုံစံပါပဲ။ အန္တရာယ်အပြည့်နဲ့ ခရီးကြမ်းကို ဖြတ်သန်းရမှာပါ။ ဒီဂိမ်းမှာ အဓိက,က သော့တွေပါပဲ။ တစ်ချောင်းမကျန်ရယူနိုင်ဖို့လိုပါတယ်။ ဉာဏ်ကစားပြီး မြင်ရတဲ့ အန္တရာယ်တွေကို လျင်လျင်မြန်မြန်တုံ့ပြန်နိုင်ဖို့တော့ လိုပါတယ်။ ရန်သူတော်တွေက သိပ်အရေးမကြီးပါဘူး။ သူတို့မမြင်အောင် ပုန်းကွယ်ပြီး တိုက်ခိုက်လို့ရပါတယ်။ သူတို့ တပ်ဆင်ထားတဲ့ ယန္တရားတွေကတော့ ကျော်ဖြတ်ဖို့ခက်ပါလိမ့်မယ်။ ဒီဂိမ်းက နင်ဂျာတစ်ယောက်လို ခံစားမှုကို ပေးမှာပါ။

### Color Road



တွန့်လိမ်ကောက်ကွေး ပြေးလမ်းအမျိုးမျိုးပေါ်မှာ ဘောလုံးကို လိမ့်မကျအောင် ထိန်းသိမ်းရမှာပါ။ အဲဒီအပြင်ကိုမှ ဒီဂိမ်းမှာ Color Switch လိုမျိုး အရောင်တူတဲ့ဘောလုံးကို ဖြတ်သန်းရမယ့် အခက်အခဲလည်းရှိပါတယ်။ ပြေးလမ်းပေါ်က မကျအောင်လည်းထိန်းရမယ်။ အရောင်တူဘောလုံးကိုလည်း ဖြတ်ရမယ်။ လွယ်တော့မလွယ်ဘူး။

ဒါပေမဲ့လည်း ဒီဂိမ်းက ပျော်ရွှင်စရာပါ။

# N E W P R O D U C T

## ပြည်တွင်းဈေးကွက်ထဲက ရွေးချယ်သင့်တဲ့ Huawei Honor 9 Lite

**ပြည်တွင်း** ဈေးကွက်ထဲက စမတ်ဖုန်းတွေကို အပတ်စဉ်မိတ်ဆက်ခဲ့ရာက ဒီတစ်ပတ်မှာတော့ ပြည်တွင်းဈေးကွက်မှာ အောင်မြင်မှုရယူထားနိုင်တဲ့ Huawei ရဲ့စမတ်ဖုန်းတစ်လုံးကို ဖော်ပြပေးဖို့ ရွေးချယ်ထားပါတယ်။ အရည်အသွေးနဲ့ ဈေးကွက်ထိုးဖောက်မှုကောင်းတဲ့ Huawei တို့က စမတ်ဖုန်းဈေးကွက်ကို အခြားအမှတ်တံဆိပ်တွေနဲ့အပြိုင်ရယူထားနိုင်ခဲ့ပါတယ်။ ပြည်တွင်းမှာ ရောင်းအားကောင်းပြီး ဈေးကွက်အောင်မြင်မှုတွေရယူထားနိုင်ခဲ့တဲ့ Huawei က သူတို့ရဲ့ထုတ်ကုန်သစ်တစ်ခုဖြစ်တဲ့ Honor 9 Lite မှာ ဘယ်လိုစွမ်းဆောင်ရည်ကောင်းတွေ ထည့်သွင်းပေးထားသလဲဆိုတာ ကြည့်ရအောင်။




### မျက်နှာပြင်အရွယ်အစားနဲ့အရည်အသွေး

မျက်နှာပြင်အရွယ်အစားက ၅ ဒသမ ၆၅ လက်မ အရွယ်အစားရှိပါတယ်။ မျက်နှာပြင်အရည်အသွေးက 1080 x 2160 pixels ရှိပါတယ်။ ပုံရိပ်သိပ်သည်းဆ 428 ppi ရှိတဲ့အတွက် နေရောင်အောက်မှာတောင်မှ ပြတ်သားတဲ့ ပုံရိပ်တွေကို ရရှိစေမှာပါ။ IPS LCD မျက်နှာပြင်ကို အသုံးပြုထားပါတယ်။ မျက်နှာပြင်အရည်အသွေးကတော့ စိတ်ကျေနပ်စရာပါပဲ။

### ကင်မရာအရည်အသွေး

နောက် ကင်မရာအရည်အသွေး 13 MP နဲ့ 2 MP ကင်မရာနှစ်လုံးကို တပ်ဆင်ပေးထားပါတယ်။ ကင်မရာစွမ်းဆောင်ချက်တွေအနေနဲ့ Geo-tagging, Touch Focus, Face Detection, HDR, Panorama စတာတွေပါဝင်ပါတယ်။ ရှေ့ကင်မရာကလည်း 13MP နဲ့ 2 MP ကင်မရာနှစ်လုံး ပါဝင်ပါတယ်။ အရည်အသွေးမြင့်ဗီဒီယိုတွေလည်း ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ စုစုပေါင်း ကင်မရာ လေးလုံးပေါ့။

### ဘက်ထရီအရည်အသွေး

ဘက်ထရီအရည်အသွေး Li-Po 3000 mAh ပါဝင်ပါတယ်။ ဘက်ထရီကိုတော့ ဖြုတ်လို့ရမှာ မဟုတ်ပါဘူး။ ဖုန်းပြောဆိုမှုနဲ့ သီချင်းနားထောင်တာမျိုးတွေအတွက် တစ်ရက်တာအသုံးပြုဖို့လိုအပ်တဲ့ပမာဏထက် ပိုပါတယ်။

### အခြားစွမ်းဆောင်ရည်များ

Android ဗားရှင်း 8.0 (Oreo) ကို အသုံးပြုထားပါတယ်။ Octa-core (4x2.36 GHz Cortex-A53 & 4x1.7 GHz Cortex-A53) CPU ကို အသုံးပြုထားပါတယ်။ RAM က 3 GB ပါဝင်မှာဖြစ်ပြီး ဖုန်းအတွင်းသိုမှီးနိုင်မှုက 32 GB ပါဝင်မှာ ဖြစ်ပါတယ်။ ဖုန်းအတွင်းသိုမှီးနိုင်မှုကို 256 GB အထိ မြှင့်တင်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Fingerprint (rear-mounted), Accelerometer, Proximity, Compass စတဲ့ အာရုံခံစနစ်တွေ ပါဝင်ပါတယ်။

ဈေးနှုန်းက ကျပ် ၂၉၉,၀၀၀ ဝန်းကျင်ဖြစ်ပါ တယ်။ Huawei ပရိသတ်တွေအနေနဲ့ နှိုင်းယှဉ်ရွေးချယ်နိုင်ဖို့ ဖော်ပြပေးလိုက်ပါတယ်။

# T I P S

## Keypad ဖုန်းဝယ်မယ်ဆိုရင်

အခုညွှန်းဆိုမယ့်ဖုန်းတွေက ဈေးသက်သာတယ်လို့တော့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့လည်း စမတ်ဖုန်း တွေကို ငြီးငွေ့လို့ပဲဖြစ်ဖြစ်၊ Keypad ဖုန်းပဲ သုံးချင်တဲ့သူတွေအတွက်ပဲဖြစ်ဖြစ် စွမ်းဆောင်ရည်ကောင်းတဲ့ Keypad ဖုန်းတချို့ကို ညွှန်းဆိုလိုက်ပါတယ်။

### Nokia 8110 4G

| | |
|---|---|
| RAM | - 512 MB |
| Storage | - 4 GB |
| Camera | - 2 MP |
| CPU | - Dual Core 1.1 GHz, Cortex-A7 |
| Battery | - Li-Ion 1500 mAh |







### Nokia 3310

| | |
|---|---|
| RAM | - NA |
| Storage | - 16 MB |
| Camera | - 2 MP |
| CPU | - NA |
| Battery | - Removable 1200 mAh |

### Nokia 216 Dual Sim

| | |
|---|---|
| RAM | - NA |
| Storage | - NA |
| Camera | - 0.3 MP & 0.3 MP |
| CPU | - NA |
| Battery | - Li-Ion 1020 mAh |







### Samsung Metro XL

| | |
|---|---|
| RAM | - NA |
| Storage | - NA |
| Camera | - 3.2 MP & 2 MP |
| CPU | - Single Core 312 MHz |
| Battery | - Li-Ion 1200 mAh |

# “ဘာသာပြန်ဆိုတာ အလုပ်အကိုင် အခွင့်အလမ်းကောင်းတစ်ခုပါပဲ”

## Channel Myanmar မှ Admin တစ်ဦးဖြစ်သူ ကိုသစ်ဆန်းခန့်နှင့် တွေ့ဆုံခြင်း

မောင်မန်း

**ပြည်တွင်း၌ နိုင်ငံတကာဇာတ်ကားများကို မြန်မာဘာသာသို့ပြန်ဆိုပြီး မြန်မာစာတန်းထိုးဖြင့် အွန်လိုင်းမှတစ်ဆင့် အခမဲ့ဖြန့်ဝေပေးနေသည့် ဝက်ဘ်ဆိုက်အချို့ ရှိနေသည်။ ယင်းသို့ လုပ်ကိုင်နေသူများအနက်မှ ဝက်ဘ်ဆိုက်ကို တည်ထောင်ပြီး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားများကို ဖြန့်ဝေပေးနေသည့် Channel Myanmar မှ Admin တစ်ဦးဖြစ်သူ ကိုသစ်ဆန်းခန့်နှင့်တွေ့ဆုံပြီး လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲများကိုမေးမြန်းပြီး ပြန်လည်ဖော်ပြအပ်ပါသည်။**

**Voice ။ ပထမဆုံးကတော့ Channel Myanmar ဆိုပြီး စပြီးဖြစ်တည်ခဲ့တဲ့အကြောင်းကို ပြန်ပြီးပြောပြပေးပါဗျ။**

**TSK** ။ Channel Myanmar ကို စပြီးတည်ထောင်ကြတာက ကိုငြိမ်းစေရာအောင်နဲ့ ကိုကျော်ရဲအောင် (ကသာသားလေး) တို့ဗျ။ ၂၀၁၄ ဝန်းကျင်က မြန်မာစာတန်းထိုး DVD တွေ ခေတ်စားတဲ့အချိန်တုန်းက သူတို့ ၂ ယောက်က သူတို့ ကြည့်တဲ့ ရုပ်ရှင်ကားတွေ သူများကိုလည်း ပြန်ပြီးခံစားစေချင်၊ ကြည့်စေချင်၊ ဝေမျှစေချင်တဲ့စိတ်နဲ့ တည်ထောင်ခဲ့ကြတာပါ။

**Voice ။ အဲဒီအချိန်တုန်းက အင်တာနက် အခက်အခဲက တော်တော်လေးရှိမယ်ထင်တယ်ဗျ။ ဒီဘက်အခြေအနေနဲ့ ပြန်ကြည့်ရင် ဘယ်လိုမျိုးအခက်အခဲ ရှိမလဲဗျ။**

**TSK** ။ ဈေးချယ်စရာ MPT အင်တာနက်နဲ့ WCDMA Internet၊ MEC Sim Card တွေ ဝယ်ပြီး လိုင်းကောင်းတဲ့အချိန်လေးတွေစောင့်ပြီး ဒေါင်းရ တင်ရ လုပ်ကြရတာကိုး၊ အခုအချိန်လိုရွေးချယ်စရာ မိုဘိုင်းလ်အော်ပရေတာတွေ ဝိုင်ဖိုင်တွေဖိုင်ဘာတွေမှ မရှိခဲ့တာ၊ ရုပ်ရှင်တွေဆိုလည်း တစ်ပတ်မှ ၂ ကားလား တင်နိုင်ခဲ့ကြတာ။ မှတ်မှတ်ရရ 700 MB လောက် ရုပ်ရှင်တစ်ကားကိုမနက်က Upload ထားပြီး ပစ်ထားလိုက် ညလောက်မှ ပြီးသွားတာမျိုး ကြားထဲ ပြတ်ပြတ်ကျလို့ ပြန်တင်ရတာ မနည်းဘူး။

**Voice ။ နိုင်ငံတကာ ရုပ်ရှင်ကားကောင်းတွေကို မြန်မာလို ဘာသာပြန်စာတန်းထိုးပေးတယ်။ ဘားကမ့်မအူပင်မှာဆိုရင် ဒီစာတန်းထိုးနည်းတွေ လက်တွေ့ရှင်းပြသွားတာသိရတယ်ဗျ။ ဒီနည်းလေးတွေကို အကျဉ်းချုပ်ပြောပြပေးပါဦး။**

**TSK** ။ CM ကို ဘားကမ့်တွေက ဖိတ်တယ်သွားတယ်။ မြန်မာစာတန်းထိုးရုပ်ရှင်တွေ လုပ်တတ်ချင်တယ် ဘယ်ကစရမလဲ မသိတဲ့သူတွေကို အချိန်အတိုဆုံးနည်း အလွယ်ကူဆုံး နည်းလမ်းတွေပေးခဲ့တယ်။

အဓိက ကျောင်းသားလူငယ်တွေ ဝါသနာပါကြတယ်။ မလုပ်ရဲဘူး မှားမှာ ကြောက်ကြတယ်။ ပထမဆုံး အကြိမ်ကတော့ ခက်ခဲမှာပါပဲ။ ကျွန်တော်တို့က မှားလည်းမကြောက်နဲ့ အစ်ကိုတို့စစ်ပေးမယ်ဆိုပြီး အားပေးရတယ်။ အရင်ဆုံးလွယ်ကူတဲ့ Youtube က Short Film လေးတွေ ပြန်ခိုင်းတယ်။ တဖြည်းဖြည်း ဝါရင့်လာရင် ရုပ်ရှင်ကားတွေ ပြန်ဖို့အတွက် တိုက်တွန်းတယ်။ CM ကို လာပါ။ ဒီမှာပြန်ပါလို့ ဆိုတာထက် သူတို့ ဘာသာဝါသနာပါရာလေးတွေ လုပ်ချင်စိတ်ရှိအောင်ပါ။ အဓိက သုံးတာကတော့ Subtitle Edit , Utorrent , Video Convert tools တွေ စသဖြင့်ပေါ့။

**Voice ။ အဲဒီလို စာတန်းထိုးရုပ်ရှင်တွေတင်ပေးတာ Channel Myanmar က ပထမဆုံးလို့ ပြောလို့ရမယ်ထင်တယ်။ နောက်ပိုင်းတော့ တခြားဆိုက်တွေလည်းတွေ့ရတယ်။ လူငယ်တွေအတွက် အလုပ်အကိုင်တစ်ခုလို ဇောက်ချလုပ်ဖို့ဆိုရင်ရော ဒါက ဖြစ်နိုင်ခြေရှိမလားဗျ။**

**TSK** ။ မြန်မာစာတန်းထိုး ရုပ်ရှင်တွေ စတင်ပေးတာ CM ကတော့ပထမဆုံးမဟုတ်ဘူး။ အဲ့အရှေ့မှာ ကိုမိုးကျော်တို့လုပ်တဲ့ MM Subtitle ဆိုတဲ့ ဝက်ဘ်ဆိုက် ရှိခဲ့တယ်။ အဓိက TV Series တွေ တင်ပြီး နာမည်ရနေခဲ့တာ။ ရုပ်ရှင်တွေကတော့ ကြိုးကြားကြိုးကြားပေါ့။ သူကတော့ Team မရှိပဲ တစ်ယောက်ထဲ လုပ်တဲ့သူပေါ့။ အဲဒီနောက်မှာပဲ အချိန်သိပ်မကွာပဲ CM ကို စလုပ်ဖြစ်ခဲ့ကြတာ။ အခုတော့ မြန်မာစာတန်းထိုး Website တွေ Group တွေ Team တွေ အများကြီး ဖြစ်လာပါပြီ။ အားရစရာပါပဲ။ တချို့ဆို အတော်လေးအောင်မြင်နေကြပါပြီ။

လူငယ်တွေအတွက် အလုပ်အကိုင် တစ်ခုလိုဖြစ်နိုင်မလားဆိုတော့ ဖြစ်လာနိုင်ပါတယ်။ CM စတုန်းက လူငယ်တွေ CM မှာ ဘာသာပြန်ရင်း ကိုယ့်ကိုယ်ကိုယ် ပိုပြီးအလေ့အကျင့်ဖြစ်စေတယ်၊ ဗဟုသုတတွေ ပိုရလာတယ်။ နောက်ပိုင်း ဘာသာပြန်အလုပ်နဲ့ ဝင်ငွေကောင်းကောင်းရနေတဲ့ သူတွေ အများကြီး ရှိနေပါပြီ။

**Voice ။ Channel Myanmar ဆိုက်မှာ Download Link တွေ တင်ပေးထားတာရှိမယ်။ အညွှန်းလေးတွေ တင်ပေးတယ်ပေါ့လေ။ Download မလုပ်နိုင်တဲ့သူတွေအတွက်ကျတော့ရော ဘယ်လိုမျိုးဝန်ဆောင်မှုပေးတာရှိမလဲဗျ။**

**TSK** ။ ဟိုးအရင်ကတော့ CM က ရုပ်ရှင်လေးတွေ ဒေါင်းဖို့ ဖုန်းဘေလ်တစ်ထောင်နဲ့ နှစ်ထောင်ဝန်းကျင်လောက် ကုန်တယ်ဗျ။ အဲ့ဒီမှာ Fan တွေက Movie တွေ ရောင်းပေးပါ Download မဆွဲနိုင်ဘူးဆိုတာနဲ့ HD Movie Store ဆိုပြီး ဆိုင်ခန်းလေးတစ်နေရာငှားပြီး ဈေးသက်သက်သာသာနဲ့ စရောင်းပေးဖြစ်တယ်။ ခုနောက်ပိုင်းတော့ Movie Store တွေက နေရာတိုင်းမှာ များပြားလာပါပြီ။ CM က ရုပ်ရှင်တွေလည်းရတဲ့အတွက် ဘယ်မှာဝယ်ဝယ် အလကားနီးပါး ကူးယူလို့ရနေပါပြီ။

**Voice ။ ကိုသစ်ကို အရင်က မိုဘိုင်းလ်ဖုန်းလိုင်းဘက်ကလို့ သိထားတာဗျ။ နောက်ပိုင်း Channel Myanmar ဘက်ကို လုံးလုံးလျားလျားကူးဖြစ်သွားတာကရော။**

**TSK** ။ ၂၀၁၀ လောက်မတိုင်ခင်က Computer Service သမားတစ်ယောက်ပေါ့။ အဲ့နောက်ပိုင်း Mobile Phone Service အတွက် သင်တန်းဖွင့်ပြီး စာသင်ပေးခဲ့တယ်။ နောက်ပိုင်း ကျန်းမာရေး အခြေအနေအကြောင့် အနားယူနေရင်း ကျွန်တော်ကိုယ်တိုင်က စာဖတ်တာရယ်၊ ရုပ်ရှင်ကြည့်တာရယ် ဝါသနာပါတော့ စာအုပ်တွေဝယ်ဖြစ်တယ်။ အဓိက အခွေတွေ လသာတရုတ်တန်းမှာသွားသွားဝယ်တယ်။ တစ်ခါဝယ် အခွေ ၅၀ နဲ့ ၁၀၀ လောက် ရှိတယ်၊ တစ်ခွေ ၈၀၀ လောက် ပေးရတယ်။ မြန်မာစာတန်းထိုး အမှန် အပြာရောင်အိတ်လေးတွေနဲ့ပေါ့။ အဲဒီအခွေတွေကို ကွန်ပျူတာထဲ စနစ်တကျ ပြန်သိမ်းထားတယ်။ ပြီးရင်ကြည့်တယ်ပေါ့။

သိပ်မကြာပါဘူး Facebook မှာ မြန်မာစာတန်းထိုး ရုပ်ရှင်ကားဒေါင်းလို့ရတယ်ဆိုပြီး တက်လာတော့ ဟာ ငါတို့နိုင်ငံမှာ ဒီလို ဝက်ဘ်ဆိုက်တွေ ရှိပါလားပေါ့။ ကျွန်တော် ကြည့်နေတဲ့ Arrow ဇာတ်လမ်းတွဲတွေ တင်ပေးနေကြ ကိုမိုးကျော်တို့ MM Subtitle ဝက်ဘ်ဆိုက်မှာ သွားသွားဒေါင်းရတယ်။ အဲဒီကနေတစ်ဆင့် Facebook မှာ မြန်မာစာတန်းထိုးဇာတ်ကားများဆိုတဲ့ Blog တစ်ခုရဲ့ Page ကို ရောက်သွားတယ်။ ဒေါင်းလုပ်ဆွဲကြည့်တယ် မဆိုးဘူး ကိုယ်ကြိုက်တဲ့ရုပ်ရှင်ကားတွေ တစ်ဆိုက်လုံး ဒေါင်းလုပ်ဝင်ဆွဲတာတောင် ကား ၅၀ မပြည့်ဘူး။ ရုပ်ရှင်တွေ ဖွင့်ကြည့်တော့ ဘာသာပြန် ကသာသားလေးတို့၊ ငြိမ်းစေရာအောင် တင်ဆက်သည်တို့၊ ညီသံလွင် ဘာသာပြန်သည်တို့နဲ့ ဘာသာပြန် နာမည်လေးတွေ မှတ်ထားရတယ်။ အကြိုက်ဆုံးကတော့ ကသာသားလေးပေါ့ဗျာ။

ဒါပေမဲ့ မြန်မာစာတန်းထိုး ဇာတ်ကားများ Page က တစ်ပတ်လောက်နေမှ ၂ ကား တင်တာ နေ့တိုင်းဝင်ကြည့်လိုက်မတင်ရင် ပြန်ထွက်လာလိုက်နဲ့ တစ်ခါတလေဆို အတော်ကြာကြာ မတင်ကြဘူး။ အဲဒီလို Facebook Chatbox ကနေ သွားပြောတာ ကျွန်တော်လည်း ကူတင်ပေးပါရစေဆိုတော့ Founder ကြီး ကိုငြိမ်းစေရာအောင်က ရပါတယ် ကူတင်ပါဆိုပြီး ခေါ်တာနဲ့ တစ်ရက်ကို ၂ ကားလောက်ထိ တင်ပေးတဲ့အခြေအနေထိ ရောက်သွားပြီး CM ကနေ မခွဲနိုင်မခွာနိုင်ဖြစ်ပြီး ခုထိ CM မှာ ဆက်ရှိနေတာပါပဲ။

**Voice ။ လက်ရှိပြည်တွင်းက ရုပ်သံလိုင်းတွေ တော်တော်များများမှာလည်း ကိုရီးယား၊ တရုတ်၊ အိန္ဒိယ စသည်ဖြင့်ပေါ့လေ။ ရုပ်သံဇာတ်လမ်းတွဲတွေကို စာတန်းထိုးနဲ့ ပြသနေကြတဲ့အခါကျတော့ ဒီအတတ်ပညာက အလုပ်အကိုင်အခွင့်အလမ်းတစ်ခုလို ဖြစ်လာတာပေါ့။ ဒီဟာကိုရော ပြန်ပြီး သင်ပေးတာ၊ အသိပညာမျှဝေပေးတာမျိုးလုပ်တာတွေရှိလားဗျ။**

**TSK** ။ ဘာသာပြန်တဲ့ အလုပ်ဟာ ဝါသနာအရရော စီးပွားရေး အရပါ အလားအလာ ကောင်းလာနိုင်ပါတယ်။ ပြည်တွင်း ရုပ်သံအစီအစဉ်တွေ၊ ပြည်ပရုပ်သံလိုင်းတွေ အခကြေးငွေပေးပြီး ပြသတဲ့ အင်တာနက် ရုပ်သံလိုင်းတွေမှာ ဘာသာပြန် အလုပ်တွေ ရှိပါတယ်။

CM မှာတော့ ဘာသာပြန်တဲ့ ပုံစံ တင်းကျပ်ထားတာမရှိဘဲ လွတ်လွတ်လပ်လပ် ဘာသာပြန်နိုင်ပေမယ့် အလုပ်ခွင်မှာတော့ စည်းမျဉ်းစည်းကမ်းတွေ အများကြီးရှိပါတယ်။ စကားလုံး အထားအသိုနဲ့ ဆင်ဆာဖြတ်ရတာတွေပေါ့။ ဘာသာပြန်ဆိုတာ အလုပ်အကိုင် အခွင့်အလမ်းကောင်းတစ်ခုပါပဲ။

ဘာသာပြန်တယ်ဆိုတာ English စာ ကျွမ်းကျင်မှုနဲ့ဆိုင်ပါတယ်။ တခြား ဘာသာစကားတွေရောပေါ့၊ အဲဒီလို ကျွမ်းကျင်နေမှလည်း ဒီနယ်ပယ်မှာ အလုပ်အကိုင် အခွင့်အလမ်းတွေရမှာပါ။ ဘာသာပြန်တဲ့ နည်းပညာဆိုတာလည်း ခက်ခက်ခဲခဲကြီးမဟုတ်သလို ကိုယ်တိုင်ရှာဖွေ လေ့လာနိုင်ပါတယ်။ မသိတဲ့သူတွေကိုလည်း Channel Myanmar ကို လာမေးရင် ကျွန်တော်ကိုယ်တိုင် စိတ်ရှည်ရှည်နဲ့ သင်ပေးပါတယ်။ အခကြေးငွေယူပြီး မသင်ပေးပါဘူး။

**Voice ။ ဒါကို စွန့်ဦးလုပ်ငန်းတစ်ခုလို လုပ်ကိုင်လာတဲ့ အတွေ့အကြုံအရပေါ့လေ။ ဒီလုပ်ငန်းမှာ အဓိကကြုံရတဲ့ အခက်အခဲတွေဆိုရင် ဘာတွေဖြစ်မလဲဗျ။ နောက်တစ်ခုက နောက်ပိုင်းမှာ Channel Myanmar မှာ ဘာသာပြန်သူတွေ အများကြီး တွေ့လာရတယ်။ သူတို့ကို ဘယ်လိုပုံစံမျိုး စုစည်းထားတာလဲ။**

**TSK** ။ အစောတုန်းက ပြောခဲ့သလိုပဲ CM စတည်ထောင်တဲ့ ကိုငြိမ်းစေရာအောင်နဲ့ ကိုကျော်ရဲအောင်တို့က ဝါသနာအရ အေးအေးဆေးဆေး လုပ်နေခဲ့တာ။ သူတို့အချိန်ရရင် တင်ပေးတယ် မအားရင် မတင်ပေးဘူး။

အခုတောင် နောက်ပြောင်ရင် “ကြည့်ချင်မှကြည့် ပြန်ချင်မှပြန်မယ်” ဆိုပြီး Fan တွေကို နောက်ပြောင်ပြီး စကြတယ်။ ကျွန်တော် ရောက်သွားတော့ ဝါသနာပါတဲ့ ဘာသာပြန်ချင်သူတွေကို သေချာ Online ကနေ သင်ပေးတယ်။ မြန်မာစာ လက်ကွက်မရသူကို မြန်မာစာ လက်ကွက်တောင် သေချာပြန်သင်ပေးတယ်။

ဝေးတဲ့သူတွေကို Video Call နဲ့ ရှင်းပြတာတွေ၊ Team Viewer လိုမျိုးနဲ့ ဝင်ပြီး Software တွေ Install လုပ်ပေးတာ၊ ရှင်းပြတာတွေ သေချာလုပ်ပြီး ဘာသာပြန်အဖွဲ့ Team Work ကို လုပ်ယူခဲ့တယ်။ နောက်ပိုင်း Video တည်းဖြတ်တာနဲ့ ရုပ်ရှင်တင်တာကို ကျွန်တော်တို့ ၃ ယောက်တင်မကဘဲ လုပ်နိုင်တဲ့သူတွေကို သေချာသင်ပေးပြီး Admin Team အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။

အဲ့ဒီနောက်ပိုင်း မိသားစုစိတ်ဓာတ်နဲ့ CM ဟာ အချိန် ၂ နှစ်အတွင်းမှာ နိုင်ငံတကာက မြန်မာတွေ အသိအမှတ်ပြုတဲ့ Website အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

**Voice ။ အခုအချိန်မှာ Channel Myanmar က အောင်မြင်တဲ့ ရုပ်ရှင်ဝက်ဘ်ဆိုက်တစ်ခုအနေနဲ့ ရပ်တည်နေတဲ့ အနေအထားပေါ့လေ။ ပြည်တွင်းမှာ ခုလို ရုပ်ရှင်တင်တာမျိုးမဟုတ်ပေမယ့် ရုပ်ရှင်အညွှန်းတွေပေါ့လေ။ ဒါမျိုးရေးတဲ့ စာမျက်နှာတွေလည်း အများကြီးတွေ့ရတယ်။ သူတို့တွေရဲ့ရှေ့အလားအလာကရော ဘယ်လိုသွားမယ်ထင်လဲဗျ။**



**TSK** ။ CM က အောင်မြင်တဲ့ ရုပ်ရှင်စာတန်းထိုး ဝက်ဘ်ဆိုက်တစ်ခုအဖြစ် ရပ်တည်နေခဲ့တာကလည်း Team Work ကြောင့်ပါပဲ။ ကျွန်တော်တို့ထဲက တစ်ဦးတစ်ယောက်ထဲကြောင့် မဟုတ်ဘဲ Admin နဲ့ Translator တွေ စည်းလုံးတာကြောင့်ပါပဲ။ Movie Review တွေ ရေးတင်နေတဲ့ ဝက်ဘ်ဆိုက်တွေ အများကြီးပါ။ Page တွေရောပေါ့။ အရမ်းကို ကြိုဆိုသင့်ပါတယ်။ ကိုယ်ကြည့်မယ့် ရုပ်ရှင်ကားဟာ မကြည့်ခင် ဘယ်လိုအခြေအနေမှန်း ကြိုသိရတယ်၊ ကြည့်ချင်စိတ်တွေ ဖြစ်လာအောင် ရေးနိုင်တယ်။

အရမ်းသဘောကျပါတယ် အများကြီးထဲမှာမှ သဘောကျမိတာက DatShin, Movies-we watch, we feel. လို Pro ဆန်တဲ့ Movie Review Page တွေရယ်၊ Page မရှိဘဲ ဒီတိုင်းရေးတဲ့ အထဲမှာဆို ကိုထက်ဝနတို့ကို Elvis တို့လို လူတွေ ရေးတာ အနှစ်တွေပါပဲ Follow ယူထားသင့်ပါတယ်။

သူတို့က ရုပ်ရှင်ကြည့်သူတွေကို ဂျင်းမထည့်တဲ့ Review သမား စစ်စစ်တွေပါပဲ။

**Voice ။ နောက်ဆုံးအနေနဲ့ပေါ့လေ။ Channel Myanmar လို ရုပ်ရှင်တွေ မြန်မာစာတန်းထိုးတင်တာပဲ ဖြစ်ဖြစ်၊ ရုပ်ရှင်အညွှန်းရေးကြတဲ့ စာမျက်နှာတွေပဲဖြစ်ဖြစ် ဒါတွေ ပိုပြီးတိုးတက်လာအောင်၊ ကောင်းမွန်လာအောင်ဆိုရင် ဘာတွေများ အကြံပြုဖို့ရှိမလဲဗျ။**

**TSK** ။ Channel Myanmar အောင်မြင်လာတာရဲ့ အဓိကအချက်တွေက Movie Quality ကောင်းရမယ်ပေါ့။ ဘာသာပြန်ကတော့ အပျော်တမ်းလို့ ဝန်ခံထားတဲ့အတွက် အဆိုးဝါးဆုံးမဖြစ်အောင် စိစစ်ပြီး အကောင်းမွန်ဆုံး ဘာသာပြန်တင်ဆက်ပေးပါတယ်။ နောက်တစ်ချက်က ရုပ်ရှင်တွေကို ကျွန်တော်တို့ ကြည့်တယ်။ ပြီးရင် အဲ့ဒီ ရုပ်ရှင်ကို ခံစားတယ်၊ ရသမြောက်အောင် ဘာသာပြန်ပေးတယ်။ ပြီးရင် ရုပ်ရှင်ကြည့်တဲ့ ဘာသာပြန်တွေ လက်ထဲကိုရောက်တယ်။ စေတနာတွေပါသွားတယ်၊ လူကြိုက်များလာတယ်၊ အောင်မြင်လာပါတယ်။

အောင်မြင်မှုနောက်ကို ကျွန်တော်တို့ မလိုက်ပါခဲ့ဘဲ ဝါသနာနဲ့ စေတနာ နောက်ကိုသာ ကျွန်တော်တို့ လိုက်ခဲ့ပါတယ်။ တခြား မြန်မာစာတန်းထိုး ရုပ်ရှင်ဝက်ဘ်ဆိုက်တွေသည်လည်းပဲ သူတို့ ဘာသာအောင်မြင်တဲ့ လမ်းကိုရွေးချယ်နိုင်မှာမဟုတ်ဘဲ ပရိသတ်ကသာ ရွေးချယ်ပို့ဆောင်ပေးသွားမှာပါ။

ကျွန်တော်တို့ ကိုယ်တိုင်တောင် အမှားတွေရှိနေပါသေးတယ်။ ပိုပြီး ကြိုးစားနေရပါသေးတယ်။ တခြားသူတွေကို ဝေဖန်ထောက်ပြပေးဖို့ အကြံပြုပေးဖို့ မပြည့်စုံသေးပါဘူး။ ကျေးဇူးတင်ပါတယ်။

■ မောင်မန်း

The VOICE Daily
Tuesday, July 10, 2018

# PERSPECTIVE

**နိုင်ငံတော်အစိုးရအနေနှင့်လည်း တိုင်းပြည်တွင် ဖြေရှင်းရန် အာရုံများပြားစွာနှင့် ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲနေသော်လည်း စီးပွားရေးကျဆင်းမှုနှင့်အတူ ပြည်သူများ စီးပွားရေးကျပ်တည်းမှုကိုတော့ ဦးစားပေး စဉ်းစားဖြေရှင်းသင့်ပါသည်။ မည်သို့မည်ပုံဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်မည်ဆိုသည့် တင်ပြချက်မျိုးအပေါ် အခြေခံ၍ လက်တွေ့ မြန်မာ့စီးပွားရေး အခြေအနေနှင့်ကိုက်ညီသော Decision Making မျိုး ဖြစ်သင့်ပါသည်။**

**မြန်မာ**လူမျိုးများ မဖြစ်မနေစားရသည့်ဆန်ဈေးနှုန်းက တစ်ပြည်ပျမ်းမျှ ၄၀၀ ကျပ်ခန့်တက်သွားသည်။ ကြက်ဥတစ်လုံးက ၁၄၀ ကျပ်နှင့် ၅၀၀ ကျပ်ဖိုး လေးလုံးပင် မရချင်။ ခရမ်းချဉ်သီးတစ်ပိဿာ ၂၀၀၀ ကျပ်၊ ကန်စွန်းရွက်တစ်စည်းပင်လျှင် ၁၀၀ ကျပ်ဖြစ်နေပေပြီ၊ ဂေါ်ဖီတစ်ထုပ်တောင် ၇၀၀ ကျပ်ဆိုတော့။

ပြည်သူများ၏ စီးပွားရေးနှင့် အခြေခံအကျဆုံးစားဝတ်နေရေး အသင့်အတင့်ချောင်လည်ရန်တော့ ဦးစားပေးရမည်ထင်ပါသည်။ ကုန်ဈေးနှုန်းက ယခင်ကတည်းက ကျသည်ဟူ၍မရှိ။ တဖြည်းဖြည်း တရိပ်ရိပ်တက်နေသည်သာ။ ယခုလတ်တလော ကုန်ဈေးနှုန်းတက်မှုကတော့ မြန်မာငွေကြေးဖောင်းပွမှုနှင့် ပြည်တွင်းဒေါ်လာငွေလဲလှယ်နှုန်း ရုတ်တရက်တက်လာမှုနှင့် ဆက်စပ်နေသလား။ အမေရိကန်ပြည်တွင်း စီးပွားရေးဦးစားပေး ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ ကုန်သွယ်ရေးစစ်ပွဲတာစူနေမှု၊ ကမ္ဘာ့စီးပွားရေးဈေးကွက်အခြေအနေက အမေရိကန်ဒေါ်လာခိုင်မာမှုသို့ တွန်းပို့နေသလို မြန်မာငွေတန်ဖိုးကျဆင်းလာမှုကလည်း ဒေါ်လာများစွာ လိုအပ်နေသော မြန်မာနိုင်ငံအတွက် ကုန်ဈေးနှုန်းရုတ်ခြည်းတက်လာမှု၏ အဓိကလက်ညှိုးထိုးစရာလိုဖြစ်နေသည်။ အမေရိကန်ဒေါ်လာပြင်ပပေါက်ဈေး ဇူလိုင် ၉ ရက်စာရင်းအရ ဝယ်ဈေး ၁၃၉၈ ကျပ်ရှိနေပြီဖြစ်သည်။

လက်ရှိတိုင်းပြည်စီးပွားရေးတုံ့နှေးနေမှုအပေါ် နိုင်ငံတကာ စီးပွားရေးအခြေအနေဂယက်က ပိုမိုဆိုးရွားစေပြီး တိုင်းပြည်စီးပွားရေး ကိုယ်ခံအားကျဆင်းနေမှုက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နိုင်သည့်အတွက် အထူးဂရုပြုရန် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းပြုလုပ်ခဲ့သော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ညီလာခံတွင်လည်း စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ငြိမ်းချမ်းရေးဆောင်ရွက်မှုကဲ့သို့ စီးပွားရေးကဏ္ဍကို ထိပ်ဆုံးဦးစားပေးအဖြစ် သတ်မှတ်သင့်ကြောင်းကိုအစိုးရက ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ကြေညာပေးရန် အပါအဝင် တိုင်းပြည်စီးပွားရေးတိုးတက်စေရေး အချက်လေးချက်ဆောင်ရွက်ရန် တင်ပြခဲ့ဖူးသလို စီးပွားရေးကို အခြားကဏ္ဍများထက်ဦးစားပေး တွန်းတွန်းတိုက်တိုက် ဆောင်ရွက်သင့်ပါသည်။

သို့သော်ယခုအစိုးရလက်ထက်မေခရိုစီးပွားရေး (Macroeconomic) အခြေအနေ တည်ငြိမ်မှုရှိနေပြီး အကျဘက်သို့ ရှေးရှုနိုင်သည့် အန္တရာယ်များရှိနေသော်လည်း အကောင်းဘက်သို့ ဦးတည်နေကြောင်း IMF မှ ခန့်မှန်းထားသည်များလည်း ရှိပါသည်။ မည်သို့ပင် အပြုသဘောမြင်ပါစေ နိုင်ငံတကာနှင့်ယှဉ်သော အန္တရာယ်များနှင့် စွန့်စားရမှုကို ထည့်တွက်ရပါမည်။ တည်ငြိမ်မှုမရှိသော ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် အင်အားကြီးနိုင်ငံများ၏ အစိုးမရသောမူဝါဒများသည် မိမိတို့ကဲ့သို့ တိုးတက်စနိုင်ငံငယ်များအပေါ်တွင် များစွာဂယက်ရိုက်ခတ်နိုင်ပြီး စီးပွားရေးမဟာဗျူဟာကို ယခုထက် ပိုမိုအသေးစိတ် ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်ကို ပြသနေပါသည်။

ဒေါ်လာလဲလှယ်နှုန်းတက်ရုံဖြင့်လည်း ဘာ့ကြောင့် ဒီလောက်ကုန်ဈေးနှုန်းတွေ တက်လာပြီး စီးပွားရေးဂယက်ထရသနည်းဆိုလျှင် ကျွန်တော်တို့ မြန်မာနိုင်ငံက ပြည်ပကတင်သွင်းလာသမျှပစ္စည်းအားလုံး အားကိုးသုံးစွဲနေရတာလည်း ပါပါသည်။ တင်သွင်းသောလူသုံးကုန်နှင့် ဇိမ်ခံပစ္စည်းများအတွက်လည်း ဒေါ်လာဖြင့်သာ ဝယ်ရသည်။ အခြေခံအဆောက်အဦတည်ဆောက်ရေးအတွက်လည်း လိုအပ်ချက်မှန်သမျှ ပြည်ပမှသာတင်သွင်းနေရသည်။ လောင်စာစွမ်းအင် လိုအပ်ချက်ကိုလည်း ဒေါ်လာဖြင့်သာ ဖြေရှင်းနေရသည်။ ယခုလို အမေရိကန်ဒေါ်လာတန်ဖိုး မြင့်လာသည့်အခါ ငွေလဲနှုန်းတက်လာပြီး ငွေကြေးဖောင်းပွမှုသို့ဦးတည်ကာ ကုန်ဈေးနှုန်းများလည်း တစ်နွယ်ငင်တစ်စင်ပါဆိုသလို လိုက်ပါတက်လာသည့်သဘော ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပို့ကုန်သွင်းကုန်အခြေအနေ ကြည့်ပြန်လျှင်လည်း ပို့ကုန်ပမာဏမြင့်တက်လာသော်လည်း သွင်းကုန်ပမာဏလည်း မြင့်တက်နေ၍ ကုန်သွယ်ရေးလိုငွေပြမှုရှိနေဆဲပင်။




အဓိကအားကိုးရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘက်ကြည့်ပြန်လျှင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုအသစ်များ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချမှုများ၊ အခွန်သက်သာခွင့်များ၊ ဥပဒေပြင်ဆင်ချက်များဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသော်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှု မျှော်မှန်းသကဲ့သို့ ဝင်မလာသေးဘဲ လျော့နည်းဆဲပင်ဖြစ်၍ ဒေါ်လာအသုံးများသလောက် ဒေါ်လာပြန်လည်ရှာဖွေရာတွင်မူ အခက်အခဲများ ရှိနေဆဲဖြစ်ပါသည်။ ဘာ့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကျ ဆင်းနေရသည်ကို အဖြေရှာရာတွင် ‘ရခိုင်ပြည်နယ်အရေးကိစ္စကို အဓိကတရားခံအဖြစ် သတ်မှတ်ပြီး ပြည်တွင်းခရီးသွားလုပ်ငန်း ကန့်သတ်ချက်များရှိလာသည်ကို’ ထောက်ပြနိုင်သလို တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး တိုးတက်မှု/ဆုတ်ယုတ်မှုလက္ခဏာများ၊ လူ့အခွင့်အရေးအခြေအနေများ၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှု အခြေအနေအပေါ် သံသယရှိနေမှုများကလည်း ရင်းနှီးမြှုပ်နှံမည့် ပြည်ပနိုင်ငံများအတွက် Risks များဖြစ်နေသည်ကို လျှော့တွက်၍မရပါ။

ယခုအခြေအနေကတော့ ဒေါ်လာဈေးလည်းတက်နေသည်။ လောင်စာဆီဈေးနှုန်းများလည်း တက်နေသည်။ အလုံးစုံဈေးနှုန်းများဆက်လက်တက်လာမည့်သဘောများ တွေ့နေရသလို မြွေပူရာကင်းမှောက်ဆိုသလို နိုင်ငံတွင် ရေကြီးရေမြုပ်မှု၊ သီးနှံစိုက်ခင်းများပျက်စီးမှု၊ သဘာဝဘေးအန္တရာယ်ကပ်ဆိုးများကလည်း စီးပွားရေးတိုးတက်မှုအတွက် ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

မြင့်တက်လာသည့်ကုန်ဈေးနှုန်း၊ စားဝတ်နေရေး မပြေလည်မှု၊ အလုပ်အကိုင်ရှားပါးမှု၊ လုပ်အားခနည်းပါးမှုနှင့် ဘဝရပ်တည်ရန် ခက်ခဲလာမှုများကြောင့် အဖိုးတန် လူငယ်စွမ်းအား အရင်းအမြစ်များ၊ ပြည်ပနိုင်ငံများသို့ အလုပ်ရှာဖွေထွက်ခွာမှုများလည်း ဆက်လက်မြင့်တက်လာမှုနှင့်အတူ မတည်မငြိမ်မှုများ ဖြစ်လာနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ စီးပွားရေးတွင် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်အကန့်အသတ်ဖြင့် ရှိနေသော်လည်း စည်းလုံးညီညွတ်မှု၊ ပညာဉာဏ်အမြော်အမြင်၊ စိတ်ရှည်သည်းခံမှုများ၊ ပူးပေါင်းညှိနှိုင်းမှုများဖြင့် ရင်ဆိုင်ဖြေရှင်းရမည်သာဖြစ်ပါသည်။

အစိုးရအနေနှင့် မှန်ကန်သော မူဝါဒချမှတ်နိုင်ရန်၊ တကယ့်အခြေအနေမှန်ကိုသိရန်၊ မြေပြင်တွင် လေ့လာသုံးသပ်အဖြေရှာဖို့လိုသလို မူဝါဒများသည်လည်း ပွင့်လင်းမြင်သာဖို့လိုပါသည်။ ဒုက္ခရောက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက်ဆိုလျှင်လည်း မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံ အကူအညီပေးလျှင်ဖြင့် အောင်မြင်နိုင်မည်ကို လေ့လာသုံးသပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအပေါ် မှီခိုနေရသည့် ဝန်ထမ်းမြောက်မြားစွာ၏ စားဝတ်နေရေးကို ဖြေရှင်းပေးရာရောက်ပါသည်။ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် အမျိုးသားအကျိုးစီးပွားနှစ်ခုကြား ချိန်ဆပြီး အဖြေရှာနိုင်ရန် လိုအပ်ပါသည်။ ဘဏ်များနှင့် ပတ်သက်လာလျှင် ဘဏ်လုပ်ငန်းသဘောတရားများကို အခြားတိုးတက်သော အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံအချို့၏ ဆောင်ရွက်ပုံကို အတုယူ လေ့လာသင့်ပါသည်။ နိုင်ငံတော်အစိုးရအနေနှင့်လည်း တိုင်းပြည်တွင် ဖြေရှင်းရန် အာရုံများပြားစွာနှင့် ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲနေသော်လည်း စီးပွားရေးကျဆင်းမှုနှင့်အတူ ပြည်သူများ စီးပွားရေးကျပ်တည်းမှုကိုတော့ ဦးစားပေး စဉ်းစားဖြေရှင်းသင့်ပါသည်။ မည်သို့မည်ပုံ ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်မည်ဆိုသည့် တင်ပြချက်မျိုးအပေါ် အခြေခံ၍ လက်တွေ့မြန်မာ့စီးပွားရေးအခြေအနေနှင့်ကိုက်ညီသော Decision Making မျိုး ဖြစ်သင့်ပါသည်။ ဆရာဝန်တစ်ယောက် လူနာတစ်ဦးအား ခွဲစိတ်ကုသရမှ အသက်ရှင်မည်ဖြစ်၍ အကြီးစားခွဲစိတ်မှုတစ်ခု မဖြစ်မနေပြုရတော့မည်ဆိုလျှင် ထိုလူနာတွင် သွေးတိုး၊ ဆီးချို ရှိ/မရှိ ချိန်ဆရသလို မှန်ကန်မြန်ဆန်စွာ ဆုံးဖြတ်ချက်ချပြီး အသက်ကယ်နိုင်ဖို့ အရေးတကြီး ကုသဆောင်ရွက်ရသကဲ့သို့ ဖြစ်ပါသည်။

ပြည်သူများ၏ စီးပွားရေးနှင့် စားဝတ်နေရေးကိုတော့ ဦးစားပေးစောင်းငဲ့ကြည့်ဖို့တော့ အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။ စီးပွားရေးကို ဥပေက္ခာမပြုခြင်းသည် အစိုးရနှင့်နိုင်ငံကိုပင် ပြန်လည် ဒုက္ခရောက်စေမည့်အရေးမှလည်း ကယ်တင်ရာရောက်ပါမည်။ အခြားကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းသကဲ့သို့ ‘စီးပွားရေး နာလန်ပြန်လည်ထူထောင်ရေးနှင့် ကုန်ဈေးနှုန်းကျဆင်းရေးကော်မတီ’ ကဲ့သို့သော ကော်မတီမျိုးဖွဲ့စည်းရန် လိုအပ်မည်လား၊ အမြင့်ပျံတက်ချင်နေတဲ့ မိုးပျံပူဖောင်းကို ခဲဆွဲထားသလို ဖြစ်နေသလားဆိုသည်ကိုတော့ တွေးတောကြည့်မိပါတော့သည်။ ■**မိုးကေနိုင်**

(၁)

လွန်ခဲ့သောလက ဘေဂျင်းသို့ ကျွန်တော်ရောက်ခဲ့ပါသည်။ ဘေဂျင်းမြို့သို့ရောက်လျှင် ဂူးဂဲလ်၊ ဖေ့စ်ဘွတ်ခ်နှင့် အူဘာ (Google, Facebook, Uber) တို့ကို သုံး၍မရနိုင်ကြောင်း သိပါသည်။ ကျွန်တော်သည် အပြင်မှာ သုံးစွဲရသည့်အရာများ တရုတ်ပြည်မှာ မရနိုင်ဆိုခြင်းမှာ ထူးဆန်းနေသည်။ တရုတ်တို့က စိတ်အနှောင့်အယှက်ဖြစ်ဟန်မတူ၊ သူတို့သည် သူတို့နိုင်ငံမှ လုပ်သည့် Baidu ကို ဂူဂဲလ်အစားနှင့် ဆိုရှယ်မီဒီယာအတွက် 'Wechat' သုံးမည်၊ တက္ကစီငှားလိုပါလျှင် 'Didi' ကိုသုံးမည်၊ သတင်းတွေဖတ်လိုလျှင် Toutiao ကိုသုံးမည်၊ ဘေဂျင်းတွင်လုပ်သမျှကို အစိုးရကစောင့်ကြည့်နေမည်ဆိုခြင်းကိုသိပါသည်။ ဤအလုပ်ကို ပုံမှန်လုပ်နေကျ အလုပ်တစ်ခုသဖွယ် သဘောထားကြပါသည်။

(၂)

တရုတ်အစိုးရအနေနှင့် သူတို့နိုင်ငံသားများအတွက် မိမိကိုယ်ပိုင်တံဆိပ် (Brand) ဖြင့်သာ သုံးစွဲခွင့်ပေးခဲ့ပါသည်။ လွတ်လပ်ခွင့် (Privacy) ဆိုသည်မှာမရှိ၊ သူတို့၏ တကယ့်ရည်ရွယ်ချက်မှာ သူတို့တံဆိပ်ကို တရုတ်ပြည်၌သာမက တစ်ကမ္ဘာလုံးစိုးမိုးရန် ရည်ရွယ်ရင်းပင်ဖြစ်သည်။ အမေရိကန်နှင့် အပေါင်းအပါတို့ကလည်း တရုတ်တို့ကြီးစိုးမည့်အရေးကို အစွမ်းကုန်ကာကွယ်ကြမည်ဖြစ်သည်။

သမ္မတထရမ့်မှာ ထိုစစ်ပွဲတွင် အမေရိကန်နိုင်ငံကို ဦးဆောင်နိုင်ဖွယ်မရှိ၊ သူမကြာခင်က သတ်မှတ်လိုက်သော သံမဏိနှင့် အလူမီနီယမ်တို့အပေါ် တင်းကျပ်အခွန်ကောက်ခံမည့် စီမံကိန်းကို တရုတ်ပြည်သာမက မိတ်ဆွေနိုင်ငံဖြစ်သည့် ကနေဒါနှင့် ဂျာမနီအပါအဝင် ဥရောပကောင်စီနိုင်ငံများက ဆန့်ကျင်လျက်ရှိသည်။ သို့သော် သံမဏိအပေါ် အခွန်ကောက်ခြင်းမှာ ဖြစ်ပွားဖွယ်ရှိသော တရုတ်နှင့်ကုန်သွယ်ရေးစစ်ပွဲနှင့်စာသော် ဘာမှအရာမရောက်သည့်ကိစ္စဖြစ်သွားသည်။ ရေရှည်တွင် မည်သည့်နိုင်ငံက စီးပွားရေးတွင်ကြီးစိုးမည်ကို စက်မှုစွမ်းအား (Technology) က အဆုံးအဖြတ်ပေးပါလိမ့်မည်။ တိုင်းပြည်တစ်ခုတွင် လူတို့၏လုပ်အားနှင့် ရင်းနှီးငွေသည် ဂျီဒီပီ GDP ၏ ၂၀ ရာခိုင်နှုန်းမျှသာရှိပြီး ကျန် ၈၀ ရာခိုင်နှုန်းမှာ စီးပွားရေးတိုးတက်မှုဘက်မှဖြစ်သည်။ ထုတ်ကုန်တိုးမြှင့်ရေးအတွက် စက်မှုအားကို အဘယ်မျှသုံးနိုင်မည်ဆိုသည့်အပေါ်တွင် မူတည်ပါသည်။

တရုတ်ပြည်၏ ရည်မှန်းချက်များတွင် သူတို့လူနေမှုအဆင့်အတန်းကို အနောက်နိုင်ငံတို့သို့ အမီလိုက်ရန်တစ်ခု အပါအဝင်ဖြစ်သည်။

လူပေါင်းများစွာက တရုတ်၏ထုတ်ကုန်အပေါ်တွင် အခွန်ကောက်ခံဖို့အရေးကို ရှုတ်ချနေကြသော်လည်း တရုတ်ပြည်အပေါ်တွင် ဒေါ်လာ ၆၀ ဘီလီယံမျှ အကောက်ခွန်ကိုချမှတ်သောအခါ ဝမ်းသာနေကြသည်။ အကယ်၍ တရုတ်ပြည်က တန်ပြန်အကောက်ခွန်ကို သတ်မှတ်ပါလျှင် နောက်ထပ် ၂၀၀ ဘီလီယံ တိုးချမည်ဟုလည်း ခြိမ်းခြောက်ထားသည်။ ထိုအတောအတွင်း တရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် အမေရိကန်တို့နှင့် စက်မှုဆိုင်ရာ ဗဟုသုတများကို တရုတ်ပြည်သို့ တင်ပို့ခြင်းကိုလည်း သေချာစိစစ်နေသည်။

မစ္စတာထရမ့်က သူသမ္မတ မဖြစ်မီကတည်းက စတင်နေခဲ့သော ကုန်သွယ်ရေးစစ်ပွဲကို ပိုမိုကျယ်ပြန့်အောင်၊ အရှိန်အဟုန်ရအောင် ဆောင်ရွက်နေသည်။ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းပြီးကတည်းက နိုင်ငံများမှာ နယ်စပ်ကိုကျော်ဖြတ်၍ ကူးသန်းရောင်းဝယ်ရေးအတွက် ကုန်စည်နှင့် ငွေကူးသန်းခြင်းနှင့် လူဖြတ်သန်းခြင်း (Immigration)တို့ကို အတားအဆီးများ ပြုလုပ်ကြသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ ချန်ပီယံများက နိုင်ငံတို့၏ နယ်နိမိတ်များပြိုကျပျက်စီးရမည်ဟု နိမိတ်ဖတ်နေချိန်တွင် တရုတ်ပြည်က သမ္မတထရမ့်၏ တရုတ်ပြည်နှင့် ပတ်သက်လျှင် တင်းမာသောသဘောထားမှာ ပြောင်းပြန်ဖြစ်နေသည်။

အနောက်နိုင်ငံများက တရုတ်နိုင်ငံသည် တရားမဝင်သော နည်းလမ်းများဖြင့် အနောက်နိုင်ငံများကို အမီလိုက်လာနေသည်။ တရုတ်ပြည်တွင် ရင်းနှီးမြှုပ်နှံရန် ရောက်ရှိလာသောကုမ္ပဏီများကို သူတို့၏အတတ်ပညာများ အတင်းသုံးခိုင်းသည်။ သူတို့၏သတင်းခိုးယူသူများက (Hacker) များက အတတ်ပညာကိုခိုးယူသည်။ ၁၉ ရာစုနှစ်က အမေရိကားသည်လည်း အင်္ဂလန်နိုင်ငံမှ နည်းပညာကို ကူးချဖူးသည်။ ဂျပန်နိုင်ငံ၏ တိုးတက်လာပုံမှာလည်း အမေရိကန်တို့၏ လုပ်ပုံကိုင်ပုံကို ကူးချခြင်းပင်ဖြစ်သည်။ ကူးယူပုံခြင်းတူသော်လည်း တရုတ်တို့လုပ်ကြသည်မှာ ပို၍ကြောက်စရာကောင်းသည်။




**စီးပွားရေး ကပ်ဆိုက်ပြီဆိုလျှင် အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့တွင် တင်ရှိသောကြွေးက များပြားလှပါသည်။ ဤသို့ဆိုလျှင် ထိုအစိုးရများအနေဖြင့် စီးပွားရေးကပ်မှလွတ်မြောက်ရန် မလွယ်ကူလှပါ။ ဤကဲ့သို့အခြေအနေမျိုးတွင် ကိုယ်ကျိုးစီးပွားကိုကာကွယ်ခြင်း (Protectionism) တစ်ခုသာ လုပ်စရာရှိပါသည်။ မိမိအကျိုးကိုကာကွယ်ရန်အတွက် နိုင်ငံတွင်းဝင်လာမည့် ကုန်ပစ္စည်းအပေါ် အခွန်စည်းကြပ်ခြင်းကိုသာ လုပ်နိုင်ကြပါသည်။ ဤသို့ဖြင့် အမြော်အမြင်ကြီးသူများကချမှတ်ထားခဲ့ကြသော (Free Trade) နှင့် ဆန့်ကျင်သော အရာများသာ ဆက်တိုက်ဖြစ်လာရန် ရှိပါသည်။**

ဘေဂျင်းသည် ဂူဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်ကို နိုင်ငံတွင်းသို့ အဝင်မခံ၊ (Uber) ကိုလည်း မတရားသောနည်းများဖြင့် ဖိအားကိုသုံးလျက် ပြည်တွင်းကုမ္ပဏီတစ်ခုသို့ ရောင်းချရသည်။ Amazon ကို တရုတ်ပြည်မှထွက်ခွာသွားအောင် ဖိအားပေးသည်။ Chip Maker မာခရွန်ကို တရုတ်ပြည်အတွင်း သူတို့ Chip များကို မရောင်းရဟု တားမြစ်ထားသည်။ ပြည်တွင်းဈေးကွက်မှငွေကို ပြည်ပသို့ထွက်မသွားရအောင်လုပ်သည်။ ပြည်တွင်းကုမ္ပဏီများကို နိုင်ငံခြားတိုင်းပြည်များသို့ လုပ်ငန်းသဘာဝ ကျယ်ပြန့်အောင် ဆောင်ရွက်ပေးသည်။

ယမန်နှစ်က ပုလဲဆိပ်ကမ်းကို 'Greater Bay Area' ဟု နာမည်ပေး၍ ရှမ်းဇန်း ကံတုံမြို့နှင့် ဟောင်ကောင် (Shenzhen, Guangzhou) တို့ကို အမေရိကန်နိုင်ငံမှ အီလီကွန်တောင်ကြားနှင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးစားမည်ဟု ကြေညာထားသည်။

တစ်ချိန်က Made in China သည် ခေတ်စားခဲ့သော်လည်း ယခုအခါ 'တရုတ်ပြည်တွင် ဖန်တီးသည်' (Create in China) ဆိုသောစကားဖြင့် အစားထိုးရန်ကြံစည်နေသည်။ တရုတ်ပြည်တွင် ယခင်က နေရာအနှံ့မှထုတ်လုပ်လိုက်သောပစ္စည်းကို တစ်နေရာတွင် ပြန်လည်တပ်ဆင်ပြီး ရောင်းချရသည်။ ယခုအခါ တစ်နေရာတည်းတွင် ပစ္စည်းသစ်များကို တီထွင်ဖန်တီးထုတ်လုပ်ခြင်းဖြင့် ရှမ်းဇန်းပြည်နယ်သည် ဆီလီကွန်တောင်ကြားထက် ပိုမိုကောင်းမွန်သောအရာများကို ထုတ်လုပ်နိုင်သည်ဟူ၍ ပြောနေကြသည်။

ကမ္ဘာတွင် ငွေကြေးတောင့်တင်းသော အင်တာနက်ကုမ္ပဏီ ၂၀ အနက် ၁၁ ခုမှာ အမေရိကန်မှဖြစ်ပြီး ၉ ခုမှာ တရုတ်ပြည်မှ ဖြစ်သည်။ တရုတ်ပြည်တွင် လွန်ခဲ့သော ၅နှစ်က အင်တာနက်ကုမ္ပဏီ ၂ ခုသာ ရှိသည်။ အလီဘာဘာနှင့် Tencent တရုတ်ကုမ္ပဏီနှစ်ခုမှာ အသုံးပြုသူ ပြည်တွင်းမှ ၉၀ ရာခိုင်နှုန်းရရှိပြီး ဂူဂဲလ်၊ ဖေ့စ်ဘွတ်ခ်တို့၏ ၁၀ ရာခိုင်နှုန်းသာ အမေရိကန်နိုင်ငံအတွင်းမှ ဖြစ်သည်ကို တွေ့ရှိနိုင်သည်။ တရုတ်တို့က ဤမျှနှင့် အားမရနိုင်ဘဲ ပိုမိုကျယ်ပြန့်လာစေရန်အား ထုတ်လျက်ရှိသည်။

ထရမ့်အစိုးရက တရုတ်ပြည်ကုမ္ပဏီများ၏ နယ်ပယ်ခံ အင်အားချဲ့ထွင်ခြင်းကို တားမြစ်လိုသည်။ မကြာမီက မန်းနီးဂရမ် (Money Gram) ခေါ် ငွေလွှဲကုမ္ပဏီကို တရုတ်ပြည်မှဝယ်ယူရန် ကြိုးစားခြင်းကို (Block) တားမြစ်ထားသည်။ Chip များပြုလုပ်သော Qualcomm ကို Broadcomm က ဝယ်ယူရန် အစီအစဉ်ကိုလည်း ခွင့်မပြုပေ။

ထရမ့်က တရုတ်တယ်လီကွန်ကုမ္ပဏီ ZTE သို့ ကုန်ပစ္စည်း မရောင်းချရန် (Supplier) ပိတ်ပင်လိုက်သောအခါ ZTE က အမေရိကန်ပြည်မှ အဓိကကျသောပစ္စည်း မရရှိနိုင်သည့်အတွက် စက်ရုံကို ပိတ်ရတော့သည်။ ထရမ့်က ZTE အပေါ်ချမှတ်ထားသည့် တားမြစ်ချက်ကိုဖယ်ရှားရန် ZTE က ဒေါ်လာ ၅ ဘီလီယံ ဒဏ်ကြေးပေးရန်နှင့်၊ အဓိကအုပ်ချုပ်မှုကော်မတီလူကြီးများကို ထုတ်ပစ်ရမည်ဟုတောင်းဆိုသည်။ ထရမ့်က ထိုအကြောင်းကို ကွန်ဂရက်သို့ တင်ပြသောအခါ ကွန်ဂရက်က သဘောမတူခဲ့ပေ။

ထရမ့်၏လိုအပ်ချက်များမှာ Financial Technology နှင့် AI-Artificial Inteligence ဘက်တွင် တရုတ်ပြည်သို့ စက်မှုပစ္စည်း တင်ပို့ခြင်းနှင့် အမေရိကန်ပြည်မှ ရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ရန်ဖြစ်သည်။ အလားတူ ဂျာမနီက တရုတ်ပြည်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံခြင်းကို ကန့်သတ်ပြီး ဩစတြေးလျက တရုတ်တို့၏ 5G Technology ကို ပြည်တွင်းသို့အဝင်မခံရန် စဉ်းစားနေသည်။

ရုရှား၊ ဘရာဇီးနှင့် အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံအတွင်း ပြည်သူများသုံးသော Server များကို နိုင်ငံတွင်းတွင် ထားရမည်ဟူသော ဥပဒေကို ချမှတ်ခဲ့သည်။ သို့မှသာ ထိုဆာဗာများ၏ အလုပ်လုပ်ရမှုများကို စောင့်ကြည့်ရန် ထိန်းချုပ်ရန် လွယ်ကူမည်ဖြစ်သည်။ ကာတာ၊ အီရန်၊ ယူအေအီးနှင့် အခြားနိုင်ငံအများအပြားမှာ နိုင်ငံခြားတွင် သုံးသည်။ WhatsApp နှင့် ဗိုက်ဗာ (Viber) တို့ကို တားမြစ်ထားသည်။

စီးပွားရေး ကပ်ဆိုက်ပြီဆိုလျှင် အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့တွင်တင်ရှိသောကြွေးက များပြားလှပါသည်။ ဤသို့ဆိုလျှင် ထိုအစိုးရများအနေဖြင့် စီးပွားရေးကပ်မှလွတ်မြောက်ရန် မလွယ်ကူလှပါ။ ဤကဲ့သို့အခြေအနေမျိုးတွင် ကိုယ်ကျိုးစီးပွားကို ကာကွယ်ခြင်း (Protectionism) တစ်ခုသာလုပ်စရာရှိပါသည်။ မိမိအကျိုးကိုကာကွယ်ရန်အတွက် နိုင်ငံတွင်း ဝင်လာမည့်ကုန်ပစ္စည်းအပေါ် အခွန်စည်းကြပ်ခြင်းကိုသာ လုပ်နိုင်ကြပါသည်။ ဤသို့ဖြင့် အမြော်အမြင်ကြီးသူများက ချမှတ်ထားခဲ့ကြသော (Free Trade) နှင့် ဆန့်ကျင်သောအရာများသာ ဆက်တိုက်ဖြစ်လာရန် ရှိပါသည်။ ရင်းနှီးမြှုပ်နှံသူများ ကုန်ထုတ်လုပ်သူများ ကြောက်ကြသည်မှာ ကုန်သွယ်ရေးစစ်ပွဲ ဖြစ်မှာကိုပဲဖြစ်ပါသည်။

(၃)

ထရမ့်၏အစိုးရက သောကြာနေ့ (ဇူလိုင် ၆ ရက်)နေ့က တရုတ်ပစ္စည်း ၃၄ ဘီလီယံပေါ်တွင် အခွန်စကောက်ပြီဖြစ်ရာ တရုတ်က လက်တုံ့ပြန်မည့်အရေးကို စောင့်ရန်သာရှိတော့သည်။ လူအများကမူ ကုန်သွယ်ရေးစစ်ပွဲစပြီဟု ပြောဆိုနေကြသည်။

■ **ကိုသန်းလွင်**

Ref: The coming Tech Battle with China, Ruchir Sharma New York Times June 28 2018

# အစွန်းရောက် ဉုံရှင်ရီကျိုဂိုဏ်း၏နိဂုံး

ဉုံရှင်ရီကျိုဂိုဏ်းသားအဖွဲ့ဝင် ၇ ဦးအား ဇူလိုင်လ ၆ ရက်နေ့က ကွပ်မျက်စီရင်ပြီးခဲ့ကြောင်း ဂျပန်နိုင်ငံမှ တာဝန်ရှိသူများက တရားဝင်ထုတ်ပြန် ကြေညာလိုက်သည်။ သူတို့ကို ၁၉၉၅ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြေအောက် ဘူတာရုံတွင် ခရီးသွား ပြည်သူအများအား အဆိပ်ဓာတ်ငွေ့ဖြင့် လုပ်ကြံသတ် ဖြတ်ရာတွင် ပတ်သက်နေသူများအဖြစ် နှစ်ပေါင်းများစွာ ဖမ်းဆီးချုပ်နှောင်ထားပြီးမှ အဆုံးစီရင်ပြီး ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည့်သတင်းမှာ နိုင်ငံ တကာသတင်းတွင် စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။

ဉုံရှင်ရီကျိုဂိုဏ်း၏ ခေါင်းဆောင်ကြီးမှာ ရှိုကိုအဆာဟာရဖြစ်သည်။ သူ့အမည်ရင်းက ချီဇို မတ်ဆုမိုတိုဖြစ်ပြီး ယခုလို မကွပ်မျက်မီ ထောင်ထဲတွင် ၂၂ နှစ်မျှ နေထိုင်ခဲ့ရသည်။ လူဒါဇင်နှင့် ချီ သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဒဏ်ရာအနာတရဖြစ်ခဲ့မှုတွင် သူသည် တာဝန်အရှိဆုံး ဆရာကြီးတစ်ဦးဖြစ်သည်။

ဉုံရှင်ရီကျို ဂိုဏ်းဝင် ၁၂ ဦးကို တိုကျိုမြေအောက်ဘူတာရုံ တိုက်ခိုက်မှုဖြင့် သေဒဏ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ဂိုဏ်းဆရာကြီး အဆာဟာရ၏ သေဒဏ်ကို ၂၀၀၄ ခုနှစ်က သတ်မှတ်ပြီးဖြစ်သော်လည်း တရားရုံးတွင် အမှုကို အချိန်ဆွဲပြီး ပြန်လည်စစ်ဆေးနေသဖြင့် နောက်ထပ် ၁၂ နှစ်အကြာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့မှ အပြီးသတ် အဆုံးစီရင်နိုင်ခဲ့ကြောင်း NHK သတင်းတွင် ထုတ်ပြန်ခဲ့သည်။

ထိုအမှုကို အပြီးသတ်စီရင်ခြင်းအား ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းကတည်းက ပြုလုပ်ခဲ့သည်။ သေဒဏ်ပေးခြင်းကို ကန့်ကွက်နေသူများကြားက ဂျပန်အစိုးရသည် ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။ မကြာမီက သေဒဏ်စီရင်ခြင်း ခံရသည့် ၇ ဦးမှာ ဂိုဏ်းဆရာကြီး အဆာဟာရအပြင် တိုမိုမာဆာ နာကာဂါဝါ၊ တိုမိုမစ်ဆူ နီအိမီ၊ ကီယိုဟီဒဲ ဟာယာကာဝါ၊ ယိုရှိဟီရို အီနိုအီ၊ ဆိအိချိအန်ဒိုနှင့် မာဆာမီ ဆုချီယာတို့ဖြစ်ကြောင်း ဂျပန်တရားရေးဝန်ကြီး ယိုကိုကာဝါကာမီကပြောကြားသည်။

ဂျပန်နိုင်ငံတွင် သေဒဏ်စီရင်ခြင်းကို လျှို့ဝှက်စွာလုပ်ဆောင်လေ့ရှိသည်။ သေဒဏ်စီရင်မည်ကို အကျဉ်းသား များအားလည်းကောင်း၊ မိသားစုအားလည်းကောင်း၊ တရားရေးမှ တာဝန်ရှိသူများအားလည်းကောင်း ကြိုတင် ပြောကြားလေ့မရှိဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

အဆာဟာရသည် ဉုံရှင်ရီကျိုဂိုဏ်းကို ၁၉၈၄ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။ တည်ထောင်ပြီး စမှာပင် သူ့ကို ယုံကြည်ကိုးကွယ်သူ ထောင်ချီပြီးရှိလာခဲ့သူဖြစ်သည်။ သူက ကမ္ဘာပျက်ကိန်းရှိကြောင်း ကြိုတင် ဟောကိန်းထုတ်ခဲ့ရုံမက၊ အမေရိကန်တို့သည် ဂျပန်နိုင်ငံကို အဏုမြူဗုံးများဖြင့် ထပ်မံတိုက်ခိုက်ခြင်းကြောင့် လူတွေသေဆုံးပြီး ဂျပန်ကျွန်းသည် နျူကလီးယားဒဏ်သင့်သည့် စွန့်ပစ်နယ်မြေတစ်ခုဖြစ်သွားနိုင်ကြောင်း ဟောပြောခဲ့သူလည်းဖြစ်သည်။ ထို့ပြင်သူသည် အစဉ်အလာ ဘာသာရေးအယူအဆများကို ခေတ်သစ်ဗျူဟာများနှင့် ပေါင်းစပ်ပြီး တီထွင်ခဲ့သဖြင့် လူပေါင်းများစွာ စိတ်ဝင်စားပြီး ကိုးကွယ်ယုံကြည်ခြင်း ခံရသူလည်း ဖြစ်သည်။

ဉုံရှင်ရီကျိုဂိုဏ်းသည် တိုးတက်ထွန်းကားလာပြီးနောက် ဘာသာကိုးကွယ်သူတို့ကိုဦးနှောက်ဆေးခြင်း လုပ်ငန်းများအား စတင်လုပ်ဆောင်လာခဲ့သည်။ ထို့ပြင် သူတို့ဂိုဏ်းကိုပါ ကမ္ဘာက အာရုံစိုက်လာစေရန်အတွက် ၁၉၉၅ ခုနှစ် မတ်လတွင် တိုကျိုမြေအောက်ဘူတာရုံကို တိုက်ခိုက်ပြလိုက်ခြင်းဖြစ်သည်။ လူအလွန်စည်ကားသည့် ရုံးချိန်အတွင်း၌ ဘူတာအတွင်း အဆိပ်ငွေ့များလွှတ်ကာ တိုက်ခိုက်ခဲ့ခြင်းကြောင့် လူ ၁၃ ဦး သေဆုံးပြီး ၅၅၀၀ ခန့် ဒဏ်ရာရခဲ့ကြသည်။ အဆာဟာရနှင့် တပည့်တစ်ဒါဇင်ခန့်ကို တစ်နိုင်ငံလုံးတွင် တစ်လအတွင်း ဝင်ရောက် ဖမ်းပြီး စစ်ဆေးခဲ့သည်။

၁၉၉၅ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် တိုကျိုမြေအောက်ဘူတာကို တိုက်ခိုက်ရန် ဉုံရှင်ရီကျိုဂိုဏ်းသားများက စနစ်တကျ ပြင်ဆင်ထားကြခြင်းဖြစ်သည်။ ဘူတာတွင် လူအစည်ကားဆုံအချိန်၌ ဂိုဏ်းသားများသည် လူအုပ်ထဲ ရောဝင်လိုက်ကြသည်။ သူတို့ထံတွင် အဆိပ်ငွေ့များကို ထည့်ထားသည့် ပလတ်စတစ်အိတ်များကို သယ်ဆောင်လာကြသလို ထီးများကိုလည်း ကိုင်ဆောင်လာကြသည်။ ထီးများ၏ထိပ်ကို ချွန်ထားသည်။ ဘူတာထဲကို ရထားဝင်လိုက်ချိန်တွင် ပလတ်စတစ်အိတ်များကို ထီးများဖြင့် ထိုးဖောက်ပြီး ဂိုဏ်းသားများက အပြင်ကို ပြေးထွက်ကာ အသင့်စောင့်နေသည့် ကားများပေါ်တက်သွားကြသည်။ အလွန်ပြင်းထန်သည့် အဆိပ်များ ဖြစ်သဖြင့် ရှူမိသူတိုင်း လဲကျကုန်ကြသည်။

အဆိပ်ငွေ့ရှူမိသူတိုင်း အသက်ရှူခက်သဖြင့် အရေးပေါ်ကယ်ဆယ်မှုများကို ဘူတာဝန်းကျင်တွင်ပင် ချက်ချင်း လုပ်ဆောင်ကြရတော့သည်။ ရဲတပ်ဖွဲ့၊ မီးသတ်၊ လူနာတင်ယာဉ်များ ချက်ချင်းရောက်လာပြီး ကူညီကြ သော်လည်း အဆိပ်ဓာတ်ငွေ့နှင့် တိုက်ခိုက်ခြင်း ခံရဖူးသည့် အတွေ့အကြုံများ မရှိသောကြောင့် မည်သို့ပြုစု ကုသရမည်ကိုပင် ဆရာဝန်များ မသိနိုင်အောင်ဖြစ်ခဲ့ကြရသည်။

ဂိုဏ်းဆရာကြီးကို ၁၉၉၅ ခုနှစ် မတ်လ အခင်းဖြစ်ပြီးနောက် ၂ လအကြာ မေလတွင်မှ ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြစ်မှုပေါင်း ၁၃ ခုကို ကျူးလွန်သည်ဆိုကာ တိုကျိုဒေသဆိုင်ရာတရားရုံးက သေဒဏ်ချမှတ်ခဲ့သည်။

အဆာဟာရကို ၁၉၅၅ ခုနှစ် မတ်လ ၂ ရက်နေ့က မွေးဖွားသည်။ ဖျာရက်ရောင်းသည့် ဆင်းရဲသောမိသားစုက ဆင်းသက်လာပြီး မွေးကင်းစကတည်းက မျက်လုံးတွင် ရေတိမ်စွဲလာသူဖြစ်သည်။ ညာဘက်မျက်လုံး တစ်လုံးမမြင်ဘဲ ငယ်ဘဝကိုဖြတ်သန်းခဲ့ရသည်။ ကျောင်းတက်သည့်အခါတွင်လည်း မျက်မမြင်ကျောင်းကိုသာ တက်ခဲ့ရသူဖြစ်သည်။ ကျောင်းသားဘဝက ကျောင်းတွင် မကြာခဏ အနိုင်ကျင့်ခြင်းခံရသည်။ သူ့ကို ရိုက်ခြင်း၊ ငွေတောင်းခြင်းများကိုခံရသည်။ ၁၉၇၇ ခုနှစ်တွင် ဘွဲ့ရပြီး တရုတ်အပ်စိုက်ပညာရပ်နှင့် တရုတ်တိုင်းရင်းဆေး ပညာရပ်များကို လေ့လာတတ်မြောက်ခဲ့သည်။ ဂျပန်နိုင်ငံတွင် ထိုလုပ်ငန်းကို မျက်မမြင် အများစုက လုပ်ကိုင် ကြသည်။ ၁၉၇၈ ခုနှစ်တွင် အိမ်ထောင်ကျခဲ့ပြီး သားသမီး ၁၂ ယောက်ရှိသည်။

၁၉၈၁ ခုနှစ်တွင် လိုင်စင်မရှိဘဲ ဆေးကုခြင်း၊ ဆေးရောင်းခြင်းများကြောင့် အဖမ်းခံရပြီး ဒဏ်ငွေဂျပန်ယန်း နှစ်သိန်း (ဒေါ်လာ ၉၀၀ ခန့်) အရိုက်ခံရသည်။ အဆာဟာရသည် ထိုစဉ်က ဘာသာတရားကို အလွန်စိတ်ဝင်စားနေပြီး မိန်းမယူ၍ ကလေးများမွေးခြင်းမှာ သူ့ဂိုဏ်းဝင်များ တိုးပွားရန်ဖြစ်သည်ဟုဆိုသည်။ အားလပ်ချိန်တွင် ဘာသာတရားပေါင်းစုံကို လေ့လာသည်။ တရုတ်နက္ခတ္တဗေဒပညာနှင့် တာအိုဝါဒများ ကိုလည်း လေ့လာခဲ့သည်။ နောက်ပိုင်းတွင် အနောက်တိုင်းမှ ဂမ္ဘီရပညာရပ်များ၊ ယောဂကျင့်စဉ်၊ သမထကျင့်စဉ်၊ ဗုဒ္ဓကျင့်စဉ်၊ ခရစ်ယာန် ကျင့်စဉ်များကိုပါ လေ့လာလိုက်စားခဲ့ကြောင်းတွေ့ရသည်။

၁၉၈၄ ခုနှစ်တွင် သူသည် ဉုံ ရှင်ဆန်နိုကာအိဆိုသည့် အမည်ဖြင့် ဂိုဏ်းကို စတင်ထူထောင်သည်။ သူ့အမည် ချီဇို မတ်ဆုမိုတိုကိုလည်း ရှိုကို အဆာဟာရသို့ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ နောက်ပိုင်း သူ့ဂိုဏ်းကိုလည်း ၁၉၈၇ ခုနှစ်တွင်မှ ဉုံရှင်ရီကျိုဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

ဉုံရှင်ရီကျိုဂိုဏ်းကို အစိုးရထံတွင် တရားဝင်မှတ်ပုံတင်ခဲ့သော်လည်း အာဏာပိုင်များက အစပိုင်းတွင် ဆိုင်းငံ့ထားခဲ့သည်။ တိုကျိုဒေသဆိုင်ရာ အာဏာပိုင်များသည် ၁၉၈၉ ခုနှစ်တွင် ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များကို စတင်အသိအမှတ်ပြုခဲ့သောကြောင့် ဉုံရှင်ရီကျိုဂိုဏ်းကိုလည်း အသိအမှတ်ပြုခဲ့ရသည်။ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့တစ်ခုအနေနှင့် အသိအမှတ်ပြုပြီးနောက် သူ့ဂိုဏ်းကိုဝင်ရောက်လာသူ ပိုများလာခဲ့သည်။ အဆာဟာရ၏ ပုံများကိုလည်း ရုပ်သံနှင့် မဂ္ဂဇင်းမျက်နှာဖုံးများတွင်ပါ မြင်တွေ့လာကြရသည်။

သူ့ကို ဘာသာဝင်များက အသိအမှတ်ပြုလာရုံမက တက္ကသိုလ်များကပါ ဖိတ်ခေါ်ပြီး ဟောပြောခိုင်းသည်အထိ အောင်မြင်မှုများ ရရှိလာခဲ့သည်။ သူသည် ဘာသာရေးဆိုင်ရာ သူ့အယူအဆများကို စာအုပ်ပေါင်းများစွာ ရေးထုတ်ခဲ့သည်။ Beyond Life and Death, Declaring Myself the Christ, Supreme Initiation စသည့် စာအုပ်များက နာမည်ကျော်ခဲ့သည်။

ဉုံရှင်ရီကျိုဂိုဏ်း၏ အယူအဆများသည် ဝိဇ္ဇာဂိုဏ်း၊ ခရစ်ယာန်ဂိုဏ်းနှင့် အခြားဘာသာရေးဂိုဏ်းများက ကောင်းနိုးရာရာများကို ထည့်သွင်းထားသည့် အယူအဆများဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် Declaring Myself the Christ ဆိုသည့် စာအုပ်ကို ထုတ်ပြီးနောက် သူ့ကိုယ်သူ ခရစ်တော်ဟုကြေညာသည်။ သူက အပြစ်များကို လွှဲပြောင်းယူနိုင်သူအဖြစ် သူ့ကိုယ်သူ ပြောကြားသည်။ သူ့စိတ်စွမ်းအားကိုလည်း သူ့ကိုယုံကြည်သူများထံ လွှဲပြောင်းပေးနိုင်သည်ဟုဆိုခဲ့သည်။ သူကတစ်နေ့တွင် ကမ္ဘာကြီးသည် မုချမသွေ ပျက်စီးသွားရလိမ့်မည်။ တတိယကမ္ဘာစစ်ကြီးဖြစ်လာမည်။ နျူကလီးယားစစ်ပွဲကြောင့် လူသားများ ပျက်သုဉ်းသွားလိမ့်မည်ဟုလည်း ပြောခဲ့သည်။ သူ့အယူအဆ အပြောများသည် ခရစ်ယာန်သမ္မာကျမ်းစာကို ကိုးကားပြောဆိုနေခြင်းဖြစ်သည်။

လူသားတို့ကို ကယ်တင်မည်ဟုပြောနေသည့် အဆာဟာရသည် နောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်နေကြောင်းတွေ့ရ


AFP

ကျော်ဇလ

သည်။ သူ့ကို ယုံကြည်သူများကို လျှို့ဝှက်အဖွဲ့များဖွဲ့ပေးထားပြီး အိမ်များ အတွင်း လျှို့ဝှက်စွာဝင်ရောက်ကာ အဆိပ်ဆေးများထိုးခြင်းစသည့်အမှုများကို ကျူးလွန်ကြကြောင်းလည်း တွေ့ရသည်။

သူ့ဂိုဏ်းဝင် အရေအတွက်ကလည်း ပြည်တွင်းပြည်ပ အင်အား ၁၀၀၀၀ ကျော်ခန့်ရှိလာခဲ့သည်။ ရုရှားနိုင်ငံမှ သူ့ကို ကိုးကွယ်ယုံကြည်သူများပင် ၃၀၀၀၀ ခန့်ရှိသည်။ ဂျပန်နိုင်ငံမှ ပညာတတ်များနှင့် နာမည်ကျော် တက္ကသိုလ်ကြီးများက ကျောင်းသားများကိုပါ သူကသိမ်းသွင်းစည်းရုံးထားနိုင်သည့် အနေအထားကို ရောက်လာသည်။ ဖူဂျီတောင်ခြေတွင် သူ့အဖွဲ့ကို ထူထောင်ပြီး တရားစခန်းများဖွင့်သည်။ စခန်းအတွင်း သူ့ကိုကာကွယ်ရန်ဆိုကာ လက်နက်များစုဆောင်းထားသည်။ ထိုအထဲတွင် အဆိပ်ဓာတ်ငွေ့နှင့် အဆိပ်ဆေး ပေါင်းများစွာလည်း ပါဝင်ခဲ့သည်။

၁၉၉၄ ခုနှစ်ကတည်းက အဆိပ်ဓာတ်ငွေ့သုံးကာ တိုက်ခိုက်မှုများကို စတင်ခဲ့သည်။ မတ်ဆုမိုတိုမြို့တွင် ညနေအချိန်၌ တရားရေးအဖွဲ့ဝင်သုံးဦးအိမ်ကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်။ ရေခဲသေတ္တာများတင်လာသည့် ကားဖြင့် အဆိပ်ဓာတ်ငွေ့များ သယ်လာပြီး ရပ်ကွက်အတွင်း လွှတ်လိုက်သောကြောင့် လူ ၈ ဦးသေဆုံးပြီး ရာနှင့်ချီကာ ဒဏ်ရာရကြသည်။ ၁၉၉၅ ခုနှစ် မြေအောက်ဘူတာတွင် လုပ်ကြံမှုကြီးမှာ ပျက်စီးသေပျောက်မှု အများဆုံးဖြစ်ခဲ့ရသည်။ ယင်းသို့ တိုက်ခိုက်ခြင်းသည် မြင့်မြတ်သောတိုက်ခိုက်ခြင်းဖြစ်ပြီး သေဆုံးသွားသူများမှာ ကမ္ဘာမပျက်မီ မြင့်မားသည့်စိတ်ဝိညာဉ်များဖြင့် ကျွတ်လွတ်သွားခြင်းဖြစ်သည်ဟုဆိုသည်။

အဆာဟာရနှင့်အပေါင်းအပါ ၇ ဦးကို ကွပ်မျက်လိုက်ခြင်းအပေါ် စိုးရိမ်နေကြသူတွေများစွာရှိသည်။ အိုဆာကာတွင် နေထိုင်သည့် အမျိုးသမီးကြီးတစ်ဦးက ဉုံရှင်ရီကျို ဂိုဏ်းဆရာကို သတ်ဖြတ်လိုက်ပြီဆိုသဖြင့် အစဖျောက်နေကြသည့် သူ့တပည့်တွေက လက်တုံ့ပြန်ကာ နောက်ထပ်တိုက်ခိုက်လာမည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် အာဏာပိုင်များ အနေနှင့်လည်း အထူးသတိထားပြီး စောင့်ကြည့်နေရသည့် အနေအထားတွင် ရှိနေသည်။

လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ဂိုဏ်းဆရာကြီးသည် အကျဉ်းထောင်ပြင်ပမှ သူ့အားတွေ့ဆုံလိုကြောင်း တောင်းဆိုမှု မှန်သမျှကို ငြင်းပယ်ကာနေထိုင်ခဲ့သည်။ မိသားစုဝင်များကို လက်ခံတွေ့ဆုံခြင်း မပြုခဲ့ပေ။ တရားရုံးတွင် အမှုရင်ဆိုင်နေစဉ် ကာလတွင်လည်း သူ့ရှေ့နေလောက်ကလွဲပြီး စကားမပြောနှုတ်ဆိတ် နေသူ ဖြစ်သည်။ အဘယ်ကြောင့် ထိုသို့နေထိုင်ရကြောင်း မည်သူမှ နားမလည်နိုင်လောက်အောင် ဖြစ်ကြရသည်။ တရားရုံးတွင်လည်း မတ်တတ်ရပ်နိုင်ခြင်းမရှိဆိုကာ ထိုင်ပြီးနေသည်ကများသည်။

ယနေ့အထိ ဉုံရှင်ရီကျိုဂိုဏ်းကို ယုံကြည်ကိုးကွယ်နေသူပေါင်း ၂၁၀၀ ခန့်ကျန်သေးသည်ဟုဆိုကြသည်။ သူတို့က Aleph ဆိုသည့် အမည်သစ်ဖြင့် လှုပ်ရှားနေကြခြင်းဖြစ်သည်။ ထိုဂိုဏ်းဝင်များသည် တစ်ချိန်က ဉုံရှင်ရီကျိုဂိုဏ်းသားများနှင့် ပတ်သက်ခဲ့သူများဖြစ်ကြပြီး အဆာဟာရ၏ မိုင်းမိနေကြသူများလည်းဖြစ်သည်။ သူတို့အဖွဲ့သည် လုပ်ငန်းပေါင်းများစွာကို ထူထောင်ထားသည်။ အစိုးရအနေနှင့် Aleph ဆိုသည့်အမည်ဖြင့် လုပ်ငန်းများကို ပိတ်ပင်ထားသော်လည်း သူတို့ဂိုဏ်းဝင်များသည် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက် နေကြသေးသည်ဟု ယုံကြည်ကြသည်။

ဉုံရှင်ရီကျိုဂိုဏ်းချုပ်ကြီးကို ကွပ်မျက်လိုက်ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်သည် စိန်ခေါ်မှုတစ်ခု ဖြစ်သွားမည်လားဟု စိုးရိမ်သောကဖြစ်နေကြသည်။

■ **(Ref: South China Morning Post, Japan Times, The Guardian)**



# ‘ဘော်ဘော်ကထော်’ ရုပ်ရှင်မှာ ကိုယ်ပေါ်က တက်တူးတွေ ဖျောက်ပြီး ရိုက်ခဲ့ရတဲ့ ခင်လှိုင်

**ရန်ကုန်၊ ဇူလိုင် ၁၀**

ခန္ဓာကိုယ်တစ်ခုလုံးမှာ တက်တူးတွေ ထိုးထားတဲ့အတွက် ‘ဘော်ဘော်ကထော်’ ရုပ်ရှင် ဇာတ်ကားမှာ ကာရိုက်တာပီပြင်စေဖို့အတွက် တက်တူးတွေကို ဖျောက်ပြီး ရိုက်ခဲ့ရတာ ပင်ပန်းပါတယ်လို့ ဟာသသရုပ်ဆောင် ခင်လှိုင်က The Voice ကို ပြောကြားခဲ့ပါတယ်။

“ကျွန်တော့်ကာရိုက်တာတော့ ဘော်ဘော်ပိပေါ့နော်။ ဘော်ဘော်ကထော် ဆိုတာ ကျွန်းတစ်ကျွန်းပေါ်မှာနေတဲ့ လူမျိုးစုတစ်စုပေါ့။ ဒီကားလေးက ဟာသ လေးပါပဲ။ ကျွန်တော် မလုပ်ဖူးသေးတဲ့ ထူးခြားတဲ့ ကာရိုက်တာတစ်ခုကို လုပ်ခွင့်ရတဲ့အတွက် ပျော်စရာကောင်းသလို ပင်လည်းပင်ပန်းခဲ့ပါတယ်” လို့ ၎င်းက ထပ်လောင်းပြောကြားပါတယ်။

ကိုယ်ပေါ်မှာရှိတဲ့ တက်တူးတွေကိုဖျောက်ဖို့ အတွက် ကိုယ်လုံးအနှံ့ ဆေးတွေကို ဂန်းနဲ့ မှုတ်ခဲ့ရတာကြောင့် ချွေးပေါက်တွေ ပိတ်သလိုတောင် ဖြစ်ခဲ့ပြီး ခေါင်းတွေတောင် ကိုက်ခဲ့ကြောင်း၊ ရေဆေးနဲ့ ကိုယ်ပေါ်ကိုသုတ်ခဲ့တာကြောင့် ဆေးခြောက်သွားပြီး၊ ဆေးတွေ ကွဲလာရင်လည်း ပြန်မှုတ်ရတာကြောင့် ဒုက္ခရောက်ခဲ့ ကြောင်း ခင်လှိုင်က ပြောကြားပါတယ်။

“ဒီကားထဲမှာပါတဲ့ သီချင်းလေးကလည်း ပရိသတ်နားစွဲလွယ်မှာပါ။ ရိုက်ကွင်းမှာ ထမင်းစားချိန်နားတော့ ကျွန်တော်က ‘အလဘာ .. အေးလေ’ ဆို ပြီး ဆိုကြည့်တယ်။ ဘေးနားမှာထိုင်နေတဲ့မြင့်မြတ်နဲ့ဂျိုကာက “အေးလေအေးလေ” ဆိုပြီးနောက်တယ်။ နောက်ရင်း နောက်ရင်းနဲ့ "အုအားအုအားဘား " ဆိုတာနဲ့ ချိတ်လိုက်တော့ သီချင်းလေးတစ်ပုဒ် ဖြစ်သွားတယ်။ အဓိကတော့ အတီးပိုင်းတွေ ကောင်းတဲ့ အတွက် သီချင်းလေးက ပိုမြိုင်သွားတာပါ” လို့ ၎င်းကဆိုပါတယ်။

‘ဘော်ဘော်ကထော်’ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာကိုပေါက်က ရိုက်ကူးထားတာဖြစ်ပြီး အဓိကသရုပ်ဆောင်တွေကတော့ မြင့်မြတ်၊ ခင်လှိုင်၊ ဂျိုကာ၊ အရိုင်း၊ ညောင်ညောင်၊ ရွှေသမီး၊ ဆုအိမ့်စံ၊ မုဏ်းတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။



# လိင်တူချစ်သူဇာတ်လမ်းတွဲမှာ သရုပ်ဆောင်မယ့် ထက်ဦးထွဋ်

**ရန်ကုန်၊ ဇူလိုင် ၉**

မြန်မာနိုင်ငံရဲ့ ပထမဆုံး လိင်တူချစ်သူဇာတ်လမ်းတွဲဖြစ်တဲ့ ‘Innocence ’ မှာ ပါဝင်သရုပ်ဆောင်ဖို့ လက်ခံခဲ့တာက ကာရိုက်တာအရ စိန်ခေါ်မှုတွေရှိတာကို စိတ်ဝင်စားသလို၊ ကိုယ့်အတွက် တက်လမ်းတစ်ခုလည်း ဖြစ်မယ်လို့ မျှော်လင့်တဲ့အတွက် လက်ခံရိုက်ကူးတာဖြစ်တယ်လို့ မော်ဒယ်လ် ထက်ဦးထွဋ်က The Voice ကို ပြောကြားပါတယ်။

“ဒီဇာတ်ကားက သမားရိုးကျ ကားတွေလိုမဟုတ်ဘဲ ယောက်ျားလေးနှစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာကို ပြတဲ့ ဇာတ်ကားဆိုတော့ ပရိသတ်တွေ အမြင်မှာ တစ်မျိုးဆန်းနေမှာပါ။ ပုံမှန်ဆို မိန်းကလေးနဲ့ ယောက်ျားလေးပဲ ကြိုက်ကြတာလေ။ ကျွန်တော်ကတော့ ဒီကားမှာ ယောက်ျားလေးတစ်ယောက် နေရာကပဲ သရုပ်ဆောင်ရမှာပါ” လို့၎င်းက ထပ်လောင်းပြောကြားပါတယ်။

ယောက်ျားလေးချင်းချစ်ကြိုက်တဲ့ ဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးခဲ့တဲ့အတွက် ကိုယ့်ကိုလည်း လိင်တူချင်းစိတ်ဝင်စားတဲ့သူလို့ အထင်ခံရတာမျိုးရှိပေမယ့် ကိုယ့်လိပ်ပြာကိုယ် လုံတာကြောင့် အနုပညာချစ်စိတ်တစ်ခုနဲ့ပဲ အကောင်းဆုံးကြိုးစားသရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထက်ဦးထွဋ်က ပြောကြားပါတယ်။

“ကျွန်တော်တို့ ဇာတ်လမ်းတွဲက Romantic ဆန်ဆန် ပြမှာပါ။ မြန်မာနိုင်ငံမှာက Boy To Boy ဆို အမြင်မှားနေတာတွေရှိတယ်။ အဲလိုမျိုး မမြင်စေချင်ပါဘူး။ ဒီဇာတ်လမ်းတွဲမှာက ယောက်ျားလေးနှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာအကြောင်းကို ရည်ရွယ်ပြီးပြတာဖြစ်လို့ တခြားဟာတွေ မပါပါဘူး။ ရိုက်ကူးရေးကတော့ ဩဂုတ်လဆန်းပိုင်းလောက် ရိုက်ဖြစ်မယ်ထင်ပါတယ်” လို့ ၎င်းက ဆိုပါတယ်။

# ကိုရီးယားနိုင်ငံမှာ မျက်နှာခွဲစိတ်ပြုပြင်မယ့် နေခြည်ဦး

**ရန်ကုန်၊ ဇူလိုင် ၉**

အွန်လိုင်းသုံးစွဲသူလူငယ်ပရိသတ်တွေရဲ့ အခိုင်အမာအားပေးမှုကို ရရှိထားတဲ့ နာမည်ကျော် Beauty Blogger နေခြည်ဦးက ကိုရီးယားနိုင်ငံကို သွားရောက်ပြီး မျက်နှာခွဲစိတ် ပြုပြင်ဖို့ရှိကြောင်း The Voice ကို ပြောကြားပါတယ်။

“နှာခေါင်းက အစကတည်းက ပြင်ဖို့ရည်ရွယ်ပြီးသားပါ။ အချိန်မပေးနိုင်တဲ့အချိန်မှာ Filler ထိုးလိုက်တယ်။ အခုတော့ Filler ထပ်မထိုးချင်တဲ့အတွက် ပြင်ဖို့ဆုံးဖြတ်ခဲ့တာပါ။ မျက်လုံးကလည်း အနောက်တိုင်းပုံစံမျိုးကို ကြိုက်တဲ့အတွက် ပြင်ချင်တယ်၊ မေးလေးလည်း နည်းနည်းပြင်ပါမယ် ။ ဇူလိုင်လထဲမှာ သွားပါမယ်” လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ကိုယ့်ရဲ့မျက်နှာကိုခွဲစိတ်ပြုပြင်မှုမလုပ်ခင်မှာ ကြုံတွေ့ရနိုင်ခြေရှိတဲ့ နောက်ဆက်တွဲဆိုးကျိုးလေးတွေကို ကိုယ့်ဘက်က လေ့လာထားရသလို၊ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေရှိတဲ့ ဆေးရုံကိုလည်း သေချာရွေးချယ်ရတာမျိုးတော့ရှိကြောင်း Beauty Blogger နေခြည်ဦးက ပြောကြားပါတယ်။

“နေခြည့်ရဲ့ အရင်တုန်းကပုံတွေ အွန်လိုင်းပေါ်မှာ တက်လာတာကိုလည်း စိတ်ထဲမှာ ဘယ်လိုမှ မခံစားရပါဘူး။ နေခြည်က ကိုယ့်မျက်နှာမှာ ပြုပြင်ပြောင်းလဲထားတာတွေကို ဘာမှ သိုဝှက် ထားတာမရှိဘူး။ နေခြည်ပြင်တဲ့ အစိတ်အပိုင်း အကုန်လုံးကိုလည်း ပြောပြထားပြီးသားပါ။ အရင်ပုံတွေ တက်လာတော့လည်း အရင်တုန်းက ရုပ်ဆိုးတာနဲ့ ကိုယ်အခု အရမ်းချောလာတာ လူတွေသိကုန်တာပေါ့” လို့ ၎င်းက ဆိုပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး



# ပါ့ခ်ဘိုဂမ်နဲ့ ဆောင်းဟေကိုတို့ ပါဝင်မယ့် ‘Boyfriend’ ဇာတ်လမ်းတွဲရိုက်ကူးမယ်

**ဆိုးလ်၊ ဇူလိုင် ၉**

တောင်ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် သရုပ်ဆောင်တွေ ဖြစ်တဲ့ ပါ့ခ်ဘိုဂမ်နဲ့ ဆောင်းဟေကိုတို့ ပါဝင်မယ့် ‘Boyfriend’ ရုပ်သံဇာတ်လမ်းတွဲကို မကြာမီရိုက်ကူးသွားတော့မှာဖြစ်ကြောင်း kpop herald .com မှာ ဖော်ပြထားပါတယ်။

သရုပ်ဆောင် ဆောင်းဟေကိုက ၂၀၁၆ ခုနှစ်က ထွက်ရှိခဲ့တဲ့ ‘Descendants Of The Sun ’ ဇာတ်လမ်းတွဲ နောက်ပိုင်းမှာဇာတ်လမ်းတွဲသစ် မရိုက်ကူးဖြစ်တာ နှစ်နှစ် လောက် ကြာခဲ့ပြီးတော့မှ ‘Boyfriend’ ဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးခဲ့တာပါ။

ဒီဇာတ်လမ်းတွဲမှာတော့ ဆောင်းဟေကိုရဲ့ ဇာတ်ရုပ်က သြဇာကြီးမားတဲ့နိုင်ငံရေးသမားတစ်ယောက်ရဲ့သမီးဖြစ်ပြီး၊ ကိုယ့်ဘဝကိုကိုယ် စိတ်ကြိုက် ရှင်သန်ခွင့်မရတဲ့ အမျိုးသမီးတစ်ဦးအဖြစ် မြင်တွေ့ရမှာလည်း ဖြစ်ပါတယ်။

သရုပ်ဆောင် ပါ့ခ်ဘိုဂမ်ကတော့ လူတွေကို သနားကြင်နာတတ်တဲ့ သာမန် အရပ်သားလူငယ်တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်သွားမှာပါ။

ဒီဇာတ်လမ်းတွဲကိုတော့ tvN ရုပ်သံလိုင်းကနေ ယခုနှစ်အတွင်း ထုတ်လွှင့်ပြသသွားမှာပါ။

# “နာမည်ကြီး မင်းသားတွေဆိုတာလည်း တစ်ချိန်တုန်းက အသစ်ပါပဲ။ အသစ်တွေကို ပွဲမထုတ်ဘူးဆိုရင် မျိုးဆက်သစ်ဆိုတာ ဘယ်တော့မှ ပေါ်လာမှာ မဟုတ်ဘူး”

**အိမ်ထောင်ကွဲ တစ်ခုလပ်အမျိုးသမီးတွေအကြောင်းကို ဇာတ်အိမ်တည်ပြီး ရိုက်ကူးထားတဲ့ ‘တစ်ခုလပ်’ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ တိုင်ရွှန်းနဲ့ တွေ့ဆုံပြီး ဇာတ်ကောင်စရိုက်အကြောင်း၊ ရိုက်ကွင်း အတွေ့အကြုံများနဲ့ ဇာတ်ကားရုံတင်ခွင့်ရဖို့ မျှော်လင့်ချက်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

## တိုင်ရွှန်းနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: တစ်ခုလပ် ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင် ဖြစ်ပုံကနေစပြီး ပြောပြပေးကြပါဦး။**

**T:** ဒီကားရိုက်ထားတာ တစ်နှစ်ကျော်လောက် ကြာသွားပါပြီ။ ဒီကားရဲ့ ထုတ်လုပ်သူဖြစ်တဲ့ မဆိုဖိယာက ဒီဇာတ်လမ်းလေးကိုစပြီး တည်တယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တစ်ခုလပ်အမျိုးသမီးတွေ၊ အိမ်ထောင်ကွဲ အမျိုးသမီးတွေကို ကိုယ်စားပြုတဲ့ ဇာတ်ကားလေးတစ်ကား သူရိုက်ပေးချင်တယ်။ ကျွန်တော်တို့ကို ပါဝင်ဖို့ ကမ်းလှမ်းလာတဲ့ အခါမှာလည်း အားရဝမ်းသာနဲ့ လက်ခံဖြစ်ခဲ့တာပါ။ ဒီကားကို ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က ရိုက်ကူးပေးထားပြီး ကျွန်တော်၊ အောင်လေး၊ လင်းအောင်ခေတ်၊ မလင်းဇာနည်ဇော်၊ မမျိုးသန္တာထွန်းနဲ့ မခင်ဇာခြည်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားပါတယ်။

**Voice: ဒီဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်ကရော ဘယ်လိုပုံစံမျိုးဖြစ်မလဲ။**

**T:** ဒီကားမှာ ကျွန်တော့်ရဲ့ ကာရိုက်တာက ဆိုးတယ်။ အမေ့စကားနားမထောင်ဘူး။ ရပ်ကွက်လူမိုက်ပေါ့နော်။ ဒါပေမဲ့ အမေ့ကို ချစ်တယ်။ ကျွန်တော့်ရဲ့အမေနေရာကတော့ အစ်မလင်းဇာနည်ဇော်က သရုပ်ဆောင်ပေးထားပါတယ်။ ဒီကားက ကျွန်တော်ရဲ့ ပထမဆုံးရုပ်ရှင်ကားကြီး ဖြစ်ပါတယ်။ ဒီကားထဲမှာ ကျွန်တော် နည်းနည်း စကားပြော မြန်တာလေးတွေရှိတယ်။ နောက်ပြီးတော့ မိတ်ကပ်သိပ်မလူးတတ်သေးဘူး။ ကိုယ့်ဟာကိုယ် လူးရတာဆိုတော့ ကသိတာလေးတွေတော့ ရှိပါတယ်။

**Voice: ကိုယ်နဲ့ တွဲသရုပ်ဆောင်ရတဲ့ ဝါရင့်သရုပ်ဆောင်မင်းသမီးကရော ဘယ်လို လက်တွဲခေါ်ခဲ့လဲ။**

**T:** ကျွန်တော့် အမေအဖြစ် သရုပ်ဆောင်ရတဲ့ အစ်မလင်းဇာနည်ဇော်ဆီကလည်း ပညာတွေ အများကြီးရခဲ့ပါတယ်။ အစ်မက ခင်ဖို့လည်း ကောင်းတယ်။ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းရှိတော့ ကျွန်တော်တို့ အက်တင်လုပ်တဲ့အခါမှာ မရှိန်ဘူးပေါ့နော်။ အစ်မက ရှုတင်မှာဆိုလည်း စပယ်၊ နောက်ဟယ်နဲ့ဆိုတော့ ဒီကား ရိုက်ရတာ အဆင်ပြေပါတယ်။ ကျွန်တော်တို့ မသိတာတွေကိုလည်း သင်ပြပေးပါတယ်။

**Voice: သူ့ရဲ့ သရုပ်ဆောင်မှုကိုကြည့်ပြီးတော့ရော ကိုယ်ပညာယူခဲ့ရတာမျိုးရောရှိလား။**

**T:** ဒီကားမှာ အစ်မလင်းဇာနည်ဇော် သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ဝင်ခန်းနှစ်ခန်းက ကျွန်တော့်ရင်ထဲကို ထိခဲ့ပါတယ်။ အစ်မသရုပ်ဆောင်တာ အရမ်းတော်ပါတယ်။ ကျွန်တော် ရပ်ကွက်ထဲမှာ ရန်ဖြစ်လို့ ဆူတဲ့အခန်းဆိုရင် ကျွန်တော်ကိုယ်တိုင် ဇာတ်ကို သိနေတာတောင် ရင်ထဲမှာ ဆို့ပါတယ်။ ကျွန်တော်တို့လို ခံစားချက်ချင်း မတိုက်ဆိုင်တဲ့သူတောင် ခံစားရရင် အိမ်ထောင်ကွဲထားတဲ့ အမျိုးသမီးတွေဆို ကျိန်းသေပေါက်မျက်ရည်ကျမှာပါ။

**Voice: ယောကျ်ားလေးတစ်ယောက်အနေနဲ့ ကျတော့ရော အိမ်ထောင်ကွဲထားတဲ့ တစ်ခုလပ်အမျိုးသမီးတွေအပေါ် ဘယ်လိုမြင်လဲ။**

**T:** ယောကျ်ားတစ်ယောက်ကို မကောင်းလို့ ကွဲနိုင်တယ်ဆိုတာ တကယ်ရဲရင့်ပြတ်သားတဲ့အမျိုးသမီးတစ်ယောက်လို့ကျွန်တော်မြင်ပါတယ်။ ကလေးရှိပေမယ့် Single Mother အဖြစ် ရဲရဲဝံ့ဝံ့ရပ်တည်တယ်။ ပတ်ဝန်းကျင်ကဲ့ရဲ့မှာကိုစိုးပြီး ကိုယ်မပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခုမှာ သည်းခံပြီးမနေဘူး။ ယောကျ်ားတစ်ယောက်မရှိလည်း ဘဝကို ရှေ့ဆက်လို့ရတယ်ဆိုပြီး ပြတ်ပြတ်သားသား လမ်းခွဲတယ်။ တစ်ခုလပ်ဆိုတဲ့ နာမည်ကို ရဲရဲဝံ့ဝံ့ ခံယူကြတယ်ပေါ့။ တစ်ခုလပ်မှ မုဆိုးမမှာ မဟုတ်ဘူး၊ ဖောက်ပြန်ကြတယ်ဆိုတာလည်း စိတ်နဲ့ပဲဆိုင်ပါတယ်။ တချို့တစ်ခုလပ် အမျိုးသမီးတွေ နောက်အိမ်ထောင်တောင် မပြုဘဲ သားသမီးကို အရွယ်ရောက်တဲ့အထိ ပြုစုစောင့်ရှောက်ကြတယ်။ တကယ်လေးစားဖို့ ကောင်းပါတယ်။

**Voice: လက်ရှိမှာ ဇာတ်ကားတွေကို ရုံရှင်စိတ်ကြိုက် ရွေးချယ်ပြသနေတာဆိုတော့၊ တစ်ခုလပ် ရုပ်ရှင် ဇာတ်ကားကို ဘယ်အချိန်မှာ ရုံတင်ခွင့်ရဖို့ မျှော်လင့်ထားလဲ။**

**T:** ကျွန်တော် ပြောချင်တာကတော့ ကျွန်တော်တို့ နိုင်ငံမှာ ရုပ်ရှင်ရုံတွေနည်းတော့ ရုံနဲ့ ပတ်သက်ပြီး အခက်အခဲ ဖြစ်တယ်။ သရုပ်ဆောင်သစ်တွေပါတဲ့ ဇာတ်ကားဆို ရုံတင်ရက်ရဖို့ အရမ်းခက်ခဲတယ်။ တစ်ခုလပ်ရုပ်ရှင်ဇာတ်ကားရဲ့ထုတ်လုပ်သူ မဆိုဖိယာက ရှုံးရင်ရှုံးပါစေ၊ ဇာတ်ကားကောင်းတစ်ကားကို ပရိသတ်တွေ ကြည့်စေချင်တဲ့အတွက် ဒီကားကို ရိုက်ခဲ့တာပါ။ နာမည်ကြီး မင်းသားတွေဆိုတာလည်း တစ်ချိန်တုန်းက အသစ်ပါပဲ။ အသစ်တွေကို ပွဲမထုတ်ဘူးဆိုရင် မျိုးဆက်သစ်ဆိုတာ ဘယ်တော့မှ ပေါ်လာမှာ မဟုတ်ဘူး။ ရုံရှင်တွေကို ပြောချင်တာက ကျွန်တော်တို့ သရုပ်ဆောင်သစ်တွေကိုလည်း မြေ တောင်မြှောက်ပေးတဲ့ သဘောနဲ့ ဇာတ်ကားရုံတင်ခွင့်ပေးစေချင်ပါတယ်။ ■



## နှလုံးသား အိပ်မက် ရုပ်ရှင်ဇာတ်ကားက အမိုက်စားကား တစ်ကားဖြစ်မှာပါဆိုတဲ့ အေးမြတ်သူ

ရန်ကုန်၊ ဇူလိုင် ၉

မြန်မာနိုင်ငံမှ လူငယ်ဒါရိုက်တာတစ်ဦး ဖြစ်တဲ့ အာကာနဲ့ ထိုင်းနိုင်ငံမှ ဒါရိုက်တာ Sammy တို့ ပူးပေါင်းရိုက် ကူးမယ့် ‘နှလုံးသားအိပ်မက်’ရုပ်ရှင်ဇာတ်ကားက အမိုက်စားကားတစ်ကား ဖြစ်မယ်လို ယုံကြည်ထားကြောင်း ယင်းကားမှာ ပါဝင်မယ့် သရုပ်ဆောင် အေးမြတ်သူက The Voice ကိုပြောကြားပါတယ်။

“ဒီကားကိုမြန်မာနိုင်ငံမှာရော၊ ထိုင်း နိုင်ငံမှာဆိုဘန်ကောက်နဲ့ ဖူးခက်မှာပါ သွားရိုက်မှာပါ။ ဒီကားအတွက် ညီမ ရိုက်ရက် နှစ်လလောက် ပေးထားတယ်။ ဇာတ်ကားကောင်းတစ်ကား ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒီကားအတွက် အများကြီး လည်း ကြိုတင်ပြင်ဆင်ထားပါတယ်” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ထိုင်း-မြန်မာနှစ်နိုင်ငံက အနုပညာရှင်တွေ ပူးပေါင်း ရိုက်ကူးမယ့် ‘နှလုံးသားအိပ်မက်’ ရုပ်ရှင်ဇာတ်ကား မှာတော့ သရုပ်ဆောင် နိုင်းနိုင်း၊ ရဲနောင်၊ အေးမြတ်သူ၊ အိန်ဂျယ် လမုန်၊ Mikis Weber နဲ့ ထိုင်းနိုင်ငံမှ သရုပ်ဆောင် Darin Hansen တို့ ပါဝင် သရုပ်ဆောင် ကြမှာ ဖြစ်ပါ တယ်။

“အခုရုံတင်နေတဲ့ တိုးကျော်မန်းနဲ့ နန်းဆန်တဲ့ ရွာရုပ်ရှင်မှာတော့ ညီမက အပျိုစင်ရွာရဲ့ သခင်မနေရာက သရုပ်ဆောင်ထားပါတယ်။ ကိုယ်က ဗီလိန်နေရာဆိုတော့ အတည်အခန့် ပုံစံမျိုး သရုပ်ဆောင်ရတယ်။ဒါပေမဲ့ ကိုပြေတီဦး၊ ဦးနိုင်( ကျော်ရဲအောင်)၊ ဦးဇေလုဝတို့ရဲ့သရုပ်ဆောင်မှုတွေကို ကြည့်ပြီး ရယ်နေရတယ်။ ဟာသ Plot တွေကလည်း ပရိသတ်တွေ သဘောကျမှာပါ” လို့ အေးမြတ်သူက ပြောကြားပါတယ်။

## ချစ်သူ Hailey Baldwin နဲ့ စေ့စပ်လိုက်တဲ့ Justin Bieber

ကမ္ဘာတစ်ဝန်းက နူတ်ခမ်းနီမလေးတွေရဲ့ အသည်းကျော် အဆိုတော်လေး Justin Bieber ဟာ ချစ်သူမော်ဒယ်လ် Hailey Baldwinနဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း CNN သတင်းဌာနက ဖော်ပြခဲ့ပါတယ်။



သူတို့နှစ်ယောက်က ၂၀၁၆ ခုနှစ်လောက်ကတည်းက တွဲခဲ့ကြပေမယ့် နောက်ပိုင်းမှာ ကာလ အတန်ကြာလမ်းခွဲခဲ့ကြသေးပြီး၊ ယခုနှစ်လယ်ပိုင်းမှာတော့ တစ်ခန်းရပ် အချစ်ဇာတ်လမ်းကို ပြန်လည် စတင်ခဲ့ပါတယ်။

သူတို့နှစ်ယောက်က ဘဟားမား ကျွန်းစုရှိ၊ အပန်းဖြေစခန်း တစ်ခုကို အပျော်ခရီးထွက်လာစဉ်မှာ စေ့စပ်ခဲ့ကြတာဖြစ်ကြောင်း လူမှုကွန်ရက် မီဒီယာတွေက တစ်ဆင့် သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။

Justin Bieberနဲ့ Hailey Baldwin ရဲ့ မိဘတွေကလည်း သူတို့ရဲ့ လူမှုကွန်ရက် Account တွေမှာ Justin နဲ့ Hailey တို့ စေ့စပ်လိုက် တာကို ဆုမွန်ကောင်းတွေ တောင်းပေးခဲ့ကြပါသေးတယ်။

Justin Bieberက ချစ်သူဟောင်း အဆိုတော် Selena Gomez နဲ့ မကြာသေးခင်က လမ်းခွဲခဲ့သလို Hailey Baldwin ကလည်း အဆိုတော် Shawn Mendesနဲ့အချစ်ရေးကောလာဟလ သတင်းထွက်ပေါ်ခဲ့ဖူးပါတယ်။ ■

MANDALAY VOICE

# မန္တလေးစည်ပင်ကို တိုင်းနှင့်ပြည်နယ်အဆင့် စည်ပင်အရာရှိများ လာရောက်လေ့လာမည်

**မန္တလေး၊ ဇူလိုင် ၉**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းများကို တိုင်းနှင့်ပြည်နယ်အဆင့်ရှိ စည်ပင်အရာရှိများ လာရောက် လေ့လာမည်ဖြစ်ကြောင်း ယင်းလေ့လာရေးခရီးစဉ်ကိုစီစဉ်သည့် အာရှဖောင်ဒေးရှင်းထံမှ သိရသည်။

အာရှဖောင်ဒေးရှင်းသည် တိုင်းနှင့်ပြည်နယ်ရှိ စည်ပင်သာယာရေးအဖွဲ့များကို ကူညီပေးသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး တိုင်းနှင့် ပြည်နယ်ရှိ စည်ပင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ မြို့နယ်အဆင့် အမှုဆောင်အရာရှိ ၄၀ ဦးခန့်ကို ဖိတ်ကြားကာ ကောင်းမွန်သောအလေ့အထများ မျှဝေခြင်းအမည်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးနေကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲများမှ လေ့လာရေးခရီးစဉ်တစ်ခုထည့်သွင်းရန် အကြံပြုသဖြင့် မန္တလေးမြို့၌ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲတွင် လေ့လာရေးခရီးစဉ် ထည့်သွင်းရခြင်းဖြစ်ကြောင်း အာရှဖောင်ဒေးရှင်းမှ စီမံကိန်းအရာရှိ ဒေါ်အိအိသွယ်က ပြောကြားသည်။

"ကောင်းမွန်သော အလေ့အထများ မျှဝေခြင်းဆိုတဲ့အတိုင်း တိုးတက်နေတဲ့နိုင်ငံတွေကို လေ့လာရေးသွားမှာထက် မြန်မာနိုင်ငံမှာရှိတဲ့ ကိုယ်မသိတဲ့ပြုပြင်ပြောင်းလဲမှုတွေကို လေ့လာရအောင်စီစဉ်တာ" ဟု ၎င်းကပြောဆိုသည်။

စည်ပင်သာယာရေးအဖွဲ့များအတွက် ကောင်းမွန်သောအလေ့အထများ မျှဝေခြင်းအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ၂၀၁၇ ခုနှစ်ကတစ်ကြိမ်၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင်တစ်ကြိမ် ကျင်းပခဲ့ဖူးပြီး ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်သည်။

မတူညီသည့်နေရာဒေသမှ စည်ပင်သာယာရေးအဖွဲ့များ တစ်နေရာတည်းတွင် အတူတကွ တွေ့ဆုံစေလိုသည့် ပလက်ဖောင်းတစ်ခုဖြစ်စေခြင်း၊ စည်ပင်သာယာအဖွဲ့များအကြား ပြုပြင်ပြောင်းလဲမှုများကို မျှဝေနိုင်စေခြင်း၊ လေ့လာရေးခရီးစဉ်အတွက် နေရာရွေးချယ်ရာတွင် မြို့ကြီးဖြစ်ခြင်း၊ လုပ်ငန်းဆောင်တာများပိုမိုများပြားခြင်း စသည့်အချက်များကိုကြည့်ကာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ■

M-07




ဈေးကွက်သို့တင်ပို့ရောင်းချမည့် ပဲတီစိမ်းများကို ချိန်တွယ်ထုပ်ပိုးနေစဉ်

# မိတ္ထီလာဒေသထွက်ပဲတီစိမ်း အဖွင့်ဈေးကောင်း

**မိတ္ထီလာ၊ ဇူလိုင် ၉**

မိတ္ထီလာကုန်စည်ဈေးကွက်အတွင်းသို့ ဇူလိုင်လဆန်းပိုင်းကစတင်ဝင်ရောက်လာသော ဒေသထွက် ပဲတီစိမ်းအသစ်များ ယခင်နှစ် အဖွင့်ဈေးထက် ဈေးပိုရကြောင်း ဒေသခံပွဲရုံများနှင့် ပဲကုန်သည်များက ပြောကြားသည်။

"အခုလောလောဆယ် ဝင်လာတာက အရည်အသွေးကောင်းတယ်။ အရင်နှစ်နဲ့နှိုင်းယှဉ်ရင် အဖွင့်ဈေးကောင်းတယ်။ မနှစ်က ပဲတီစိမ်းပေါ်ချိန်မှာ အဖွင့်ဈေးက ၂၈,၀၀၀၊ ၂၉,၀၀၀ လောက်ပဲရှိတယ်" ဟု မိတ္ထီလာမြို့ရှိ မိသားစုပွဲရုံလုပ်ငန်းရှင် ဦးလွင်က ပြောဆိုသည်။

မိတ္ထီလာခရိုင်အတွင်း မြို့နယ်လေးခုရှိသည့်အနက် မိတ္ထီလာနှင့်သာစည်မြို့နယ်တို့တွင် ပဲတီစိမ်းစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း၊ ပဲတီစိမ်းပေါ်ချိန်ကာလသည် တစ်လခွဲဝန်းကျင် ကြာမြင့်မည်ဖြစ်ပြီး ယခုနှစ်တွင် ဒေသထွက်ပဲတီစိမ်းသည် အရည်အသွေးကောင်း၍ ဈေးကွက်တွင် အလားအလာကောင်းမည်ဟု ခန့်မှန်းရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ် ဒေသထွက်ပဲတီစိမ်းအဖွင့်ဈေးမှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၃၁,၀၀၀ မှ ၃၂,၀၀၀ ကျပ်ရှိခဲ့ပြီး ဇူလိုင်လ ၉ ရက်နေ့ပေါက်ဈေးသည် ၃၂,၀၀၀ မှ ၃၂,၅၀၀ ကျပ်ရှိကြောင်း မိတ္ထီလာကုန်စည်ဒိုင်ထံမှ သိရသည်။

"မိတ္ထီလာခရိုင်မှာ အခုပေါ်တဲ့ ပဲတီစိမ်းက ဈေးကောင်းတော့ ရန်ကုန်လက်က ဈေးမကိုက်လို့မဝယ်နိုင်ဘူး။ အိန္ဒိယဘက်ကလည်း မဝယ်ဘူး။ တရုတ်ဘက်ကတော့ အဝယ်ရှိလို့ အဲဒီဘက်ထွက်လိမ့်မယ်" ဟု သာစည်မြို့မှ ပွဲရုံလုပ်ငန်းလုပ်ကိုင်သော ဦးစိုးမောင်က ပြောကြားသည်။

မိတ္ထီလာခရိုင် သာစည်မြို့နယ် စမုန်ဆည်ဝန်းကျင်ဒေသတွင် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်ပြီး လက်ရှိဈေးကွက်သို့ ဦးစွာဝင်လာသော ကုန်ပစ္စည်းများမှာ သာစည်မြို့နယ် ကုက္ကိုပင်၊ ပိတောက်ပင်၊ ပေါက်တောနှင့် မိတ္ထီလာမြို့နယ် ချောက်ပင်၊ ခင်လူး၊ မောက်လောက်၊ အိုင်ကြီးလည် စသောကျေးရွာများမှထွက်သော ကုန်စည်များဖြစ်ကြောင်း၊ ပွဲရုံတစ်ရုံလျှင် တစ်နေ့ တစ်တင်းခွဲအိတ် ၇၀ မှ ၁၀၀ အထိ အဝင်ရှိကြောင်း ဒေသတွင်းရှိ ပဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

R-01

# မန္တလေးတွင် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ် အနည်းငယ်သွက်

**မန္တလေး၊ ဇူလိုင် ၉**

မန္တလေးမြို့တော်၌ ယခုရက်ပိုင်းအတွင်း အိမ်၊ ခြံ၊ မြေ လုပ်ငန်းများ အရောင်းအဝယ် အနည်းငယ်ပြန်သွက်လာကြောင်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်များ အသိုင်းအဝိုင်းထံမှ သိရသည်။

ကျပ်သိန်း ၂၀၀ မှ သိန်း ၁၀၀၀ ကြားတန်ဖိုးရှိမြေကွက်များ အရောင်းအဝယ် ပိုသွက်လာသည်ဟု ၎င်းတို့က ပြောဆိုသည်။

မန္တလေးမြို့ တောင်ဘက်ခြမ်းတွင်ရှိသော စက်မှု၊ မြရည်နန္ဒာ၊ ထွန်းတုံး၊ ကန်သာယာ၊ ညညာ၊ သင်ပန်းကုန်း၊ ထန်းကိုးပင်၊ အောင်သာယာရပ်ကွက်ရှိ မြေကွက်များ အရောင်းအဝယ်ဖြစ်နေကြောင်း ဖိုးလမင်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင် ဦးဝဏ္ဏစိုးက ပြောကြားသည်။

"ဝါဝင်ခါနီး ဒီလိုကာလတွေဆို နှစ်တိုင်းလိုလို အရောင်းအဝယ်ဖြစ်လေ့ ဖြစ်ထရှိတယ်။ မြေဝယ်ဖို့စုဆောင်းထားတဲ့သူတွေက ဝါကျွတ်ကာလမှာ နေနိုင်ဖို့ ဝယ်ယူကြတဲ့သဘောပေါ့" ဟု ၎င်းကရှင်းပြသည်။

အိမ်၊ ခြံ၊ မြေ ဈေးကွက်အတွင်း လျှော့ဈေးဖြင့်ချရောင်းသည့်မြေကွက်များ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်ဟုလည်း ၎င်းက ပြောဆိုသည်။

ဈေးနှုန်းသက်သာပြီး လူနေထိုင်မှုများလာသော မန္တလေးမြို့သစ်ဘက်ရှိ မြေကွက်များကို ဝယ်ယူလိုသူ အများစုက စိတ်ဝင်စားကြောင်း မန္တလေးမြို့ခံ အကျိုးဆောင်များက ပြောကြားသည်။

မြေကွက်ပိုင်ဆိုင်ထားသူများ အနေနှင့် ကျူးကျော်ပြဿနာများကြောင့် လျှော့ဈေးဖြင့် ရောင်းချသည်များလည်း ရှိကြောင်း ၎င်းတို့ကပြောဆိုသည်။

မန္တလေးမြို့၌ လက်ရှိအရောင်းအဝယ်ဖြစ်နေသော မြေကွက်တန်ဖိုးဈေးနှုန်းများမှာ ၂၀၁၄ ခုနှစ်က အရောင်းအဝယ်ဖြစ်ခဲ့သည့် မြေကွက်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တန်ဖိုးလျော့ကျသွားခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

M-08

**ကျား/အိုလူးငါးကောင်**

# ကိုယ်ဝန်ဆောင်များကို ငွေကြေးထောက်ပံ့မည့်အစီအစဉ် ကရင်နှင့်ကယားပြည်နယ်ထပ်တိုး

**မန္တလေး၊ ဇူလိုင် ၉**

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသည့် ကလေးများကို အသက် ၂ နှစ်ထိ ထောက်ပံ့ခြင်းအစီအစဉ်ကို ကရင်နှင့်ကယားပြည်နယ်တို့ ထပ်တိုးလိုက်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ပြောကြားသည်။

လက်ရှိတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရခိုင်ပြည်နယ်တို့တွင် ထောက်ပံ့ပေးလျက်ရှိရာမှ ကရင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ထောက်ပံ့ပေးနိုင်ရန် စီစဉ်နေသည်ဟု ၎င်းကပြောဆိုသည်။

"ကလေးငယ်တွေရဲ့အာဟာရဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပေါ့။ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ကလေးငယ်တွေရဲ့ကျန်းမာရေး ပိုပြီး ကောင်းလာမယ်။ အကျိုးခံစားခွင့်ရှိတဲ့ မိသားစုတွေကြားထဲမှာ ဆင်းရဲနွမ်းပါးတဲ့ အိမ်ထောင်စုတွေအတွက် တကယ်ကိုအထောက်အကူဖြစ်စေတဲ့၊ အကျိုးရှိစေတဲ့ဝင်ငွေတစ်ခုဖြစ်လာမယ်။ ဒီလိုထောက်ပံ့နိုင်ဖို့အတွက် လွှတ်တော်ကနေ အတည်ပြုဖို့ပဲကျန်ပါတော့တယ်" ဟု ဦးကျော်လင်းထင်က ရှင်းပြသည်။

တိုးချဲ့ထောက်ပံ့ခြင်းအစီအစဉ်ကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသွားမည်ဖြစ်ပြီး ထောက်ပံ့ကြေးများ ပေးအပ်ရာတွင် တစ်လလျှင် ၁၅,၀၀၀ ကျပ်နှုန်းဖြင့် နှစ်လတစ်ကြိမ် ကျပ်သုံးသောင်းစီ ထုတ်ပေးမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်ကိုပါ တိုးချဲ့ထောက်ပံ့နိုင်ရန် ကမ္ဘာ့ဘဏ်နှင့်ဆွေးနွေးလျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနထံမှ သိရသည်။

လက်ရှိတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မှမွေးဖွားလာသည့်ကလေးများ အသက် ၂ နှစ်ထိငွေကြေးထောက်ပံ့ခြင်းကို ၂၀၁၇ ခုနှစ် ဇွန်လက စတင်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ထောက်ပံ့မှုများကို ယင်းနှစ် ဇူလိုင်လက စတင်လုပ်ဆောင်ခဲ့သည်။ ■

**M-05**




မန္တလေးတိုင်းသဘင်အစည်းအရုံး၏ အလုပ်အမှုဆောင်ကော်မတီရွေးချယ်ပွဲ ပြုလုပ်နေစဉ်

# မန္တလေးတိုင်း သဘင်အစည်းအရုံး အလုပ်အမှုဆောင်ကော်မတီ တိုးချဲ့ဖွဲ့စည်း

**မန္တလေး၊ ဇူလိုင် ၉**

မန္တလေးတိုင်းသဘင်အစည်းအရုံး၏အလုပ်အမှုဆောင်ကော်မတီကို ယခင်က ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ရာမှ ယခု ၁၅ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က ပြောကြားသည်။

မူလဖွဲ့စည်းထားသည့် မန္တလေးတိုင်းအလုပ်အမှုဆောင်ကော်မတီကို ဖျက်သိမ်းကာ အသစ်ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင်လ ၉ ရက်နေ့က မန္တလေးမြို့ရှိ ဂရိတ်ဝေါလ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

အစည်းအရုံးဝင်များတဲ့ နေရာတွေမှာ ကော်မတီဝင်ကို တိုးချဲ့ဖွဲ့စည်းလို့ရတယ်ဆိုတဲ့ သတ်မှတ်ချက်ရှိပြီးသား။ မန္တလေးတိုင်းမှာ အစည်းအရုံးဝင် အင်အားများတယ်။ ဆောင်ရွက်ရမယ့်ကိစ္စတွေလည်း အင်အားကောင်းကောင်းနဲ့ သတ်မှတ်ချက်ညီအောင် ၁၅ ဦးအထိ တိုးချဲ့ဖွဲ့စည်းလိုက်တာ" ဟု ၎င်းကရှင်းပြသည်။

တိုင်းနှင့်ပြည်နယ်များတွင် သဘင်အစည်းအရုံးဝင် အင်အားများပြားသော်လည်း လုပ်ကိုင်မည့်အင်အား နည်းနေသေးကြောင်း၊ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်ပြီး အင်အားထည့်လုပ်ဆောင်ရန်လိုကြောင်း ဦးဖိုးချစ်က ဆက်လက်ပြောဆိုသည်။

မန္တလေးတိုင်းသဘင်အစည်းအရုံးအနေနဲ့ကတော့ လက်ရှိအနေအထားထက် ပိုကောင်းလာအောင် ကျွန်တော်နဲ့အတူ ပါဝင်လာမယ့် ကော်မတီတွေအားလုံး ညှိနှိုင်းတိုင်ပင်ပြီး သဘင်လောကတိုးတက်လာအောင် လုပ်ဆောင်မယ်" ဟု မန္တလေးတိုင်း၊ သဘင်အစည်းအရုံး၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ ဦးမင်းမင်းထိုက်က ပြောကြားသည်။

အလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းမှာ လေးနှစ်ဖြစ်သော်လည်း သဘင်ထုအတွက် အကျိုးမဖြစ်ထွန်းခြင်း၊ တိုးတက်အောင် မလုပ်ဆောင်နိုင်ပါက အဆိုပါကော်မတီဝင်များကို ဖြုတ်ချကာ ပြန်လည်ရွေးချယ်နိုင်ကြောင်း ဦးဖိုးချစ်က ထပ်မံပြောဆိုသည်။ ■

**M-07**




မန္တလေးတက္ကသိုလ်လုံခြုံရေးအားနည်းသည်ဟုဆိုကာ ကျောင်းသားသမဂ္ဂအမှုဆောင်အဖွဲ့ ဆန္ဒပြနေစဉ်

# မန္တလေးတက္ကသိုလ်လုံခြုံရေးအားနည်းမှု ကျောင်းသားသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့ဆန္ဒပြ

**မန္တလေး၊ ဇူလိုင် ၉**

မန္တလေးတက္ကသိုလ် လုံခြုံရေးအတွက် တာဝန်ရှိသူများ၏တာဝန်ယူမှု အားနည်းသည်ဟုဆိုကာ ယင်းတက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအပါအဝင် သမဂ္ဂအလုပ်အမှုဆောင်အဖွဲ့သည် ဇူလိုင်လ ၉ ရက်နေ့က တက္ကသိုလ်ပင်မဆောင်ရှေ့တွင် ဆန္ဒပြခဲ့ကြသည်။

မန္တလေးတက္ကသိုလ်အတွင်းဖြစ်ပေါ်လျက်ရှိသည့် မော်တော်ဆိုင်ကယ်နှင့်ပစ္စည်းများ ပျောက်ဆုံးနေမှုများကို တက္ကသိုလ်တာဝန်ရှိသူများက တာဝန်ယူမှုအားနည်းနေမှု၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ တက္ကသိုလ်တာဝန်ရှိသူများက တာဝန်ယူသည့် လုံခြုံရေးစနစ်များပေါ်ထွန်းလာရေးတို့အတွက် ဆန္ဒပြခြင်းဖြစ်ကြောင်း မန္တလေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုကျော်ဝင်းစိန်က ပြောကြားသည်။

"ကျွန်တော်တို့တက္ကသိုလ်အတွင်းမှာဖြစ်နေတဲ့ လုံခြုံရေးကိစ္စကို တက္ကသိုလ်တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတိုင်ပင်နေကြတာဟာ တစ်နှစ်ကျော်ကြာခဲ့ပါပြီ။ ဆွေးနွေးပွဲတွေကြောင့် ပြီးခဲ့တဲ့ငါးလပိုင်းကပဲ လုံခြုံရေးကုမ္ပဏီတစ်ခုကိုငှားပြီး လုံခြုံရေးဆောင်ရွက်ခဲ့ပေမယ့် ဆိုင်ကယ်တွေပျောက်နေတုန်းပဲ။ ကုမ္ပဏီကိုတာဝန်ယူခိုင်းတော့လည်း ပါမောက္ခချုပ်တွေက ကုမ္ပဏီဘက်ကို အကာအကွယ်ပေးနေတယ်" ဟု ၎င်းကပြောဆိုသည်။

၂၀၁၇ ခုနှစ်အတွင်းက မန္တလေးတက္ကသိုလ်ပတ်ဝန်းကျင်တွင် ဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် ခါးထောက်လုယက်ခြင်း၊ ရိုက်နှက်လုယက်ခြင်းများအထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်များကြောင့် ကျောင်းသားကျောင်းသူများ၏ ဆိုင်ကယ်များ လုံခြုံစိတ်ချရေး၊ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးတို့အတွက် ကျောင်းသားသမဂ္ဂက တောင်းဆိုမှုများ၊ တက္ကသိုလ်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ယင်းအပြင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၏ဆိုင်ကယ်များတွင် တက္ကသိုလ်အတွင်းဝင်ရောက်ခွင့် စတစ်ကာများ ကပ်စေခြင်း၊ ကျောင်းသားကတ်များချိတ်ဆွဲပြီး ဝင်ထွက်သွားလာစေခြင်းများ လုပ်ဆောင်ခဲ့သော်လည်း ဆိုင်ကယ်ပျောက်ဆုံးမှုများ လျော့နည်းမသွားခဲ့ကြောင်း ယင်းတက္ကသိုလ်ကျောင်းသားသမဂ္ဂထံမှ သိရသည်။

ယင်းအခြေအနေများကြောင့် ကျောင်းသားများက ကုမ္ပဏီတစ်ခုကိုငှားရမ်းကာ လုံခြုံရေးဆောင်ရွက်ပေးရန် တောင်းဆိုခဲ့၍ ၂၀၁၈ ခုနှစ် မေလအတွင်းက ကျောင်းတာဝန်ရှိသူများက ဖြည့်ဆည်းပေးခဲ့သော်လည်း ဆိုင်ကယ်ပျောက်ဆုံးမှုများ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် ယခုကဲ့သို့ ဆန္ဒပြတောင်းဆိုခြင်းဖြစ်သည်။

"ကျွန်တော်တို့ကတော့ ကျောင်းသားတွေလုံခြုံရေးအတွက် ကျောင်းသားတွေနဲ့ပဲ ညှိနှိုင်းပြီး လုံခြုံရေးဆောင်ရွက်ပေးခဲ့ပါတယ်။ တချို့ကိစ္စတွေက ကျွန်တော်တို့ချည်းပဲ လုပ်လို့မရဘူး။ ကျောင်းသားကျောင်းသူတွေကလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်" ဟု မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ပြောကြားသည်။

ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်အရ လုံခြုံရေးဝန်ထမ်းများ၏ပေါ့ဆမှုကြောင့် ပျောက်ဆုံးမှုများဖြစ်ပေါ်ပါက ကုမ္ပဏီက တစ်လအတွင်း ပေးလျော်ရမည်ဖြစ်သော်လည်း ပေးလျော်ခြင်းမရှိကြောင်း ကိုကျော်ဝင်းစိန်က ပြောဆိုသည်။

ငှားရမ်းထားသည့်လုံခြုံရေးကုမ္ပဏီနှင့် ချုပ်ဆိုထားသည့်စာချုပ်ပါ သဘောတူညီချက်များအရ အဆင်မပြေပါက ပြောင်းလဲ ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ ယခုချုပ်ဆိုထားသည့် စာချုပ်မှာလည်း ကျောင်းသားများနှင့် တိုင်ပင်ဆွေးနွေးကာ ချုပ်ဆိုထားခြင်းဖြစ်ကြောင်း ဒေါက်တာတင်ထွန်းအောင်က တုံ့ပြန်ပြောဆိုသည်။

၂၀၁၈ ပညာသင်နှစ် ပထမစာသင်နှစ်ဝက်အတွင်း မန္တလေးတက္ကသိုလ်၌ ဆိုင်ကယ်ပျောက်ဆုံးမှု ၂၀ ကျော်အထိ ဖြစ်ပွားခဲ့ကာ လုံခြုံရေးကုမ္ပဏီငှားရမ်းပြီးနောက်ပိုင်း ဇွန်လနှင့် ဇူလိုင်လပထမပတ်အတွင်းမှာပင် နိုင်ငံတကာဆက်ဆံရေးဌာနမှ ဆရာမတစ်ဦး လုယက်ခံရမှုဖြစ်စဉ်အပါအဝင် ဆိုင်ကယ်ခိုးယူခံရခြင်း၊ ဆိုင်ကယ်သော့ဖျက်ထားခြင်း၊ ကျောင်းသူတစ်ဦး လုယက်ခံရခြင်းတို့ဖြစ်ပွားခဲ့ကြောင်း ကျောင်းသားသမဂ္ဂအမှုဆောင်အဖွဲ့ထံမှ သိရသည်။ ■

**M-04**

# ဖားကန့်တွင် နှစ်လအတွင်း ရေကြီးရေလျှံမှု ၇ ကြိမ်ဖြစ်

**မြစ်ကြီးနား၊ ဇူလိုင် ၉**

ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြို့တွင်း နေရာအနှံ့ ရေကြီးရေလျှံမှု ၇ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ယင်းဒေသခံများထံမှ စုံစမ်းသိရှိရသည်။

မိုးရွာသွန်းမှုကြောင့် ဥရုချောင်းရေတက်ပြီး ဖားကန့်မြို့အတွင်း ရပ်ကွက်များနှင့် လုံးခင်းကျေးရွာအုပ်စု၊ ဆိပ်မူကျေးရွာအုပ်စုတို့တွင် ချောင်းရေတက်ကာ ရေကြီးရေလျှံမှုများဖြစ်ခဲ့ကြောင်း ဆိပ်မူကျေးရွာအုပ်စု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရွှေသိန်းက ပြောကြားသည်။

“ပြီးခဲ့တဲ့လထဲကနေ အခုထိဆိုရေတက်တာက ခုနစ်ကြိမ်ရှိပြီ။ ဒီမှာက မိုးအရမ်းရွာပြီဆို ရေကတက်လိုက်ပြန်ကျလိုက်ပေါ့”ဟု ၎င်းက ဆိုသည်။

အဆိုပါ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖားကန့်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်တိုင်များပြိုလဲခြင်း၊ ဓာတ်ကြိုးများပျက်ကျခြင်းနှင့် လမ်းတံတားအချို့ပျက်စီးခဲ့ခြင်းအပြင် ရေကြီးမြေပြိုမှုကြောင့် သေဆုံးသူများလည်း ၁၀ ဦး အထက်ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“အရမ်းကြီးတက်တာကတော့ ငါးကြိမ်။ ဒါပေမဲ့ ညမှာတက်ပြီး ပြန်ကျလိုက်ဖြစ်တာက နှစ်ကြိမ်ပေါ့။ မိုးကြီးရင် ပြန်တက်လိုက် ကျလိုက် ဖြစ်နေတာပဲ။ အားလုံးစုစုပေါင်းတော့ ၇ ကြိမ်လောက်ရှိမယ်” ဟု ဖားကန့်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြန်ကြားရေးတာဝန်ခံ ဒေါ်မိုးမိုးက ပြောဆိုသည်။

မိုးရွာသွန်းမှုကြောင့် ချောင်းရေများတက်လာရာ ပြီးခဲ့သည့်ဇူလိုင်လ ၄ ရက်နေ့ဝန်းကျင်မှစ၍ ဖားကန့်- ကာမိုင်းလမ်းတွင် ကားလမ်းပေါ် ရေအနည်းငယ်စတင်ကျော်လာခဲ့ပြီး ဇူလိုင်လ ၇ ရက်နေ့၌ ကားလမ်းရေလွှမ်းခဲ့သဖြင့် မော်တော်ယာဉ်များ အသွားအလာရပ်ဆိုင်းခဲ့သည်။

လတ်တလောတွင် ဖားကန့်မြို့တွင်း၌ရေပြန်ကျနေပြီး ဖားကန့်နှင့် ကာမိုင်းလမ်းပိုင်းတွင်လည်း ရေပြန်ကျနေပြီဖြစ်ကြောင်း ဖားကန့်ဒေသခံ ဦးထွန်းထွန်းက ပြောကြားသည်။

ပြီးခဲ့သည့် ဇွန်လ ၂၂ ရက်နေ့ နံနက်က မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် ဖားကန့်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး နေရာအများစု၌ မြေပြိုခဲ့ရာ သေဆုံးသူ ၁၃ ဦးရှိပြီး သုံးဦးဒဏ်ရာရခဲ့သည်။

ယခင်နှစ်များက မိုးတွင်းကာလ ရေကြီးရေလျှံမှုများရှိခဲ့သော်လည်း ယခုကဲ့သို့ မကြာခဏရေကြီးရေလျှံမှုမျိုး မရှိခဲ့ဖူးကြောင်း ယင်းဒေသခံများ၏ အဆိုအရ သိရသည်။

■ R-06

# မွန်လုပ်ငန်းရှင်များအသင်းဖွဲ့စည်း

**မော်လမြိုင်၊ ဇူလိုင် ၉**

မွန်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် မွန်လုပ်ငန်းရှင်များအသင်းကို ဇူလိုင်လ ၈ ရက်တွင် မော်လမြိုင်မြို့ရှိ Royal Hinthar Hotel တွင် ပြုလုပ်သည့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း (မွန်လုပ်ငန်းရှင်အဖွဲ့) ပထမဆုံးအကြိမ် အလုပ်အမှုဆောင်အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သည်။

မွန်လုပ်ငန်းရှင်များအနေနှင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတွင် ပါဝင်နိုင်ရေး၊ ဒေသအသီးသီးရှိ မွန်လုပ်ငန်းရှင်များ အင်အားဖြင့် ဒေသတွင်း စီးပွားတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရေး၊ မွန်လုပ်ငန်းရှင် အချင်းချင်းအပြင် အခြားတိုင်းရင်းသား လုပ်ငန်းရှင်များ၊ နိုင်ငံခြား စီးပွားရေး လုပ်ငန်းရှင်များနှင့် ဆက်သွယ်လုပ်ဆောင်နိုင်ရေးအတွက် ရည်ရွယ်ကာ ဖွဲ့စည်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး နိုင်ဗညာဆန်းက ပြောသည်။

ယင်းအပြင် နိုင်ငံတော်၏ စီးပွားရေး ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရာတွင် မွန်လုပ်ငန်းရှင်များ ကျယ်ပြန့်စွာ ပါဝင်နိုင်ရေးနှင့် မွန်အမျိုးသားအတွက် တစ်တပ်တစ်အား ပါဝင်ကူညီနိုင်ရေးလည်း ပါဝင်ကြောင်း ၎င်းကရှင်းပြသည်။

မွန်လုပ်ငန်းရှင်များ အသင်းအနေနှင့် မွန်ဒေသထွက်ကုန်၊ ပို့ကုန်စျေးကွက်ချဲ့ထွင်ရေး၊ စက်မှုလက်မှုနှင့် မွန်ယဉ်ကျေးမှု ရိုးရာစျေးကွက်ချဲ့ထွင်ရေး၊ ရော်ဘာနှင့် အခြားစိုက်ပျိုးမွေးမြူရေး၊ မွန်ပြည်သစ်ပါတီနှင့် မွန်လုပ်ငန်းရှင်များပူးပေါင်းပြီး မွန်စီးပွားဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ မွန်လုပ်ငန်းရှင်များ စုပေါင်းပြီး အများပိုင်ကုမ္ပဏီ တည်ထောင်လုပ်ကိုင်ရန် ချမှတ်ထားကြောင်း မွန်လုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။

မြန်မာနိုင်ငံတွင် စက်မှုနှင့်ကုန်သည်လုပ်ငန်းရှင်များအသင်း ရှိနေသော်လည်း လက်တွေ့တွင် တိုင်းရင်းသားလုပ်ငန်းရှင်များ မပါဝင်ခဲ့ကြောင်း၊ တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းကို အားပေးမြှင့်တင်သည့်အနေအထား မရောက်ကြောင်း၊ တိုင်းရင်းသားဒေသ နယ်စွန်နယ်ဖျားထိ ချိတ်ဆက် အားပေးနိုင်ရေးအတွက် လူမျိုးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့ ဖွဲ့ပေးမှသာ လူမျိုးအလိုက် လက်လှမ်းမီနိုင်မည်ဖြစ်ကြောင်း မွန်လုပ်ငန်းရှင်များအသင်း စီမံ ခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးနိုင်ထွန်းလွင်က ပြောသည်။

မွန်လုပ်ငန်းရှင်များအဖွဲ့တွင် နာယက ၅ ဦးနှင့် အကြံပေး ၁၂ ဦးကို ရွေးချယ်ထားပြီး စီးပွားရေး လုပ်ငန်းရှင် ၁၀၀ ဦး ခန့်ပါဝင်ကြောင်း၊ စီမံခန့်ခွဲရေး ကော်မတီ၊ ဘဏ္ဍာရေးရှာဖွေရေးကော်မတီ၊ အသင်းသားရေးရာကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ မွန်လုပ်ငန်းရှင် ငြိမ်းချမ်းရေး အထောက်အကူပြု ကော်မတီတို့ကို ဖွဲ့စည်းထားကြောင်း၊ အသင်းဝင်သစ်များကိုလည်း လက်ခံသွားမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

■ R-21

# တောင်ငူ အာဇာနည်နေ့အခမ်းအနား အစိုးရဦးဆောင်ကျင်းပမည်

**တောင်ငူ၊ ဇူလိုင် ၉**

နှစ် ၂၀ ကျော်က တောင်ငူမြို့နယ်ရှိ အာဇာနည်နေ့အခမ်းအနားများကို နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများကသာ ပြုလုပ်ခဲ့သော်လည်း ယခုနှစ် အာဇာနည်နေ့အခမ်းအနားကို ယင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပမည်ဖြစ်ကြောင်း ယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီထံမှ သိရသည်။

“ကျွန်တော်တို့ပါတီကတော့ အခမ်းအနားပြင်ဆင်ရေးအတွက် တာဝန်ယူသွားမှာပါ”ဟု တောင်ငူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းက ပြောကြားသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း အာဇာနည်နေ့အခမ်းအနားများကို ကျင်းပခွင့်ပိတ်ပင်ထားရာမှ ၂၀၁၃ ခုနှစ်နောက်ပိုင်း အာဇာနည်နေ့ အခမ်းအနားများ ပြန်လည်ကျင်းပခွင့်ရရှိရေး ကြိုးပမ်းခဲ့ရာ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့များ ပူးပေါင်းကျင်းပခွင့်ရခဲ့ကြောင်း တောင်ငူမြို့နယ် နိုင်ငံရေးတက်ကြွလှုပ်ရှားသူအချို့ထံမှ သိရသည်။

ယင်းနောက်ပိုင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် NLD ပါတီတို့ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်မှ စတင်၍ အာဇာနည်နေ့အခမ်းအနားများ ကျင်းပခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

■ R-15



ဓာတ်ပုံ - မောင်မျိုးထက်

‘စစ်ပွဲများ အလိုမရှိ’ ငြိမ်းချမ်းရေး ပြဇာတ်ကပြခဲ့သူများ

# ငြိမ်းချမ်းရေးပြဇာတ်ကသည့် ပုသိမ်ကျောင်းသား ၈ ဦးကို ပြန်စစ်မည်

**ပုသိမ်၊ ဇူလိုင် ၉**

ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်တွင် ‘စစ်ပွဲများ အလိုမရှိ’ ငြိမ်းချမ်းရေး ပြဇာတ်ကသည့်အတွက် ပုသိမ်မြို့နယ် တရားရုံးပြစ်ဒဏ်ချမှတ်သည့် ကျောင်းသား ၈ ဦး အမှုကို ရာဇဝတ်ပြင်ဆင်မှု လျှောက်ထား လာသည့်အတွက် ဇူလိုင် ၁၆ ရက်နေ့တွင် ပြန်လည်စစ်ဆေးရန် ပုသိမ်ခရိုင်တရားရုံးမှ ဆင့်ခေါ်စာပေးပို့ထားကြောင်း ၎င်းတို့ ထံမှ သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ မြို့နယ်တရားရုံးမှ ကိုအောင်ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့ကို ဒဏ်ငွေ ငါးသောင်း ကျပ် (သို့မဟုတ်)ထောင်ဒဏ် ၃ လ၊ ကိုထက်ပိုင်ဖြိုးအပါအဝင် ကျန်ကျောင်းသား ၆ ဦးတို့ကို ဒဏ်ငွေ သုံးသောင်းကျပ်(သို့မဟုတ်) ထောင်ဒဏ် ၁ လ အပြစ်ဒဏ်ကျခံစေရန် ၂၀၁၈ ခုနှစ် ဧပြီ ၄ ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း၊ ယင်းပြစ်ဒဏ်ချမှတ်ခြင်းအပေါ် ကျေနပ်မှုမရှိသည့်အတွက် ပြင်ဆင်တင်လာခြင်းဖြစ်ကြောင်း ကျောင်းသားများဘက်မှ အမှုလိုက်ပါ ဆောင်ရွက်သူ မြန်မာနိုင်ငံရှေ့နေများကွန်ရက် ဧရာဝတီတိုင်း ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးတင်အောင်ထွဋ်က The Voice Daily သို့ ပြောကြားသည်။

“တရားလိုဘက်က ရက် ၉၀ အတွင်း ပြင်ဆင်မှု လျှောက်ထားခွင့် ရှိပါတယ်။ တရားလို ကိုယ်တိုင်လျှောက်ထားရမှာဖြစ်ပါတယ်။ ပြင်ဆင်မှု တက်ရောက်ခဲ့ရင် ပြင်ဆင်မှုသဘောအရ တရားရုံးက လျှောက်ထားခံရသူများကို ခေါ်မယ်။ ကျွန်တော့်အနေနဲ့က ထားခံရသူများဘက်မှ ရှေ့နေအဖြစ် အမှုရင်ဆိုင်မယ်။ နှစ်ဖက်လျှောက်လဲချက်ပေးမယ်။ အပြီးသတ် အမိန့်ချမယ်ဆိုတဲ့ အဆင့် ၄ ဆင့်ပဲရှိပါတယ်။ မြို့နယ်တရားသူကြီးကလည်း မှန်မှန်ကန်ကန်စီရင်ခဲ့တာပဲ”ဟု ၎င်းက ပြောဆိုသည်။

ပြစ်မှုကျူးလွန်သူတို့မှာ လူငယ်လူရွယ်များဖြစ်၍ ကလေးသူငယ်ဆိုင်ရာ အကာအကွယ်များ ပေးရမည်ဖြစ်ပြီး ကျောင်းသားလူငယ်များဖြစ်၍ ပြုပြင်ရေးသဘောဆန်သည့် အပြစ်ဒဏ်ကိုသာ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအမှုကို စီရင်မိန့်ချမှတ်ခဲ့သည့် ပုသိမ်မြို့နယ် တရားသူကြီး ဦးဝင်းအောင်က ရှင်းပြပြောဆိုသည်။

တရားစွဲခံရသူတို့တွင် တက္ကသိုလ်တက်နေဆဲနှင့် ယခုနှစ် ၂၀၁၇-၁၈ ခုနှစ် ၁၀ တန်းအောင်သည့်သူ နှစ်ဦးပါဝင်ကြောင်း၊ ယခုကဲ့သို့ ပြင်ဆင်မှုတက်လာသဖြင့် ဥပဒေအရတရားရုံးတွင် အမှုရင်ဆိုင်ရန် ရှေ့နေ ဦးတင်အောင်ထွဋ်အနေနှင့် ဆွေးနွေးပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြင်ဆင်မှုအတွက် ဆင့်ခေါ်ခံရသည့် ကျောင်းသား ၈ ဦးက ဆိုသည်။

ကျောင်းသား ၈ ဦးသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့က ပုသိမ်ဟိုတယ်၌ပြုလုပ်သည့် အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော သဘောထား အလုပ်ရုံဆွေးနွေးပွဲတွင် ‘စစ်ပွဲများ အလိုမရှိ’ ငြိမ်းချမ်းရေးပြဇာတ်ကို ကပြဖြေဖျော်ခဲ့ရာတွင် ဇာတ်ဝင်ခန်းအချို့၌ တပ်မတော်မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟုဆိုကာ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးခိုင်က ပုဒ်မ ၅၀၀ ဖြင့် တရားလိုပြု တရားစွဲဆိုခဲ့သည်။

■ R-12

# ကလေးတွင် အိန္ဒိယနိုင်ငံထုတ် လေသေနတ်များနှင့် တရားမဝင်ဆေးဝါးများ ဖမ်းမိ

**ကလေး၊ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် အိန္ဒိယနိုင်ငံထုတ် လေသေနတ်လေးလက်နှင့် အိန္ဒိယနိုင်ငံထုတ် တရားမဝင်ဆေးဝါးများ သယ်ဆောင်လာသူတစ်ဦးကို ဇူလိုင်လ ၈ ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း ကလေးမြို့နယ်ရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းနေ့က ကလေးမြို့၉ မိုင် စစ်ဆေးရေးဂိတ်တွင် တီးတိန်ဘက်မှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးရာမှ အိန္ဒိယနိုင်ငံထုတ် ကိုယ်ထည်အမှတ် CAL ၄ ဒသမ ၅ (177) ပါဒင်မှ ပြောင်းဝအထိ အရှည်ပေ ၃ ပေ ၅လက်မမှ ၃ပေ ၇လက်မ အရွယ်အစားရှိ လေသေနတ် လေးလက်နှင့် လေသေနတ်ကျည်ဆန် တစ်ဘူးလျှင် ကျည်ဆန် ၄၈၀ တောင့်ပါ ကျည်ဆန်ဘူးလေးခုအပြင် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ကျပ်သိန်း ၃၉,၄၆၈,၀၀၀ တန်ဖိုးရှိ အိန္ဒိယနိုင်ငံထုတ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

"ရိခေါဒါရ်မြို့ကနေ အိန္ဒိယဘက်က လူတစ်ယောက်က ကားပစ္စည်းတွေဆိုပြီး တန်ဆာခပေးလို့ တင်လာတယ်။ ကလေးမြို့ တာဟမ်းရပ်ကွက်ရောက်ရင် ဖုန်းဆက်လိုက် ပစ္စည်းချရမယ့်နေရာပြောမယ်ဆိုလို့ တင်လာတာလို့သိရတယ်"ဟု ကလေးမြို့မရဲစခန်းမှ ရဲအုပ် ချစ်စမ်းမောင်က ပြောဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းကို ဖမ်းဆီးကာ အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကလေးမြို့နယ် ရဲစခန်းထံမှ သိရသည်။

■ **R-20**



ဓာတ်ပုံ - ချိုသဲကြည်

# ရွှေဘိုသနပ်ခါး ရောင်းအားကျ

**ရွှေဘို၊ ဇူလိုင် ၉**

နာမည်ကျော် ရွှေဘိုသနပ်ခါးဈေးကွက်တွင် ယခုနှစ်မိုးရာသီ၌ ယခင်နှစ်ကာလတူကထက် ရောင်းအားမှာကျဆင်းနေကြောင်း ရွှေတန်ဆာဘုရားဝင်းအတွင်း ရောင်းချနေသည့် သနပ်ခါးအရောင်းဆိုင်ပိုင်ရှင်များထံမှ စုံစမ်းသိရှိရသည်။

နှစ်စဉ် မိုးရာသီနှင့် ဆောင်းရာသီကာလတို့တွင် ပုံမှန်ရောင်းအားကျဆင်းလေ့ရှိသော်လည်း ယခုနှစ်မိုးရာသီတွင် ပုံမှန်ထက် ပိုမိုရောင်းအားကျဆင်းခဲ့ကြောင်း ၎င်းတို့က ပြောဆိုသည်။

ယခင်နှစ်က တစ်ရက်လျှင်ရောင်းအားမှာ ငါးသောင်းကျပ်အနည်းဆုံးရောင်းရပြီး အဝေးဖောက်သည်လာပါက နှစ်သိန်းမှ သုံးသိန်းကျပ်အထိ ရောင်းချရသော်လည်း ယခုနှစ်မိုးရာသီ၌ အများဆုံးရောင်းအားမှာ ငါးသောင်းကျပ်ခန့်သာ လက်လီရောင်းချနေရကြောင်း ဝါဝါဝင်းသနပ်ခါးဆိုင်ရှင် ဒေါ်ပိုပို၌ေ့က ပြောကြားသည်။

"ဈေးဦးမပေါက်တဲ့ရက်ကို ရှိတယ်" ဟု ၎င်းက ဆိုသည်။

ယင်းသို့ သနပ်ခါးရောင်းအားကျဆင်းသဖြင့် ဈေးလျှော့ချ၍ ရောင်းရပြီး ပုံမှန်တစ်တုံးလျှင် ၂၀၀၀ ကျပ်အနည်းဆုံးဈေးဖြင့် ရောင်းသည့်သနပ်ခါးကို ယခုအခါ ၁၅၀၀ ကျပ်ခန့်ဖြင့် ဈေးချရောင်းနေရကြောင်း၊ သနပ်ခါးခြံတွင်ဝယ်ရာ၌ ပုံမှန်ဈေးဖြင့် ဝယ်ယူရသည့်အတွက် အရင်းဈေးပြန်ရရန်ပင် မနည်းရောင်းချနေရကြောင်း ယင်းသနပ်ခါးအရောင်းတန်းမှ ဆိုင်ရှင်ဒေါ်ပေက ရှင်းပြပြောဆိုသည်။

သနပ်ခါးမှာ တော်သလင်း၊ သီတင်းကျွတ်နှင့် တပေါင်း၊ တန်ခူးလများတွင် ရောင်းအားကောင်းလေ့ရှိပြီး ကျန်လများတွင် အရောင်းအဝယ် ပါးလေ့ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ရွှေတန်ဆာ ဘုရားဝင်းစောင်းတန်းတွင် သနပ်ခါးပင်ရင်းဆိုင် ၄၇ ဆိုင်ရှိပြီး သနပ်ခါးစစ်စစ်များကို အရည်အသွေးအလိုက်တစ်တုံးလျှင် ၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ သနပ်ခါးအပင်တစ်ပင်လျှင် အနည်းဆုံး ၇၀၀၀ ကျပ်မှ၅၀,၀၀၀ကျပ်အထိ အရည်အသွေးအလိုက်ဈေး ရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

■ **R-09**

# မော်လမြိုင် မြို့ပေါ်ရပ်ကွက်ရှိ မြောင်း၃၂မြောင်းပြန်လည်တူးဖော်

**မော်လမြိုင်၊ ဇူလိုင် ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်တွင် ဇွန်လက ရေကြီးရေလျှံ ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေကြီးရေလျှံမှုများ ထပ်မဖြစ်စေရန် မြို့ပေါ်ရှိ မြောင်းကြီး မြောင်းငယ် ၃၂ခုကို ပြန်လည်တူးဖော် ရှင်းလင်းနေကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

"မော်လမြိုင်မြို့ပေါ်မှာ ၃၂ မြောင်းပြန်တူးနေတယ်၊ အနည်းဆုံး မိုင် ၄၀ နဲ့ ၅၀ ကြားမှာရှိတယ်၊ လောလောဆယ်တော့ ရေစီးရေလာ ကောင်းအောင်ပဲ လုပ်ရသေးတယ်၊ နွေကျမှ ဒီဇိုင်းဆွဲပြီး သေချာပြန်လုပ်မယ်"ဟု ၎င်းက ဆိုသည်။

အချို့ရေမြောင်းကြီးများမှာ တစ်မိုင်ကျော်မှ နှစ်မိုင်အထိ ရှည်လျားကြောင်း၊ ရေမြောင်းများ ပြန်လည်တူးဖော်ရှင်းလင်းနိုင်ရန် ရေဘေးကယ်ဆယ်ရေးအတွက် လှူဒါန်းထားသော အလှူငွေများထဲမှ အသုံးပြုလျက်ရှိကြောင်း၊ မြောင်းပြန်လည်တူးဖော်ရှင်းလင်းရာတွင် စက်ယန္တရားများ အသုံးပြုရာ၌ ပြည်ထောင်စုအစိုးရက စက်သုံးဆီများကို ထောက်ပံ့ပေးခဲ့ကြောင်း ဝန်ကြီးချုပ်က ရှင်းပြသည်။

လက်ရှိတွင် လှိုင်၊ ရွှေမြိုင်သီရိ၊ ဇေယျာမြိုင်၊ ဈေးကြို၊ ငန်းတေးရပ်ကွက်များရှိ မြောင်းများကို တူးဖော်နေကြောင်း၊ ကွင်းရပ် အထက်လမ်းကြီး၊ သိရိမင်္ဂလာ၊ သာယာ အေးရပ်ကွက်ရှိ ရေမြောင်းများ တူးဖော်မှုမှာ ပြီးစီးနေကြောင်း မွန်ပြည်နယ်စည်ပင် သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနထံမှ သိရသည်။

"ကျွန်တော်တို့ရပ်ကွက်တော့ ပြီးသွားပြီ၊ တစ်ချို့အိမ်တွေက မြောင်းတွေမှာ ကွန်ကရစ် အသေလောင်းထားတာ ရှိတယ်၊ တချို့က အဖောက်ခံတယ်၊ တချို့က အဖောက်မခံဘူး၊ ပြဿနာတွေတော့ နည်းနည်းဖြစ်တာပေါ့၊ ဒါပေမဲ့ စည်ပင်ကတော့ အတတ်နိုင်ဆုံး လုပ်သွားပေးတယ်၊ အခု မိုးကြီးလည်း ရေတွေကစီးအားကောင်းလာတယ် မလျှံတော့ဘူး"ဟု ကွင်းရပ် (အထက်လမ်းမကြီး) နေ ဒေသခံတစ်ဦးက ပြောသည်။

မြို့ပေါ်ရပ်ကွက်ရှိ မြောင်းများကို စည်ပင်သာယာရေးဌာန၊ ဆည်မြောင်းနှင့် ဆောက်လုပ်ရေးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မော်လမြိုင်မြို့ပေါ်တွင် ရပ်ကွက်ပေါင်း ၂၉ ခုရှိရာ၊ ရပ်ကွက်တွင်း ရေမြောင်းများအပေါ်တွင် ကျူးကျော်ထားသည့် အဖီများကိုလည်း ရှင်းလင်းနေကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။

■ **R-21**

# NEWS IN BRIEF

## အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျိုင်းတုံ၌ စုပေါင်းသွေးလှူမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁၃ ရက်နေ့မှစတင်၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းမည်ဖြစ်ကြောင်း အဆိုပါဆေးရုံကြီး ရောဂါဗေဒ အထူးကု ဆရာဝန်ကြီး ဒေါက်တာ စောမြတ်သွယ်က ပြောကြားသည်။

တိုင်းရင်းသား မျိုးနွယ်စုပေါင်းများစွာ တက်ရောက်ကုသနေသည့် ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၅ ခုနှစ်မတိုင်မီက လစဉ်သွေးအလုံးရေ ၈၀ ခန့်သာလိုအပ်နေရာမှ ယင်းနောက်ပိုင်း လစဉ်သွေးအလုံးရေ ၂၀၀ မှ ၂၅၀ အထိ လိုအပ်ချက်မြင့်တက်လာရာ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ စေတနာရှင်များစုပေါင်းလှူဒါန်းသည့်သွေးများကို အဓိက မှီခိုအားထားနေရကြောင်း အဆိုပါဆေးရုံကြီးထံမှ သိရသည်။

■ **R-16**

## ရေနံချောင်း၌ ၁၀ တန်းကျောင်းသားအချင်းချင်းဓားထိုးမှုဖြစ်

မကွေးတိုင်း ရေနံချောင်းမြို့ ရွာသစ်ရပ် အ.ထ.က(၁)ကျောင်းရှေ့တွင် ဇူလိုင်(၈)ရက် ညနေပိုင်းက ဒသမတန်း(၁၀ တန်း) ကျောင်းသားအချင်းချင်းခိုက်ရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း ရေနံချောင်းမြို့မ ရဲစခန်းထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေနံချောင်းမြို့မရဲစခန်းမှ ဓားဖြင့်ထိုးသည့် ကျောင်းသားကို (ပ) အမှတ် ၃၃၈/ ၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်လှစ်ထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■ **နေနိုင်(ချောက်)**

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊
ဖုန်း - ၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)

# စစ်ကိုင်းတိုင်း အမှတ်တံဆိပ်ပြောင်းလဲရန် ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်

ကလေး၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး၏အမှတ်တံဆိပ်ဖြစ်သော အလံအရောင်တံဆိပ်အမှတ်အသားကို ပြောင်းလဲမည်ဖြစ်ရာ ယင်းပြောင်းလဲမည့် အလံအရောင်တံဆိပ်အသစ်အတွက် ဝင်ရောက်ရေးဆွဲယှဉ်ပြိုင်လိုသူများကို ဖိတ်ခေါ်ထားကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးဝင်းမြိုင်က ပြောကြားသည်။

၂၀၁၈ ခုနှစ် ဒုတိယအကြိမ်လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၏ ကိုယ်စားပြုအလံ၊ အစိုးရအဖွဲ့အမှတ်အသားတံဆိပ်ကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ယင်းသို့ပြုပြင်ပြောင်းလဲရန် အတွက် အလံအရောင် တံဆိပ်၊ တိုင်းဒေသကြီး၏ တံဆိပ်အမှတ်အသား(logo) တို့၏ အရွယ်အစား ဖော်ပြချက်များကို ပြည့်စုံစွာဖော်ပြ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးရုံးသို့ ဇူလိုင်လ ၁၈ ရက်နေ့နောက်ဆုံးထားပေးပို့ကာ ယှဉ်ပြိုင်နိုင်ကြောင်း ဦးဝင်းမြိုင်က ပြောဆိုသည်။

"တိုင်းဒေသကြီးသုံးတဲ့ တံဆိပ်ဆိုရင် အလံဆိုရင်လည်း အရောင်က အောက်ခံဘာရောင် အဲဒီပေါ်မှာမှ ကိုယ်တင်မယ့် တံဆိပ်ပေါ့။ အဲဒီတံဆိပ်ကလည်း ကြည့်လိုက်တာနဲ့ စစ်ကိုင်းတိုင်းဆိုတဲ့ အမှတ်ကလေးပေါ်အောင်ပေါ့။ ကယားဆိုရင်လည်း ကိန္နရီ ကိန္နရာရုပ်တွေ့တာနဲ့ ဒါကယားပြည်နယ်ပဲ။ ကရင်ဆိုရင်လည်း ဖားစည်တွေ့တာနဲ့ ဒါကရင်ပြည်နယ်ပဲဆိုတာ ပုံတွေ့တာနဲ့ သိနိုင်အောင်ပေါ့ဗျာ" ဟု ၎င်းက ဆိုသည်။

ဝင်ရောက်ယှဉ်ပြိုင်သူများ၏တံဆိပ်ကို အသုံးပြုပါက ဉာဏ်ပူဇော်ခအနေနှင့် ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်သော်လည်း တန်ဖိုးမည်မျှပေးမည်ကို အသိပေးနိုင်သေးခြင်း မရှိသေးကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအလံ အမှတ်အသားတံဆိပ်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြုတံဆိပ်နှင့် ဆင်တူနေသည့်အတွက် သိသာထင်ရှားကွဲလွဲပြတ်သားသော ဒီဇိုင်းပုံစံပြောင်းလဲပြင်ဆင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မုံရွာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်က ဇွန်လ ၁၁ ရက်နေ့တွင်ပြုလုပ်သည့်တိုင်းဒေသကြီးလွှတ်တော်တွင် အဆိုတင်ဆွေးနွေးခဲ့ပြီးနောက် ဇွန်လ ၁၃ ရက်နေ့ ဆွေးနွေးဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအမှတ်တံဆိပ်ကို ပြုပြင်ပြောင်းလဲရန် လိုဂိုပြိုင်ပွဲကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

■ R-20

# ဘုရားကြီးတွင် ကားနှင့်ဆိုင်ကယ်တိုက်၍ နှစ်ဦးသေဆုံး

တောင်ငူ၊ ဇူလိုင် ၉

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဘောနတ်ကြီး-ဘုရားကြီးလမ်းပေါ်တွင် ဇူလိုင်လ ၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ခြောက်ဘီးကုန်တင်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၍ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း ဘုရားကြီးနယ်မြေရဲစခန်းထံမှ သိရသည်။

အဆိုပါလမ်းပေါ်ရှိဝဂ်ဘောကျေးရွာအနီးတွင် ဦးထွန်းလင်းအောင်(၃၃ နှစ်) မောင်းနှင်လာသည့် ခြောက် ဘီးကုန်တင်ယာဉ်သည် အနောက်ဘက်မှ အရှေ့ဘက်သို့ မောင်းနှင်လာစဉ် ရှေ့ယာဉ်ကိုကျော်တက် မောင်းနှင်သည့် ဆိုင်ကယ်တစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး အရှိန်လွန်ကာ နောက်မှ ဆိုင်ကယ်တစ်စီးနှင့် ထပ်မံချိတ်မိခဲ့ပြီး မျက်နှာချင်းဆိုင်တိုက်မိသည့် ဆိုင်ကယ်မောင်းနှင်သူ ဦးကျော်စွာလင်း (၂၇ နှစ်)နှင့် နောက်မှ လိုက်ပါလာသူ ဦးမင်းနိုင်(၄၂ နှစ်)တို့ သေဆုံးကာ ကားနှင့် ချိတ်မိသည့် ဦးသိန်းကို(၃၀ နှစ်) နှင့် နောက်မှ လိုက်ပါလာသူ ဒေါ်ချို(၃၇ နှစ်)တို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ ဒေါ်ချိုမှာ စိုးရိမ်ရကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး ယာဉ်မောင်း ထွန်းလင်းအောင်ကို ယာဉ်(ပ)၅၇/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က၊ ၃၃၈ ဖြင့် အမှုဖွင့်လှစ်စစ်ဆေးဆောင်ရွက်နေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

■ R-15

သတင်းကိုစွ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၇



ဓာတ်ပုံ - အောင်မြိုး

# ပြည်တွင် ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်စိုက်ထူခြင်း နှစ် ၄၀ ပြည့်အခမ်းအနား ကျင်းပမည်

ပြည်၊ ဇူလိုင် ၉

ပြည်မြို့တွင်၊ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်ကို စိုက်ထူခဲ့ခြင်းနှစ် ၄၀ ပြည့် ပတ္တမြားရတုအထိမ်းအမှတ် အခမ်းအနား ပြုလုပ်မည်ဖြစ်ကြောင်း ပြည်လူငယ့်ရိပ်မှ ရုံးအဖွဲ့မှူး ကိုဖြိုးကျော်က ပြောကြားသည်။

ပြည်မြို့ရှိ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်လမ်း၊ ညဈေးတန်းလမ်းနှင့် ရန်ကုန်-ပြည်လမ်းတို့ဆုံရာ အဝိုင်းပတ်နေရာတွင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ်ကို ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် စိုက်ထူဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့၌ နှစ်ပေါင်း ၄၀ ပြည့်မည်ဖြစ်သည်။

"ရုပ်တုနဲ့ပတ်သက်လို့ ကျေးဇူးတင်အမှတ်တရစကားတွေပြောမယ်။ ဒါကြောင့် ဒီပွဲမှာ ရုပ်တုကိုသွန်းလုပ်ခဲ့တဲ့သူတွေ သက်ရှိထင်ရှားရှိရင်လည်း ဖိတ်ကြားမယ်။ မရှိတော့ရင်လည်း သူ့ရဲ့မိသားစုဆွေမျိုးတွေကိုဖိတ်ပြီး ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သွားဖို့ရှိပါတယ်" ဟု ကိုဖြိုးကျော်က ပြောဆိုသည်။

အဆိုပါ အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းအား လေးစားမြတ်နိုးတန်ဖိုးထားကြသည့် ပြည်ဒေသခံများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ လူငယ်များက ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ရုပ်တုဖြစ်စဉ်သမိုင်းကြောင်း ဓာတ်ပုံများလည်း ပြသမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့မြို့က ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်ဟာ ဆိုရင် လက်ရာသေသပ်ကောင်းမွန်တာကြောင့် ဒေသခံတွေက နှစ်သက်ဂုဏ်ယူကြတယ်။ ဂရုစိုက်ထိန်းသိမ်းကြတယ်။ အခြားရုပ်တုတွေနဲ့ယှဉ်ရင် မျက်နှာမငယ်ရဘူး" ဟု ပြည်မြို့ ဒေသခံတစ်ဦးက ပြောဆိုသည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင်ကျရောက်မည့် အာဇာနည်နေ့အကြိုစာပေစကားဝိုင်းများကိုလည်း ရုပ်တုရှေ့ရှိဗိုလ်ရှုခံအဆောက်အအုံတွင် ကျင်းပမည်ဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။

ယခင်က ကြေးသတ္တုဖြင့် ဗိုလ်ချုပ်ကိုဂုဏ်ပြုရုပ်တုပြုလုပ်ရန်အတွက် မြို့နယ်အတွင်း ကြေးများအလှူခံခဲ့သော်လည်း အဆင်မပြေသဖြင့် သံကူကွန်ကရစ် ကျောက်ရုပ်သာသွန်းလုပ်နိုင်ခဲ့ကြောင်း ပြည်ဒေသခံများထံမှ သိရှိရသည်။

ရုပ်တုတွင် ဗိုလ်ချုပ်မှာ ဗမာ့လွတ်လပ်ရေး တပ်မတော်ဝတ်စုံကိုဝတ်ထားပြီး လက်ထဲတွင် စာရွက်လိပ်တစ်လိပ်ကိုင်ထားကာ မြင်းရုပ်တုမှာ လုပ်ကြံသတ်ဖြတ်ခံရတဲ့သင်္ကေတအဖြစ် မြင်းခွာတစ်ချောင်းမြှောက်ထားကြောင်း ဗိုလ်ချုပ်ရုပ်တုတည်ဆောက်ပုံအကြောင်း သိရှိသူများထံမှ သိရသည်။

ပြည်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်ကို ရန်ကုန်မြို့ ဆောက်လုပ်ရေးကော်ပရေးရှင်း အဆောက်အအုံပညာဌာနစိတ်၊ ပန်းပုပညာဌာနမှ ပန်းပုဆရာကြီးဦးဟန်တင်နှင့် အဖွဲ့မှ ၁၉၇၇ ခုနှစ်တွင် ကိုးလကြာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်တုတည်ဆောက်မှုမှတ်တမ်းများအရ သိရသည်။

■ M-06

# ကျောက်မဲတွင် နွားတင်ကား သေနတ်ဖြင့်အပစ်ခံရ၍ တစ်ဦးသေဆုံး

လားရှိုး၊ ဇူလိုင် ၉

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ ပင်တိန်ရွာအနီး ရင်ကွဲတောင်တွင် ဇူလိုင်လ ၉ ရက်နေ့ နံနက် ၈ နာရီခွဲကျော်က နွားများတင်ဆောင်လာသည့်ယာဉ်တစ်စီးကို လက်နက်ကိုင်အမျိုးသား နှစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်အတွက် ယာဉ်မောင်းအမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ကျောက်မဲမြို့နယ်၊ ရဲတပ်ဖွဲ့ထံမှ သိရသည်။

နွားကောင်ရေ ၂၀ ကျော်ကို ကုမ္ပဏီ၏ သယ်ဆောင်ခွင့်အထောက်အထားများဖြင့် တရားဝင်တင်ဆောင်လာခြင်းဖြစ်ပြီး ယင်းနေရာအနီး၌ လက်နက်ကိုင်များ၏ပစ်ခတ်ခံရခြင်းဖြစ်ကာ ယာဉ်မောင်း မောင်စံ(ခ)စံထွန်းအောင် အသက် ၃၆ နှစ်သည် သေဆုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"ယာဉ်မောင်းကို ကျည်ထိမှန်ခဲ့လို့ မော်တော်ယာဉ်က တောင်ကမ်းပါးယံကို တိုက်မိပြီး ရပ်တန့်သွားတယ်။ ယာဉ်မောင်းက နေရာမှာတင် သေဆုံးတယ်" ဟု ၎င်းက ဆိုသည်။

ကျောက်မဲမြို့နယ်အတွင်း ပြည်ထောင်စုလမ်းပိုင်း၌ နွားများတင်ဆောင်လာသည့်ကားများ သေနတ်ဖြင့်ပစ်ခတ်ခံရမှု မကြာခဏဖြစ်ပေါ်နေရာ လွန်ခဲ့သည့် ဇွန်လ ၁၀ ရက်နေ့က နွားတင်ယာဉ်တစ်စီး ပစ်ခတ်ခံရမှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ဇွန်လ ၃၀ ရက်နေ့ကလည်း နွားတင်ယာဉ် ပစ်ခတ်ခံရ၍ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး နွား ၁၃ ကောင် သေဆုံးခဲ့သည်။

■ R-07

# ဘယ်တုံးကမှ ရောက်မလာခဲ့သော အနောက်နိုင်ငံများ၏ရင်းနှီးမြှုပ်နှံမှု

CTHan ဘာသာပြန်ဆိုသည်

**မြန်မာ နိုင်ငံထဲမှာစီးပွားရေးလုပ်ကိုင်ကြမည့် အမေရိကန်နှင့် အနောက်ဥရောပလုပ်ငန်းကြီးများနှင့်ပတ်သက်၍ မြန်မာလုပ်ငန်းရှင်ကြီးများအကြား ပြောစမှတ်ဖြစ်နေသည့် စကားလုံးတစ်လုံး ရှိသည်။**

NATO

ယင်း NATO မှာ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ NATO တော့ မဟုတ်ပေ။ အရှည်ကောက်အားဖြင့် ' No Action, Talk Only' ဟု အဓိပ္ပာယ်ရသည့် NATO ဖြစ်သည်။ 'လုပ်ကိုင်နိုင်တာမရှိ၊ အပြောသက်သက်သာရှိ' ဟုဆိုလျှင်လည်း ရမည်ထင်သည်။

မြန်မာနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စီးပွားရေးအထူးအကြံပေးပုဂ္ဂိုလ် ရှောင်တာနယ်လ်ကလည်း ယင်းသို့ပင် 'No Action, Talk Only' ဟု အင်တာဗျူးတစ်ခုတွင် အစချီပြောသည်။ ထို့နောက် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ရသည့် အခွင့်အရေးများနှင့် အပြီးမြောက်ခဲ့သောလုပ်ငန်းများအကြောင်းကို ၎င်းကထောက်ပြသည်။

မြန်မာသည် နှစ်ပေါင်းများစွာ(ဆယ်စုနှစ်ငါးခုခန့်) စစ်အာဏာရှင်စနစ်အောက်သို့ ရောက်ရှိခဲ့ရာမှ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခံရသည့် အရပ်သားအစိုးရ ၂၀၁၆ ခုနှစ်တွင် အာဏာရလာခဲ့ခြင်းကြောင့် အရှေ့တောင်အာရှတွင် လျင်လျင်မြန်မြန်ကြီးပွားတိုးတက်မည့်နိုင်ငံဖြစ်လာမည်ဟု ရှုမြင်ခံခဲ့ရသော်လည်း အနောက်စီးပွားရေးရင်းနှီးမြှုပ်နှံသူများကမူ မြန်မာကိုစောင့်ကြည့်ချဉ်းကပ်သည့် မူဝါဒဖြင့်သာ တုံ့ပြန်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်ထဲသို့ ရောက်ရှိလာသော်လည်း ရခိုင်ပြည်နယ်တွင် ဆူပူအကြမ်းဖက်မှုများ ဆက်ရှိနေဆဲဖြစ်သည် ဟူသောသတင်းများကလည်း ထွက်ပေါ်ခဲ့သလို ရိုဟင်ဂျာ(ဘင်္ဂါလီ)ကိစ္စကို နိုင်ငံတကာမီဒီယာများက အလေးနက်ထား ဖော်ပြနေဆဲပင်ဖြစ်သည်။

"အနောက်နိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ ကိစ္စက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်မှု ရပ်တန့်သွားတာ မဟုတ်ဘူး။ တကယ့်အမှန်တရားက အဲဒီရင်းနှီးမြှုပ်နှံမှုတွေ ဘယ်တုံးကမှ ဝင်မလာခဲ့တာ" ဟု ရှောင်တာနယ်လ်က ပြောကြားသည်။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ်ကမှစ၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃၀ ဘီလီယံဖိုးကျော်ကျော်မျှသာ ရခဲ့သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုထဲတွင် စင်ကာပူမှာ အများဆုံးဖြစ်ပြီး ၁၄ ဒသမ ၅ ဘီလီယံဖြစ်သည်။ တရုတ်နှင့်ဟောင်ကောင်တို့မှာ ၇ ဒသမ ၁ ဘီလီယံဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှာ ၂ ဒသမ ၆ ဘီလီယံသာ ဖြစ်သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ စီမံခန့်ခွဲရေးညွှန်ကြားမှုရုံးက ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

ထိုသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နည်းပါးလွန်းနေသည့် အခြေအနေမှာ လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမတိုင်ခင်အထိ တိုးတက်ကောင်းမွန်လာဖွယ်မရှိပေ။ ဒေါ်အောင်ဆန်းစုကြည်မှာ စီးပွားရေးစဉ်ဆက်မပြတ် တိုးတက်မှုကိုပံ့ပိုးပေးနိုင်မည့် အခြေခံအဆောက်အဦကောင်းများ တည်ဆောက်ရေး၊ တိုင်းပြည်၏ ဘဏ်လုပ်ငန်းစနစ်ကို ၂၁ ရာစုနှင့် တစ်ပြေးညီဖြစ်အောင် လုပ်ဆောင်ရေး စသည်တို့ကဲ့သို့သော ကြောက်ခမန်းလိလိ ပြည်တွင်းစိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်နေရသည်။ ထို့အတူ ဗဟိုအစိုးရ၏ အုပ်ချုပ်မှုအောက်မှ နှစ်ပေါင်းများစွာ ဝေးကွာခဲ့သော တောင်တန်းနှင့် အစွန်အဖျားဒေသများဆီက စစ်မက်ပဋိပက္ခများ အဆုံးသတ်ရေးဟူသည့် စိန်ခေါ်မှုကြီးကလည်း ရှိနေပြန်သည်။

"သည်ကနေ့ ဒေါ်အောင်ဆန်းစုကြည်အတွက် အကြီးမားဆုံးပြဿနာကတော့ ပြည်သူအများစုအမြင်မှာ ခိုင်မာတဲ့ အပြောင်းအလဲတစ်ခု ဒါမှမဟုတ် နိစ္စဓူဝ လူမှုဘဝတိုးတက်ကောင်းမွန်အောင် မလုပ်ပေးနိုင်ဘူးလို့ မြင်နေတဲ့ကိစ္စပါပဲ" ဟု ယခင်အစိုးရလက်ထက် ဝန်ကြီးချုပ်ရုံး၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခုအခါ နိုင်ငံရေးလေ့လာဆန်းစစ်သူအဖြစ် ရပ်တည်နေသည် ဦးခင်မောင်ညို က သုံးသပ်ပြောကြားသည်။

"သာမန်ပြည်သူတွေက အများကြီး မျှော်လင့်ထားကြတာ"

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က မြန်မာ့စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်အထွက်နည်းမှုနှင့် ပြည်ပတင်ပို့မှုလျော့ကျမှုမှ ရုန်းထွက်လွတ်မြောက်လာပြီဖြစ်သည်ဟု အကဲဖြတ်သည်။

"မြန်မာနိုင်ငံ၏ ကနဦးစီးပွားရေးဖြေလျှော့မှုက အားရစရာကောင်းလောက်တဲ့ တိုးတက်မှုတွေနဲ့ ဆင်းရဲနွမ်းပါးမှုလျော့ချမှုများကို ဦးဆောင်ဖန်တီးပေးနိုင်ခဲ့သည်။ ယခုအခါ ရလာသောအရှိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေး ဒုတိယလှိုင်းတစ်ခုထပ်မံပေါ်ပေါက်လာရန် လိုအပ်သည်" ဟု ပြီးခဲ့သည့် နိုဝင်ဘာလကထွက်ပေါ်ခဲ့သော IMF အစီရင်ခံစာက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပဒေသတို့မှ ရင်းနှီးမြှုပ်နှံမှုများ အလွန်နည်းပါးနေသော်လည်း ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် စင်ကာပူစသော အာရှနိုင်ငံများမှ ခိုင်မာသည့် အရင်းအနှီးဝင်ရောက်လာမှုများကြောင့် မြန်မာသည် အရှေ့တောင်အာရှဒေသတွင် စီးပွားရေးစွမ်းဆောင်မှု အားအကောင်းဆုံးနိုင်ငံများစာရင်းထဲသို့ပါရှိသွားခဲ့သည်။ ဂျီဒီပီမှာယမန်နှစ်က ၆ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်အတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်းထိရှိလာလိမ့်မည်ဟုမျှော်လင့်ရသည်။ ကမ္ဘာ့ဘဏ်ကမူ ယခုနှစ်ဝက်ကာလအကျော်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်းသို့ရောက်မည်ဟု ဟောကိန်းထုတ်ထားသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများနှင့် စီးပွားရေးဖြေလျှော့ပေးမှုများကို အနောက်ကုမ္ပဏီများက အပြည့်အဝ ထိတွေ့လာခြင်း မရှိသေးသော်လည်း အချို့သောပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ပညာရှင်များက မြန်မာ့စီးပွားရေးအပေါ် အကောင်းမြင်ကြသည်။ ယင်းသို့သော ပုဂ္ဂိုလ်များထဲတွင် Yoma Bank ၏ အမှုဆောင်အရာရှိချုပ် Hal Bosher လည်း ပါဝင်သည်။

"မြန်မာပြည်ထဲကို ရောက်လာတဲ့အခါတိုင်း လူတိုင်းအံ့အားသင့်သွားကြတယ်။ ကျွန်တော်ထင်ပါတယ်၊ မြန်မာ့စီးပွားရေးဟာဒေါ်လာ ၆၀ ကနေ ၇၀ ဘီလီယံဆိုတဲ့ တရားဝင်ကိန်းဂဏန်းတွေထက် ပိုမိုကြီးမားတယ်။ ဂျီဒီပီဆိုတာလည်း တရားဝင်သတ်မှတ်ထားတာထက်ကို နှစ်ဆလောက်ရှိမယ်ထင်တယ်" ဟု ၎င်းက မြန်မာနိုင်ငံစီးပွားရေး တိုးတက်မှုနှင့်ပတ်သက်၍ အပြုသဘောဆောင်စွာ မှတ်ချက်ပေးသည်။

စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ အပေါင်းလက္ခဏာဆောင်သည့် ထင်မြင်သုံးသပ်ချက်များမည်သို့ပင်ရှိထားသော်ငြားလည်း ဘင်္ဂါလီကိစ္စမှာ ယနေ့အချိန်အထိ ကြီးမားသည့်စိန်ခေါ်မှု ဖြစ်နေဆဲပင်။ "မြန်မာနိုင်ငံရဲ့ ဇာတ်လမ်းက ခုချိန်မှာ အင်မတန်ဆိုးသလိုဖြစ်နေတယ်။ ကျွန်တော်တို့လို ပုဂ္ဂလိကကဏ္ဍတွေမှာတောင် ပထမဆုံးပြောစရာဖြစ်လာတာက ရိုဟင်ဂျာ(ဘင်္ဂါလီ)ကိစ္စပဲ။ အဲဒီမြန်မာဇာတ်ကြောင်းကို အမှန်အတိုင်းဖြစ်အောင် လုပ်ဖို့လိုမယ်" ဟု Parami Energy Group ၏ အမှုဆောင်အရာရှိချုပ် ဦးကံထွန်းကဆိုသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် တပ်မတော်ကအခြေခံဥပဒေ၏ အရေးပါသောလုပ်ပိုင်ခွင့်အာဏာကို ရယူထားပြီး ပြည်ထဲရေး၊ နယ်စပ်ဒေသလုံခြုံရေး စသည်တို့ကဲ့သို့သောအရေးကြီးသည့် ဝန်ကြီးဌာနများမှာ တပ်မတော်၏ထိန်းချုပ်မှုအောက်တွင်သာ ရှိနေဆဲပင်။ အရပ်သားအစိုးရအနေနှင့် စစ်တပ်ကိုထိန်းချုပ်နိုင်ခြင်းမရှိသလို နယ်စပ်လုံခြုံရေးကိစ္စများကိုလည်း ချုပ်ကိုင်ခွင့်မရှိကြောင်း ရှောင်တာနယ်လ်ကဆိုသည်။

သို့အတွက်ကြောင့် ကြီးမားသည့်ဂယက်မှာ မြန်မာနိုင်ငံသည် ဒီမိုကရေစီကို အပြည့်အဝဖော်ဆောင်နိုင်ခြင်းမရှိသလို လူအများမျှော်လင့်ထားသည့်အတိုင်း နိုင်ငံစုံပါဝင်သည့် ကော်ပိုရေးရှင်းကြီးများ ဝင်ရောက်ရင်းနှီးမြှုပ်နှံလာအောင်လည်း ဖန်တီးနိုင်ခြင်းမရှိခဲ့ပေ။

"ကျွန်တော်တို့တွေချင်မြင်ချင်တဲ့ကုမ္ပဏီကြီးတွေ၊ နှစ်ပေါင်းများစွာအထီးကျန်ခဲ့တဲ့နိုင်ငံအတွက် အရေးကြီးတဲ့ နည်းပညာညာတွေ၊ လုပ်ထုံးလုပ်နည်းတွေ စတဲ့ဒီမိုကရေစီရဲ့ ဝေစုတွေမရခဲ့ပါဘူး" ဟု ၎င်းက ဆက်လက်မှတ်ချက်ပေးသည်။

Ref: Bloomberg ■

## တူရကီသမ္မတအာဒိုဂန် ထပ်မံကျမ်းသစ္စာကျိန်ဆို၊ အမျိုးသားလုံခြုံရေးအကြောင်းပြကာ ရဲဘက်နှင့် စစ်ဘက်အမှုထမ်း ထောင်ပေါင်းများစွာကို အလုပ်ဖြုတ်ပစ်

**အန်ကာရာ၊ ဇူလိုင် ၉**

တူရကီနိုင်ငံတွင် ပြီးခဲ့သည့် ဇွန်လက ကျင်းပသော ရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက် တင်မြှောက်ခံခဲ့ရသူ တေယစ်အာဒိုဂန်က နိုင်ငံတော်သမ္မတအဖြစ် တနင်္လာနေ့က ပြန်လည်ကျမ်းသစ္စာကျိမ်ဆိုခဲ့သော်လည်း ယင်းနေ့မတိုင်မီ တစ်ရက်အလိုတွင် တူရကီအစိုးရက ရဲအရာရှိ၊ စစ်ဘက်အရာရှိနှင့် ပညာရှင်စုစုပေါင်း ၁၈၀၀၀ ကျော်ခန့်ကို အလုပ်ဖြုတ်ပစ်ခဲ့ကြောင်း သတင်းဌာနများ၏ ရေးသားဖော်ပြချက်အရသိရသည်။

အာဒိုဂန်သည် တနင်္လာနေ့(ဇူလိုင် ၉) ရက်နေ့က ကျမ်းသစ္စာထပ်မံကျိန်ဆိုပြီး ၁၅ နှစ်တာကြာမြင့်ခဲ့သည့် ၎င်း၏ အုပ်ချုပ်မှုပုံစံကို အပြောင်းအလဲလုပ်တော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခြင်းသည် အာဒိုဂန်အတွက် နိုင်ငံရေးလုပ်ပိုင်ခွင့်သစ်များ ရရှိမည်ဖြစ်ကြောင်း သတင်းကဆိုသည်။

"တူရကီဟာ တနင်္လာနေ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲနဲ့အတူ ခေတ်ကာလသစ်တစ်ခုထဲကို ဝင်ရောက်လာပါပြီ၊ သမ္မတအုပ်ချုပ်ရေးစနစ်သစ်က ပေးမယ့် လုပ်ပိုင်ခွင့်အာဏာကြောင့် မကြာခင်မှာဘဲ ခိုင်မာတဲ့ရလဒ်ကောင်းတွေကို ကျွန်တော်တို့ ဖန်တီးနိုင်မှာဖြစ်ပါတယ်" ဟု အာဒိုဂန်က ယမန်နေ့က AK ပါတီတွင် မိန့်ခွန်းပြောဆိုရာ၌ ထည့်သွင်းပြောကြားသည်။

သမ္မတကျမ်းသစ္စာကျိန်ဆိုမှုမပြုလုပ်မီ တစ်ရက်အလိုတွင် တူရကီအာဏာပိုင်များက ရဲတပ်ဖွဲ့ဝင်၊ စစ်ဘက်အမှုထမ်းနှင့် ပညာရှင်များအပါအဝင် နိုင်ငံ့ဝန်ထမ်းပေါင်း ၁၈၅၀၀ ခန့်ကို အရေးပေါ်အမိန့်ဒီကရီတစ်ခုဖြင့် အလုပ်ဖြုတ်ပစ်ခဲ့သည်။

အလုပ်ထုတ်ခံရသူများသည် တူရကီအမျိုးသားလုံခြုံရေးကို အန္တရာယ်ပေးခြိမ်းခြောက်နေသည့် အုပ်စုများနှင့် ချိတ်ဆက်မှုရှိသည်ဟူသော သံသယဖြင့် ထုတ်ပယ်ခံရခြင်းဖြစ်သည်။ တူရကီ အာဏာပိုင်များအဆိုအရ ရဲတပ်ဖွဲ့ဝင် ၉၀၀၀ နှင့် စစ်ဘက်အမှုထမ်း ၆၀၀၀ တို့ ပါဝင်သည်။

တူရကီနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ အာဏာသိမ်းရန် ကြံစည်မှုကြီးပေါ်ပေါက်ခဲ့သည့်အချိန်မှစ၍ ထုတ်ပြန်ခဲ့သော နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက်မှာ ယနေ့အချိန်ထိတည်ရှိနေဆဲဖြစ်သည်။ ယင်းကြေညာချက်ကို ထပ်တလဲလဲ သက်တမ်းတိုးခဲ့သည်မှာ ယခုဆိုလျှင် ၇ ကြိမ်အထိ ရှိသွားပြီဖြစ်သည်။

ယင်းအရေးပေါ်အခြေအနေကြောင့် အချို့သော လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကန့်သတ်ခံထားရပြီး အစိုးရအနေနှင့် လွှတ်တော်၏ ဆုံးဖြတ်ချက်မပါဝင်ဘဲ အမိန့်ဒီကရီများထုတ်ကာ အုပ်ချုပ်ခွင့်ပိုရထားသည်။ သို့သော်လည်း တူရကီအစိုးရအရာရှိကြီးများက မစ္စတာအာဒိုဂန် သမ္မတအဖြစ် ထပ်မံကျမ်းသစ္စာကျိန်ဆိုပြီးသည်နှင့် အရေးပေါ်ကြေညာချက်ကို အမြန်ဆုံးရုပ်သိမ်းပေးဖွယ်ရှိသည်ဟု ဆိုသည်။

"နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာချက်ကို ကိုင်ပြီး တူရကီအာဏာပိုင်တွေက အရပ်ဘက်လူ့အဖွဲ့အစည်းတွေကို ပျက်ပြားအောင် စနစ်တကျလုပ်နေကြတယ်။ လူ့အခွင့်အရေးစောင့်ရှောက်တဲ့အဖွဲ့တွေကို ပိတ်ပစ်တယ်၊ ထိတ်လန့်မှုတွေကြီးထွားအောင်လုပ်တယ်" ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ဥရောပဒေသဆိုင်ရာဒါရိုက်တာ ဂူရီဗန်ဂေါက်က ပြောကြားသည်။

■ F-01

Tuesday, July 10, 2018 The VOICE Daily




အိုကာယာမာပြည်နယ် ကူရာရှီကီမြို့ရှိ မာဘီဆေးရုံမှ သက်ကြီးရွယ်အိုလူနာများကို ဂျပန်ကာကွယ်ရေးအစောင့်တပ်မှ တပ်သားများ ကယ်ထုတ်လာစဉ်

# ဂျပန်နိုင်ငံတွင် စံချိန်တင် မိုးရွာသွန်းမှုများကြောင့် ရေကြီးကာ အန္တရာယ်အလွန်ကြီးမား

**တိုကျို ဇူလိုင် ၉**

အခြေအနေဆိုးသောရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်နေသောဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများတွင် နောက်ထပ် မိုးရွာသွန်းမှုများ ပိုများလာမည်ဟု မျှော်လင့်ရသောကြောင့် မကြုံစဖူး အန္တရာယ်များကိုရင်ဆိုင်နေရသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

"ဒီလိုမျိုး သည်းသည်းမဲမဲ မိုးရွာသွန်းတာမျိုးကို တစ်ခါမှ မကြုံခဲ့ဖူးဘူး" ဟု မိုးလေဝသဌာန တာဝန်ရှိသူက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် သမိုင်းတွင် မကြုံဖူးသော စံချိန်တင် မိုးရွာသွန်းမှုများကြောင့် ဟီရိုရှီးမားနှင့် အခြားဒေသများတွင် မြစ်ကမ်းပါးတာဘောင်များ ကျိုးပေါက်သွားခဲ့ပြီးနောက် ရေကြီး၊ မြေပြိုမှုဖြစ်ပွားကာ လူပေါင်း ၆၀ ကျော် သေဆုံးပြီး အရေအတွက် ဒါဇင်နှင့်ချီ၍ ပျောက်ဆုံးလျက်ရှိသည်။

ဒေသခံပြည်သူ နှစ်သန်းခန့်ကို နေအိမ်များမှ ထွက်ခွာကြရန် အာဏာပိုင်များက ညွှန်ကြားထားသည်။ ကယ်ဆယ်ရေးလုပ်သားများသည် အချိန်နှင့် ပြိုင်၍ လုပ်ကိုင်နေကြရသည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

"ပျောက်ဆုံးနေသူတွေ၊ အကူအညီလိုအပ်နေသူတွေ ရှိနေတုန်းပဲ" ဟုဝန်ကြီးချုပ်က သတင်းထောက်များအား တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့ နောက်ပိုင်းရက်များအတွင်း ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ပုံမှန် ဇူလိုင်လ မိုးရွာသွန်းမှု ပမာဏထက် သုံးဆပိုမိုရွာသွန်းခဲ့ပြီးနောက် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရေကြီး၊ မြေပြိုမှု ဖြစ်စဉ်များအတွင်း သေဆုံးမှုများသည် ဟီရိုရှီးမားစီရင်စုတွင် အများဆုံး ဖြစ်ပွားခဲ့သည်။ ရှီကိုးကူးကျွန်းရှိ မိုတိုယာမမြို့တွင် သောကြာနေ့နံနက်မှ စနေနေ့နံနက်အတွင်း မိုးရေချိန် ၂၃ လက်မ ရွာသွန်းခဲ့သည်။

အချို့ဒေသများတွင် တနင်္လာနေ့အထိ မိုးရေချိန် ၁၀ လက်မကျော် ရွာသွန်းဦးမည်ဟု ခန့်မှန်းရသောကြောင့် သဘာဝဘေးအန္တရာယ် သတိပေးချက်များကို ဆက်လက်ထုတ်ပြန်နေရသည်။

"အလွန့်အလွန် အန္တရာယ်ကြီးမားတဲ့ အခြေအနေပါပဲဗျာ" ဟု ဂျပန်မိုးလေဝသဌာန တာဝန်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

■ F-04

# လန်ဒန်တွင် LBGT အသိုင်းအဝိုင်း၏ ဟန်ရေးပြချီတက်ပွဲ အခမ်းအနားသို့ လူတစ်သန်းခန့် တက်ရောက်

**လန်ဒန် ဇူလိုင် ၉**

လန်ဒန်တွင် နှစ်စဉ်ကျင်းပသော LBGT အသိုင်းအဝိုင်း၏ Pride ဟန်ရေးပြချီတက်ပွဲ အခမ်းအနားသို့ လူတစ်သန်းခန့် တက်ရောက်အားပေးခဲ့ကြသည်ဟု DW သတင်းတွင် ဖော်ပြထားသည်။

ယခုနှစ် ပွဲတော်တွင် တော်ဝင်မရိန်းတပ်မှ တပ်ခွဲတစ်ခု ပထမဆုံးအကြိမ် ပါဝင်ချီတက်ခဲ့သည်။

သက်တန့်ရောင်စဉ် တူညီဝတ်စုံများ ဆင်မြန်းထားကြသော ပွဲတော်လာသူများသည် စနေနေ့က လန်ဒန်မြို့လယ်တွင် စုဝေးခဲ့ကြပြီး ဟန်ရေးပြချီတက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပါဝင်ဆင်နွှဲသူများထဲတွင် လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်းလည်းပါဝင်ခဲ့ပြီး ၎င်းက "ဒါကလန်ဒန်ပါ။ ခင်ဗျားဘယ်လိုဖြစ်ချင်သလဲ၊ ဘယ်သူ့ကိုချစ်ချင်သလဲ၊ လွတ်လပ်ခွင့်ရှိတဲ့ နေရာပါ" ဟု twitter တွင် ပြောဆိုထားသည်။

၁၉၇၂ ကတည်းက ပထမဆုံးကျင်းပခဲ့သော ပွဲတော်အခမ်းအနားသည် LBGT အသိုင်းအဝိုင်း၏ တန်းတူညီမျှရေး၊ ကွဲပြားစုံလင်ရေးနှင့် ရပိုင်ခွင့်များကို ထောက်ခံအားပေးခြင်းဖြစ်သည်။

ရီးဂျင့်လမ်းမှ ထရာဖယ်လ်ဂါရင်ပြင်အထိ ရှည်လျားသော လမ်းတစ်လျှောက်တွင် အဖွဲ့အစည်းပေါင်း ၄၇၀ ကျော်မှ လူပေါင်း ၃၀,၀၀၀ ခန့် အပါအဝင် ပရိသတ်တစ်သန်းခန့်က လမ်းဘေးဝဲယာတွင် စီတန်း စောင့်ဆိုင်းကာ ချီတက်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။

Pride ချီတက်ပွဲ ဒါရိုက်တာ ခရစ္စတိုဖာ ဂျိုအယ်ဒက်စ်ရီးလ်ကယခုနှစ်ပွဲတော်သည် ယခင်ကထက် ပိုမိုစုံလင်သည်ဟု ပြောကြားသည်။

ယခုနှစ်ပွဲတော်တွင် တော်ဝင်မရိန်းဘင်ခရာတီးဝိုင်းက ဦးဆောင်သော ဝတ်စုံပြည့် မရင်းတပ်ဖွဲ့ဝင်များ ပထမဆုံးအကြိမ်ပါဝင်ဆင်နွှဲခြင်းအဖြစ် မှတ်တမ်းဝင်သည်။ ထို့ပြင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်တွင် အင်္ဂလန်ကဆွီဒင်ကို အနိုင်ရခြင်းနှင့်လည်း တိုက်ဆိုင်နေသောကြောင့် လမ်းများပေါ်တွင် ရွှင်မြူးသည့် အငွေ့အသက်များ လွှမ်းခြုံနေသည်။

LBGT အသိုင်းအဝိုင်း၏ Pride ဟန်ရေးပြချီတက်ပွဲအခမ်းအနားများကို မက်ဒရစ်၊ ကိုလုံးနှင့် ဘူဒါပက်စ် အပါအဝင် ဥရောပ မြို့ကြီးများ၌လည်း သီတင်းပတ်ကုန်ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

■ F-04



# အီရန်တွင် ဖမ်းဆီးခံဆယ်ကျော်သက်မိန်းကလေးကို အားပေးသည့်အနေနှင့် အမျိုးသမီးများက အက ဗီဒီယိုဖိုင်များ အွန်လိုင်းတွင်ဖြန့်

**တီဟီရန် ဇူလိုင် ၉**

အီရန်နိုင်ငံတွင် အဖမ်းခံရသော ဆယ်ကျော်သက် မိန်းကလေးကို အားပေးသည့်အနေနှင့် အမျိုးသမီးများက ၎င်းတို့ကိုယ်တိုင်၏အကဗီဒီယိုဖိုင်များကို အွန်လိုင်းတွင်တင်ခဲ့ကြသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

မေဒီးဟိုဂျာဘရီသည် သူမ၏ အီရန်နှင့် အနောက်တိုင်း ပေါ့ပ်တေးဂီတအက ဗီဒီယိုများကြောင့် Instagram တွင် followers ထောင်နှင့်ချီ၍ ရရှိထားသူဖြစ်သည်။ ဟိုဂျာဘရီကို ဖမ်းဆီးခဲ့ပြီးနောက် သူမ၏ ဝန်ခံဖြောင့်ချက်ပေးမှုကို နိုင်ငံပိုင်ရုပ်သံက သောကြာနေ့တွင် ထုတ်လွှင့်ခဲ့သည်။

လူမှုကွန်ရက်မီဒီယာ အသုံးပြုသူများက 'အကသည် ရာဇဝတ်မှုမဟုတ်' ဟု စာတန်းများထိုးကာ ဟိုဂျာဘရီကို ထောက်ခံသည့် ဗီဒီယိုဖိုင်များကို မျှဝေလျက်ရှိသည်။

အီရန်အာဏာပိုင်များသည် အမျိုးသမီးများအား မိသားစုဝင်များရှေ့မှောက်မှလွဲ၍ ပြင်ပတွင် ဆန့်ကျင်ဘက်လိင်များနှင့် တွဲဖက်ကခုန်ခြင်းကို တားမြစ်သည့် စည်းကမ်းများ ချမှတ်ထားသည်။

ဟိုဂျာဘရီ၏ အကဗီဒီယိုများသည် ခေါင်းမြီးခြုံပဝါနှင့် ခြုံထည်မပါဘဲ အိမ်တွင် ကခုန်နေခြင်းကို ရိုက်ကူးထားခြင်းဖြစ်သည်။ အခြားအကမယ်များစွာသည်လည်း ပြီးခဲ့သောသီတင်းပတ်များအတွင်း ဖမ်းဆီးခံရသည်ဟု သိရှိရသည်။

အွန်လိုင်းဘလော့ဂါ ဟော်စိန်ရိုနာဂီက "အသက် ၁၇ နှစ်နဲ့ ၁၈ နှစ်အကြား မိန်းကလေးတွေဟာ သူတို့ရဲ့အက၊ အလှ၊ အပျော်တွေကြောင့် မလျော်မကန် ဖြန့်ချိမှု စွပ်စွဲချက်နဲ့ အဖမ်းခံရနေရပြီးကလေးမုဒိမ်းမှု တရားခံတွေနဲ့ တခြားရာဇဝတ်သားတွေကတော့ လွတ်မြောက်နေတယ်လို့ ကမ္ဘာပေါ်မှာရှိတဲ့လူတွေကို သွားပြောရင် ဟားတိုက်ရယ်ကြလိမ့်မယ်။ သူတို့အတွက်




ယုံနိုင်စရာမှမရှိဘဲကိုး" ဟု မှတ်ချက်ပေးရေးသားလိုက်သည်။

Twitter user တစ်ဦးကလည်း "ကျွန်မ အခု ကနေတယ်။ ဒါမှ အာဏာပိုင်တွေက မေဒီးနဲ့ အခြားဆယ်ကျော်သက်တွေကို ဖမ်းဆီးရုံနဲ့ ကျွန်မတို့ရဲ့ပျော်ရွှင်မှုနဲ့ မျှော်လင့်ချက်တွေကို သိမ်းယူလို့ မရနိုင်ဘူးဆိုတာကို သိသွားကြလိမ့်မယ်" ဟု ပြောဆိုလိုက်သည်။

အီရန်တွင် အကသမားများကို ဖမ်းဆီးမှုသည် ယခုပထမဆုံး အကြိမ်မဟုတ်ပေ။ ယခုနှစ် အစောပိုင်းကလည်း အမျိုးသားများနှင့် အမျိုးသမီးများ ကခုန်နေသည့် ဗီဒီယိုဖိုင်တစ်ခု ထွက်ပေါ်လာခဲ့ပြီးနောက် မာရှက်မြို့မှ တာဝန်ရှိသူတစ်ဦး အဖမ်းခံခဲ့ရသည်။

ဩဂုတ်လကလည်း လူခြောက်ဦးကို ဇမ်ဘာအက ကခုန်မှုဖြင့် ဖမ်းဆီးထားခဲ့သေးသည်။

၂၀၁၄ ခုနှစ်ကလည်း ဖာရယ်လ်ဝီလျံ၏ Happy သီချင်းကို တီဟီရန် လမ်းများပေါ်နှင့် ခေါင်မိုးထပ်များပေါ်တွင် ကခုန်နေသည့် ဗီဒီယိုကိုတင်ခဲ့သည့် အီရန်လူငယ်ခြောက်ဦးကို တရားရုံးက ထောင်ဒဏ်တစ်နှစ်နှင့် ကြိမ်ဒဏ် ၉၁ ချက်အထိ ဆိုင်းငံ့ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ ■ F-04

## မှုခင်းသတင်းတိုများ

■ ရန်ကုန်-ပြည်ကားလမ်းအတိုင်း တိုက်ကြီးဘက်မှ မှော်ဘီဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် ဇူလိုင်လ ၇ ရက် ညနေ ၆ နာရီခွဲခန့်က မိုင်တိုင်အမှတ် ၄၈/၇ နှင့် ၄၉/၀ကြား အရောက်အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ဆိုင်ကယ်စီးနင်းသူ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦး ပေါက်ပြဲသွေးထွက်ဒဏ်ရာများရရှိကာ တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။

■ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းရှိ အုတ်ခုံတစ်ခုပေါ်တွင် ဇူလိုင်လ ၈ ရက် မွန်းတည့်၁၂ နာရီခွဲခန့်က အရက်သေစာ အလွန်အကျွံသောက်စားတတ်သည်ဟုဆိုသော အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာ မတွေ့ရဘဲ သေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ယင်းမြို့မ ရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသော YBS အမှတ် (၉၂) ယာဉ်သည် ဇူလိုင်လ ၈ရက် ညနေ ၄ နာရီခန့်က ပါရမီလမ်းဆုံ မီးပွိုင့်အရောက် မီးနီဖြတ်မောင်းစဉ် မျက်နှာချင်းဆိုင်ယာဉ်ကြောမှကွေ့မီးစိမ်းသဖြင့်ဘယ်ဘက်သို့ ချိုးကွေ့မောင်းနှင်သော Crown ယာဉ်တစ်စီးကိုဝင်တိုက်ရာ ယင်းယာဉ်ပေါ်လိုက်ပါလာသူ အသက် ၅၅ နှစ် အရွယ်အမျိုးသမီးတစ်ဦး ရင်ဘတ်အောင့်ဒဏ်ရာရရှိပြီး မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

■ ကမာရွတ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက် လှည်းတန်း ခုံးကျော်တံတားအောက်တွင် ဇူလိုင်လ ၇ ရက် ည ၁၀ နာရီခွဲခန့်က ဘီယာပုလင်း ၅ လုံးဖြင့် ဝိုင်းဖွဲ့သောက်စားနေသည်ဟုဆိုသော အသက် ၂၂နှစ်မှ ၂၃ နှစ်အရွယ်ရှိ Sky Net ဝန်ထမ်းတစ်ဦး၊ MRTV ဝန်ထမ်းတစ်ဦး၊ MOB ဘဏ်ဝန်ထမ်းတစ်ဦး အပါအဝင် အမျိုးသား၄ဦးကို ဖမ်းဆီးပြီး ယင်းမြို့မရဲစခန်းက ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ၄၁(၁၆)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

■ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၅) ရပ်ကွက်၊ အမှတ်(၄)လမ်းနှင့် အောင်ချမ်းသာလမ်းဆုံတွင် ဇူလိုင်လ ၇ ရက် မွန်းတည့် ၁၂ နာရီခွဲခန့်က မသင်္ကာဖွယ်ရာတွေ့ရှိသည့် Toyota Crown Saloon ယာဉ်တစ်စီးကို စစ်ဆေးရာ ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အသက် ၂၉နှစ်အရွယ် တရုတ်နိုင်ငံသားယာဉ်မောင်းအမျိုးသားကို ယင်းမြို့မရဲစခန်းက ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်ထားသည်။

J 16

## လှိုင်သာယာတွင် မူးယစ်ဆေးဝါးရောင်းချသည့် လူငယ်သုံးဦးကို ဖမ်းမိ

**ရန်ကုန်၊ ဇူလိုင် ၉**

လှိုင်သာယာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ စပ်စံထွန်းလမ်းနှင့်မိုးမခလမ်းထောင့်တွင် ဇူလိုင်လ ၈ ရက် ညနေ ၆ နာရီခန့်က မူးယစ်ဆေးဝါးများရောင်းချသည်ဟုဆိုသော အသက် ၁၆ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်သုံးဦးကို ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

ယင်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်တွင် နေထိုင်သူ အသက် ၁၆ နှစ်အရွယ် ဇော်ဇော်လင်း၊ အမှတ်(၁၀) ရပ်ကွက်တွင် နေထိုင်သူ အသက် ၁၇ နှစ်အရွယ် ဇင်ထွန်းနှင့် ကုလားကြီးစုကျေးရွာတွင်နေထိုင်သူ အသက် ၁၆ နှစ်အရွယ် နေလင်းကိုတို့သည် ယင်းနေ့က အခြားအမျိုးသားနှစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးများရောင်းချနေကြောင်းသတင်းအရ ရဲတပ်ဖွဲ့က အသွင်ယူဖမ်းဆီးခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြားများ၊ သုံးစွဲရာတွင်အသုံးပြုသောပစ္စည်းများနှင့်အတူ မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသည်ဟုဆိုသော ဆိုင်ကယ်နှစ်စီး၊ စက်ဘီးတစ်စီးကိုပါ သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

“သူတို့အဖွဲ့က ၅ယောက်၊ သုံးယောက်ပဲ ဖမ်းမိခဲ့တာ။ နှစ်ယောက်က ထွက်ပြေးသွားတယ်။ ဖမ်းမိတဲ့သုံးယောက်ကိုတော့ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ မရှိသိရအောင် ဆေးစစ်ထားတယ်။ ရောင်းချနေတယ်လို့ သတင်းရတာနဲ့ အသွင်ယူဖမ်းဆီးခဲ့တာပါ။ ငွေက လေးသိန်းကျော်နဲ့ ဆေးပြား ၅၀ ကျော်ဖမ်းမိခဲ့တာ” ဟု အမှုဖွင့်တိုင်တန်းချက်အရ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အလားတူ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ ဦးပေါဦးလမ်းပေါ်ရှိ နေအိမ်တစ်လုံးတွင် ဇူလိုင်လ ၈ ရက် ည ၁၀ နာရီခွဲခန့်က မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ကျော်၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၁၉ နှစ်မှ ၆၅ နှစ်ကြားရှိ အမျိုးသား ၄ ဦး၊ အမျိုးသမီးတစ်ဦးတို့ကို ဖမ်းမိခဲ့ပြီး သောင်ကြီးနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၉(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

J 16

## အဘွားအိုတစ်ဦး ငမိုးရိပ်ချောင်းထဲ ခုန်ချ အဆုံးစီရင်

**ရန်ကုန်၊ ဇူလိုင် ၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးရှိ ငမိုးရိပ်တံတားတွင် ဇူလိုင်လ ၈ ရက် ညနေ ၄ နာရီ ဝန်းကျင်က အဘွားအိုတစ်ဦးမှာ တံတားပေါ်မှ ချောင်းထဲသို့ ခုန်ချအဆုံးစီရင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

တံတားအလယ် လက်ရန်းပေါင်ပေါ်မှ ငမိုးရိပ်ချောင်းထဲသို့ ခုန်ချသွားသူ၏ အမျိုးသမီးစီး ဖိနပ်တစ်ရန်ကို အခင်းဖြစ်နေရာအနီးတွင် တွေ့ရှိခဲ့ပြီးနောက် နာရီဝက်ခန့်အကြာတွင် ရေထဲခုန်ချ အဆုံးစီရင်ခဲ့သည့် အဘွားအို၏ သားဖြစ်သူ ရောက်ရှိလာခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

“အမျိုးသမီးတစ်ယောက် တံတားပေါ်ကနေ ချောင်းထဲခုန်ချသွားတာကို တံတားလုံခြုံရေး တာဝန်ကျ ရဲတပ်သားက စမြင်တွေ့ခဲ့တာပါ။ အခုထိတော့ ရေထဲခုန်ချသွားသူကို ပြန်ရှာမတွေ့သေးဘူး။ သားဖြစ်သူရဲ့ ပြောပြချက်အရဆို သူ့မိခင်က ဆီးချိုသွေးချို ရောဂါခံစားနေရလို့ စိတ်ဓာတ်ကျနေသူဖြစ်ကြောင်း သိရတယ်” ဟု ရဲအရာရှိက ရှင်းပြသည်။

ငမိုးရိပ်ချောင်းထဲ ခုန်ချအဆုံးစီရင်သူ အသက် ၇၂ နှစ် ဒေါ်အုန်းကြည်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၀ ရပ်ကွက်၊ သီတာ ၃ လမ်းတွင် နေထိုင်သူဖြစ်ပြီး ၎င်းကို ပြန်လည်တွေ့ရှိရန် ငမိုးရိပ်ချောင်းတစ်လျှောက်တွင် ရဲတပ်ဖွဲ့ နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းရှာဖွေလျက်ရှိသည်။ ■

S-03

## မရမ်းကုန်းမြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းမိ

**ရန်ကုန်၊ ဇူလိုင် ၉**

မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ နေအိမ်တစ်လုံးတွင် စိတ်ကြွဆေးပြားများနှင့် အိုက်စ်၊ ဘိန်းဖြူဘလောက်တုံး၊ ဆေးခြောက်များနှင့်အတူ မူးယစ်ဆေးဝါး ရောင်းချနေသည့် အမျိုးသားတစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူ အသက် ၅၄ နှစ် လှခိုင်မိုး၏ နေအိမ်ကို မူးယစ်သတင်း ရရှိမှုကြောင့် ဇူလိုင်လ ၇ ရက် မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၄၁)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးခဲ့ရာ နေအိမ်အပေါ်ထပ် အခန်းအတွင်းမှ စိတ်ကြွဆေးပြား ၂၀၅၄၆ ပြားနှင့် အိုက်စ် ၉၁ ဂရမ်၊ အလေးချိန် ၇၄၀ ဂရမ်ရှိ ဘိန်းဖြူဘလောက်တုံး ၂ တုံးနှင့် အလေးချိန် ၁၀ ဒသမ ၈ ဂရမ်ရှိ ဆေးခြောက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းအပြင် မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသည့် ငွေကျပ် သိန်း ၅၀ ကို သိမ်းဆည်းရမိခဲ့ပြီးနောက် လှခိုင်မိုးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားပြီး ကျန်ကွင်းဆက် တရားခံများကို ထပ်မံဖော်ထုတ် အရေးယူနိုင်ရန် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်နေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■S-03

## အဆိုတော် အစ္စဏီအမှု ရုံးပြောင်း စစ်ဆေးပေးရန် တရားလိုဘက်က လျှောက်ထား

**ရန်ကုန်၊ ဇူလိုင် ၉**

တာမွေမြို့နယ် တရားရုံးတွင် မုဒိမ်းမှု အပါအဝင် ပုဒ်မသုံးခုဖြင့် တရားရင်ဆိုင်နေရသည့် အဆိုတော် အစ္စဏီအမှုအား ရုံးပြောင်း စစ်ဆေးပေးပါရန် တရားလိုဖြစ်သူ မော်ဒယ်လ် စူးရှထက်ဘက်က အရှေ့ပိုင်းခရိုင် တရားရုံးထံသို့လျှောက်တင်ထား ကြောင်း ရှေ့နေ ဦးကျော်ဇင်ဦးထံမှ သိရသည်။

“တာမွေတရားရုံးမှာ လုံခြုံရေး အပြည့်အဝပေးထားတယ်။ အမှုကို မှန်မှန်ကန်ကန် စစ်ဆေးပေးနေတယ်။ ဒါပေမဲ့ တရားလိုဘက်က ဒီရုံးကိုပဲ သဘောမကျတာလား ဒါမှမဟုတ် သူ့အတွက်ပဲ Save မဖြစ်လို့လား ဘယ်လိုအကြောင်းပြချက်ဆိုတာတော့ သေချာမသိဘူး။ ရုံးပြောင်းစစ်ဆေးပေးဖို့ ခရိုင်တရားရုံးထံ တင်ပြထားတယ်လို့ သိရတယ်” ဟု ဇူလိုင်လ ၉ ရက်နေ့ ရုံးချိန်းတွင် အစ္စဏီ၏ ရှေ့နေ ဦးကျော်ဇင်ဦးက မီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ဇူလိုင်လ ၂ ရက်နေ့က တာမွေမြို့နယ် တရားရုံးတွင် တရားလို မော်ဒယ်လ်စူးရှထက်ကို တရားခွင် ရုံးခန်းတံခါးပိတ် စစ်ဆေးခဲ့သော်လည်း မပြီးဆုံးသေးသဖြင့် ဇူလိုင် ၉ ရက်နေ့တွင် ၎င်းကို ဆက်လက်စစ်ဆေးရန် တရားသူကြီးက သတ်မှတ်ပေးခဲ့ပြီးနောက် တရားလိုဖြစ်သူက လာရောက်ခဲ့ခြင်း မရှိသဖြင့် အမှုမစစ်ဆေးဖြစ်ဘဲ ယင်းအမှုမှာ အရှေ့ပိုင်းခရိုင် တရားရုံးတွင် ရာဇဝတ်ပြင်ဆင်မှု အမှတ် ၆၅/ ၂၀၁၈ ဖြင့် ရုံးပြောင်းစစ်ဆေးပေးရန် လျှောက်တင်ထားကြောင်း ယင်းတရားရုံးထံမှ သိရသည်။

“ဒီအမှုဖြစ်စဉ်မှာ အစ္စဏီခမျာ ခွင်ဆင်လုပ်ကြံ ဖန်တီး တရားစွဲဆိုခံရတဲ့ အနေအထား ဖြစ်နေတယ်။ ရုံးတော်ကို ကျွန်တော်တို့ဘက်က သက်သေအထောက်အထားအချို့ တင်ပြထားပါတယ်။ အမှုစဖွင့်ကတည်းက ကျွန်တော့် အမှုသည် အစ္စဏီက ဖမ်းဆီးချုပ်နှောင်ခံရပြီး တရားရင်ဆိုင်နေရပေမယ့် တရားလိုဘက်က ရုံးတော်လာ အစစ်ဆေးခံဖို့ အကြိမ်ကြိမ် ပျက်ကွက်မှုတွေရှိနေတာကြောင့် အမှုမှန် အမြန်ဆုံး ပေါ်ပေါက်ဖို့ အရေး ကြန့်ကြာနေရတယ်လို့ ယူဆပါတယ်” ဟု ရှေ့နေ ဦးကျော်ဇင်ဦးက ပြောသည်။

ယခင်အပတ်ရုံးချိန်းက အစ္စဏီ၏ ရှေ့နေဘက်က ရုံးတော်သို့ တင်သွင်းထားသည့် Cele 7 အွန်လိုင်းမီဒီယာမှ အခင်းဖြစ်ပွားပြီး နှစ်ရက်အကြာ ဧပြီလ ၁၃ ရက်နေ့က မော်ဒယ်လ် စူးရှထက်ကို အင်တာဗျူးထားသည့် ဗီဒီယိုဖိုင်ကို ယနေ့ ရုံးချိန်းတွင် သက်သေခံပစ္စည်းအဖြစ် ရုံးတော်က လက်ခံခဲ့ကြောင်း တာမွေမြို့နယ်တရားရုံးထံမှ သိရသည်။

မုဒိမ်းမှု ပုဒ်မ အပါအဝင် ပုဒ်မသုံးခုဖြင့် တရားရင်ဆိုင်နေရသည့် အဆိုတော် အစ္စဏီအမှုကို ဇွန်လ ၂၅ ရက်နေ့က တာမွေမြို့နယ်တရားရုံးတွင် ရုံးထုတ်စစ်ဆေးခဲ့စဉ် မှုခင်းဆရာဝန်၏ စစ်ဆေးချက်အရ မိန်းမကိုယ်တွင် ထိုးသွင်းဒဏ်ရာမရှိခြင်းနှင့် သုက်ပိုးသုက်ရည်ကို မတွေ့ရှိခဲ့ကြောင်း ထွက်ဆိုခဲ့သည်ဟု အစ္စဏီ၏ ရှေ့နေဖြစ်သူ ဦးကျော်ဇင်ဦးက မီဒီယာများကို ဖြေကြားခဲ့သည်။ ■S-03

The VOICE Daily

CARTOON






# ပြင်သစ်နဲ့ ဂိုးအများကို တွဲဖက်ရွေးချယ်ခြင်းက အမှန်ကန်ဆုံး ဖြစ်နိုင်ပါတယ်

## ၂၀၁၈ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

## ပြင်သစ် - ဘယ်လ်ဂျီယံ

**ထိပ်တိုက်တွေ့ဆုံမှု**

| ပြင်သစ်နိုင် | သရေ | ဘယ်လ်ဂျီယံနိုင် | ပေါင်း |
|---|---|---|---|
| ၉ | ၉ | ၁၀ | ၂၈ |

**ထိပ်တိုက်တွေ့ဆုံမှုရလဒ်များ**

ပြင်သစ် ၃ - ၄ ဘယ်လ်ဂျီယံ(၇-၇-၂၀၁၅၊ ခြေစမ်းပွဲ)
ဘယ်လ်ဂျီယံ ၀ - ၀ ပြင်သစ်(၁၄-၈-၂၀၁၃၊ ခြေစမ်းပွဲ)
ပြင်သစ် ၀ - ၀ ဘယ်လ်ဂျီယံ(၁၅-၁၁-၂၀၁၁၊ ခြေစမ်းပွဲ)
ဘယ်လ်ဂျီယံ ၀ - ၂ ပြင်သစ်(၁၈-၂-၂၀၀၄၊ ခြေစမ်းပွဲ)
ပြင်သစ် ၁ - ၂ ဘယ်လ်ဂျီယံ(၁၈-၅-၂၀၀၂၊ ခြေစမ်းပွဲ)

ပြင်သစ်ဟာ ယူရို ၂၀၁၆ ပြိုင်ပွဲတုန်းက ကိုယ့်မြေ၊ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှောက်မှာ ချန်ပီယံဆုနဲ့ လွဲချော်ခဲ့ရတာကို ပြန်လည်ချေဖျက်ပြနိုင်ဖို့ လက်တစ်ကမ်းအကွာ အနေအထားဆီကို ရောက်နေပြီပဲဖြစ်ပါတယ်။ ဘယ်လ်ဂျီယံကလည်း ဥရောပဘောလုံးလောကရဲ့ အကောင်းဆုံးမျိုးဆက်အင်အားစုကို ပိုင်ဆိုင်ထားစဉ်အခိုက်မှာ ချန်ပီယံဖြစ်ခွင့်ရနိုင်အောင် အင်တိုက်အားတိုက် ကြိုးပမ်းသွားမှာပါ။ ဘရာဇီးနဲ့ပွဲတုန်းက ဟားဇတ်၊ လုကာကုနဲ့ ဒီဘရိုင်နေးတို့ရဲ့ဘယ်လ်ဂျီယံတိုက်စစ်တွဲလုံး အစွမ်းပြခဲ့ပေမယ့် ဒီပွဲမှာတော့ အဲ့ဒီလိုအနေအထား ပြန်ဖြစ်လာနိုင်ဖို့က နည်းနည်းတော့ ခက်နေပါတယ်။ ပြင်သစ်ကွင်းလယ်မှာ ခြေစွမ်းပြနေတဲ့ ကန်တေဟာ ဒီကစားသမားသုံးယောက်အကြောင်းကို အတိုင်းအတာတစ်ရပ်အထိ သိထားပြီးသူပါ။ အထူးသဖြင့် သူ့ရဲ့ချယ်လ်ဆီးအသင်းဖော် ဟားဇတ်တစ်ယောက် လှုပ်မရနိုင်အောင် ကန်တေ ချုပ်ကစားပါလိမ့်မယ်။ ဗာရာနေးနဲ့ အမ်တီတီတို့ ဦးဆောင်လာမယ့် ပြင်သစ်ခံစစ်ကို လုကာကု ထိုးဖောက်နိုင်ဖို့က ထင်သလောက် မလွယ်နိုင်ပါဘူး။ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းနဲ့ ယုံကြည်မှုပိုင်းဆိုင်ရာ တိုးတက်လာတဲ့ ပါဗားဒ်ဟာလည်း ဒီဘရိုင်နေးကို အလွတ်မပေးစတမ်း လူကပ်ကစားသွားပါလိမ့်မယ်။ ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ်ကတော့ ပြင်သစ်တိုက်စစ်မှူးတွေကို ထိန်းချုပ်ရေးမှာ ဖယ်လိုင်နီကို အဓိက အားပြုမှာပါ။ ဒီမှာ ဘယ်လ်ဂျီယံအတွက် ပြဿနာရှိလာနိုင်တာက ပြင်သစ်တိုက်စစ်ကစားသမားသုံးယောက်ရဲ့ကစားဟန်တွေပါပဲ။ အမ်ဘတ်ပေ၊ ဂရစ်ဇ်မန်းနဲ့ ဂျီရုဒ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ကစားပုံမတူပါဘူး။ တစ်ယောက်ကိုထိန်းရင် နောက်တစ်ယောက် လွတ်ထွက်သွားတဲ့အခြေအနေကို ဘယ်လ်ဂျီယံ မလွဲမသွေ ရင်ဆိုင်ရပါလိမ့်မယ်။ ဘယ်လ်ဂျီယံက တိုက်စစ်ဖွင့်ကစားပြီး ပြင်သစ်ကတော့ တန်ပြန်တိုက်စစ်တွေကနေတစ်ဆင့် အပိုင်အခွင့်အရေး ရှာဖွေမယ့်ပွဲစဉ်မျိုးဖြစ်လာနိုင်ပါတယ်။ အဆုံးသတ်သေချာတဲ့ ကစားသမားတွေ နှစ်သင်းလုံးဆီမှာ ပါဝင်နေတာကြောင့် သွင်းဂိုးတွေ အပြန်အလှန် မြင်တွေ့ရနိုင်ပြီး ဂိုးများတဲ့ပွဲတစ်ပွဲဖြစ်သွားနိုင်ပါတယ်။ ဗိုလ်လုပွဲဆီတက်လှမ်းရောက်ရှိသွားနိုင်တဲ့အသင်းကို ရွေးချယ်ရမယ်ဆိုရင်တော့ ပြင်သစ်ပါပဲ။ ■ E-11

**ယနေ့ညယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်**
**၁၁-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့)**
**၂၀၁၈ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်**
နံနက် ၀၀း၃၀ နာရီ ပြင်သစ် - ဘယ်လ်ဂျီယံ

# ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲအပေါ် မြန်မာဘောလုံးအသိုင်းအဝိုင်း၏ သုံးသပ်ချက်

**စည်သူအောင်မျိုးကျော်**

**ရုရှား** နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဟာ အခုဆိုရင် အကြိုဗိုလ်လုပွဲအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဥရောပတိုက်မှာကျင်းပခဲ့တဲ့ ဒီပြိုင်ပွဲမှာတော့ အကြိုဗိုလ်လုပွဲတက်ရောက်လာတဲ့အသင်းလေးသင်းစလုံးဟာ ဥရောပတိုက်က အသင်းတွေပဲဖြစ်နေပါတယ်။ ဗိုလ်စွဲဖို့ရေပန်းအစားဆုံးအသင်းတွေဖြစ်သလို ကစားသမားအင်အားနဲ့ ခြေစွမ်းပိုင်း အကောင်းဆုံးအသင်းတွေဖြစ်တဲ့ ပြင်သစ်အသင်းနဲ့ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲတွေအပေါ် မြန်မာ့ဘောလုံးအသိုင်းအဝိုင်းက ပြောကြားချက်များကို ဖော်ပြလိုက်ပေးပါတယ်။

### ဦးကျော်ကျော်မိုး (အားကစားကလောင်ရှင်)



နှစ်သင်းစလုံးမှာ ထိပ်တန်းကစားသမားတွေ အစုံအလင်ရှိသလို နည်းပြကောင်းကိုယ်စီရှိတယ်။ ပြင်သစ် အသင်းက အုပ်စုတွင်းကနေ ဆီမီးအထိ သွင်းဂိုးနည်းနည်းနဲ့ ပုံမှန်ဖြတ်ကျော်လာတဲ့အသင်း။ ခံစစ်ကိုအားပြုပြီး တန်ပြန်တိုက်စစ်ကို ခပ်မြန်မြန် ကစားတာကို တွေ့ရတယ်။ ဘယ်လ်ဂျီယံကလည်း အုပ်စုပွဲစဉ်တွေကနေ ဆီမီးအထိ ရာနှုန်းပြည့်နိုင်ပွဲဆက်နေတဲ့အသင်းဖြစ်သလို ပရီးမီးယားလိဂ် ထိပ်သီးကလပ်အသင်းတွေက ကစားသမားတွေ အဓိကထား ကစားနေတာတွေ့ရတယ်။ ပြင်သစ်မှာ အမ်ဘတ်ပေရှိတယ်။ ဘယ်လ်ဂျီယံမှာ ဟာဇက်ရှိတယ်။ အထူးသဖြင့် ဘယ်လ်ဂျီယံဟာ ခြေစွမ်းပိုင်း အကောင်းဆုံးအချိန်ရောက်နေတယ်။ သူတို့ဟာ ဘာဖလားမှ မရဘူးဘဲ ကမ္ဘာ့အဆင့်တစ် ဖြစ်ဖူးတယ်။ ဒါကြောင့် ခြေစွမ်းနဲ့ စွမ်းဆောင်ရည်ကို သက်သေပြဖို့ လိုလာပြီ။ ဒီပွဲက ဂိုးအနည်းနဲ့ ဘယ်လ်ဂျီယံက ကပ်နိုင်ခြေရှိနေပြီး ပင်နယ်တီအထိလည်း ရောက်သွားနိုင်ပါတယ်။

### ဦးတင်မြင့်အောင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ တွဲဖက်အတွင်းရေးမှူးနှင့် လက်ရွေးစင်ကစားသမားဟောင်း)



ဒီပွဲက အင်မတန်ကြည့်ကောင်းမယ့်ပွဲပါ။ အတွေ့အကြုံရှိတဲ့ quality players တွေ နှစ်သင်းလုံးမှာ ပါတယ်ဆိုတော့ team discipline နဲ့ strategy ကောင်းတဲ့အသင်းက နိုင်ဖို့များမှာပါ။ players balance က မျှနေတော့ အတိမ်းအဆောင်းမခံဘူး။ ဒီပွဲမှာတော့ ဘယ်ဂျီယံအသင်းပဲ အနိုင်ရသွားမယ် ထင်ပါတယ်။

### ဦးမျိုးမင်းထွန်း (ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ်နှင့် လက်ရွေးစင်ကစားသမားဟောင်း)



နှစ်သင်းလုံး အရမ်းကောင်းပါတယ်။ အင်အားကြီးအသင်းတွေကို ကျော်ဖြတ်ပြီး ဆီမီးအဆင့်ကို ရောက်လာတာပါ။ အနိုင် အရှုံး ပြောဖို့ အရမ်းခက်ပါတယ်။ အမှားများတဲ့အသင်းက ပေးဆပ်မှုကြီးသွားမှာပါ။ ဘောလုံးမှာက ဘာမှကြိုပြောလို့မရတဲ့အတွက် အချိန်ပို၊ ပင်နယ်တီတွေ ရောက်မလားဆိုတာတော့ အတိအကျ မပြောနိုင်သေးပါဘူး။ ဘယ်လ်ဂျီယံကိုတော့ ပိုကြိုက်ပါတယ်။

# မက်ဆီကို တားဆီးနိုင်ခဲ့သည့်ခံစစ်မှာ ဟယ်ရီကိန်းကို စိုးရိမ်စရာမလိုကြောင်း ဒါလစ် ဝင့်ကြွား

**မော်စကို၊ ဇူလိုင် ၉**

ခရိုအေးရှားလက်ရွေးစင်အသင်းနည်းပြ ဒါလစ်သည် မက်ဆီကို လှုပ်မရအောင် တားဆီးနိုင်ခဲ့သည့် ခရိုအေးရှားခံစစ်မှာ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကို စိုးရိမ်စရာ မည်သည့်အကြောင်းမျှမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်ဟု BBC က ဖော်ပြထားသည်။

နည်းပြ ဒါလစ်သည် အင်္ဂလန်မှာ ခရိုအေးရှားအတွက် ထိတ်လန့်ရာပြိုင်ဘက်မျိုးမဟုတ်ဟုလည်း စိတ်ဓာတ်စစ်ဆင်ရေးစကား ဆိုထားပြီး ၎င်း၏ခံစစ်မှူးများအနေနှင့် မက်ဆီ၊ ဒိုင်ဘာလာ၊ ဟီဂူအင်၊ အဂူရိုနှင့် အီရစ်ခ်ဆန်တို့ကဲ့သို့သော ကစားသမားများကို ပြိုင်ပွဲဖြတ်သန်းမှုတစ်လျှောက် ထိန်းချုပ်ဟန့်တားခဲ့ပြီးဖြစ်၍ စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်ချက်တစ်ရပ်မြင့်မားစွာရရှိနေပြီဖြစ်ကြောင်း ဒါလစ်က မှတ်ချက်ပေးထားသေးသည်။




အင်္ဂလန်တိုက်စစ်ကို ဟယ်ရီကိန်းနှင့် တွဲဖက်တာဝန်ယူထားသော စတာလင်းသည် နိုင်ငံလက်ရွေးစင်အသင်းအတွက် ဂိုးရယူပေးနိုင်ခြင်း မရှိသည်မှာ သုံးနှစ်နီးပါးရှိလာခဲ့ပြီဖြစ်၍ ဝေဖန်မှုများကို ရင်ဆိုင်နေရပြီဖြစ်ပြီး စတာလင်း ဂိုးပေါက်ပျောက်ခြင်းက ဟယ်ရီကိန်းကို တာဝန်ပိုကြီးစေသကဲ့သို့ဖြစ်နေကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင်နည်းပြ ဒါလစ်က "ဒီအသင်းဟာ ၁၉၉၈ ခုနှစ်တုန်းက အသင်းထက် အများကြီး ပိုကောင်းပါတယ်။ ကျွန်တော့်ရဲ့ကစားသမားတွေကို ကျွန်တော့်ဘက်က အပြည့်အဝ ယုံကြည်ထားပြီးသားပါ။ ခက်ခဲကြမ်းတမ်းတဲ့ စိန်ခေါ်မှုပေါင်းများစွာကို သူတို့ ကျော်ဖြတ်ပြခဲ့ပြီးပါပြီ။ အင်္ဂလန်နဲ့ပွဲက ကျွန်တော်တို့အတွက် သမိုင်း မှတ်တမ်းဖြစ်လာမယ့်ပွဲပါပဲ။ ဗိုလ်လုပွဲကို တက်လှမ်းနိုင်မယ့် အစွမ်းအစကို ပိုင်ဆိုင်ထားလို့ ကျွန်တော်တို့ ဒီအဆင့်အထိ ရောက်လာခဲ့တာပါ။ ဒါကို အခုပွဲစဉ်မှာ သက်သေပြပါ့မယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11



# စီရော်နယ်ဒိုအပြောင်းအရွှေ့မှာ အတည်ပြုကြေညာချက်ထုတ်ရန်သာ ကျန်တော့သည့်အပြောင်းအရွှေ့ဟု ဘရူနိုအဲလ်ဗက်စ် အသိပေး

**မက်ဒရစ်၊ ဇူလိုင် ၉**

စီရော်နယ်ဒို၏ပေါ်တူဂီလက်ရွေးစင်အသင်းဖော် ဘရူနိုအဲလ်ဗက်စ်သည် ရီးရဲလ်မက်ဒရစ်မှနေ၍ ဂျူဗင်တပ်ထံသို့ စီရော်နယ်ဒို ပြောင်းရွှေ့မည့် အပြောင်းအရွှေ့မှာ အတည်ပြုကြေညာချက်ထုတ်ပြန်ရန်သာ ကျန်တော့သည့် အပြောင်းအရွှေ့ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း The Mirror က ဖော်ပြထားသည်။

ဘရူနိုအဲလ်ဗက်စ်သည် စီရော်နယ်ဒိုမှာ ဂျူဗင်တပ်နှင့် အပြောင်းအရွှေ့ဆိုင်ရာ အချက်အလက်အားလုံးကို သဘောတူညီထားပြီးပြီဖြစ်ကြောင်း အသိပေးသွားခဲ့ပြီး ဘရူနိုအဲလ်ဗက်စ် မတိုင်မီတွင် ဂျူဗင်တပ်အမှုဆောင်အရာရှိချုပ်ဟောင်း မော့ဂီကလည်း ဂျူဗင်တပ်မှာ စီရော်နယ်ဒိုကို ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် အပြောင်းအရွှေ့အတွက် ဆေးစစ်၍ လေးနှစ်သက်တမ်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်ဟု ပြောကြားခဲ့ဖူးသည်။

ဂျူဗင်တပ်သည် အသင်းအမှတ်တရပစ္စည်းဆိုင်များတွင် စီရော်နယ်ဒိုဝတ်ဆင်ကစားမည့် ကျောနံပါတ် ၇ ဂျာစီအင်္ကျီများကို ရောင်းချရန်လည်း အသင့်ပြင်ထားပြီးဖြစ်ကြောင်း ဆက်စပ်သတင်းများ ထွက်ပေါ်နေပြီး စီရော်နယ်ဒိုကို အသင်းကစားသမားအဖြစ် မိတ်ဆက်သည့် အခမ်းအနားကို အသင်းပိုင်ဘောလုံးကွင်းတွင် ဂျူဗင်တပ်အသင်းတာဝန်ရှိသူများက ခမ်းနားစွာ ကျင်းပလိမ့်မည်ဟုလည်း မော့ဂီက အသိပေးထားသေးသည်။

ဂျူဗင်တပ်သည် စီရော်နယ်ဒိုကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏပေါင် ၈၈ သန်းဖြင့် သဘောတူညီမှုရထားကြောင်း အီတလီသတင်းမီဒီယာများက ရေးသားနေသော်လည်း အချို့သောသတင်းရင်းမြစ်များကမူ ရီးရဲလ်မက်ဒရစ်ဘက်က စီရော်နယ်ဒိုအတွက် ပြောင်းရွှေ့ကြေးကိုပေါင် ၁၁၅ သန်းသို့တိုးမြှင့်တောင်းဆိုနေသည့်အတွက် အသင်းနှစ်သင်းအကြား ဆွေးနွေးမှုများ တစ်ကျော့ပြန်လည်ဆောင်ရွက်နေရသည်ဟု မှတ်ချက်ပေးထားသည်။

■ E-11

## စီရော်နယ်ဒိုအပြောင်းအရွှေ့မှာ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့်အပြောင်းအရွှေ့ဟု ဒီနိုဇော့ဖ် သုံးသပ်

**တူရင်၊ ဇူလိုင် ၉**

ဂျူဗင်တပ်အသင်းထံတွင် ကစားသမားဘဝ ဖြတ်သန်းခဲ့ရုံသာမက နည်းပြအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သော အီတလီဂန္ထဝင်ဂိုးသမားကြီး ဒီနိုဇော့ဖ်သည် ဂျူဗင်တပ်ထံသို့စီရော်နယ်ဒို ပြောင်းရွှေ့ရောက်ရှိလာခဲ့ပါက ယင်းအပြောင်းအရွှေ့မှာ နှစ်ဦးနှစ်ဖက်လုံး အကျိုးများစေမည့် အပြောင်းအရွှေ့ဖြစ်လာလိမ့်မည်ဟု မှတ်ချက်ပေးသွားခဲ့ကြောင်း Channel 4 က ဖော်ပြထားသည်။

ဒီနိုဇော့ဖ်သည် ဥရောပအဆင့် အောင်မြင်မှုများကို ရယူနိုင်ရေးတွင် ဂျူဗင်တပ်လိုအပ်နေသည်မှာ စီရော်နယ်ဒိုကဲ့သို့ ကစားသမားမျိုးဖြစ်သည်ဟု သုံးသပ်သွားခဲ့ပြီး လက်ရှိတွင် ပြည်တွင်း၌ ထိပ်သီးအသင်းတစ်သင်းအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်ပွဲခံနိုင်မှသာ ဂျူဗင်တပ်အတွက် ပြီးပြည့်စုံသောအဆင့်သို့ ရောက်လာလိမ့်မည်ဟု ဒီနိုဇော့ဖ်က ဆက်လက်ပြောကြားသွားခဲ့သည်။

ဒီနိုဇော့ဖ်သည် စီရော်နယ်ဒိုမှာ အီတလီစီးရီးအေပြိုင်ပွဲ၏ကျဆင်းနေသော ပုံရိပ်များကို ဆွဲတင်ပေးမည့်သူဟုလည်း ရှုမြင်ထားပြီး စီရော်နယ်ဒိုကြောင့် ကွင်းဝင်ပရိသတ်မြင့်တက်မှုနှင့် ရုပ်သံကြည့်ပရိသတ်တိုးပွားလာမှုများကို စီးရီးအေပြိုင်ပွဲကျင်းပရေးကော်မတီအနေနှင့် ပိုင်ဆိုင်ရရှိလိမ့်မည်ဟု ဒီနိုဇော့ဖ်က အကောင်းမြင်ထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဒီနိုဇော့ဖ်က "အောင်မြင်မှုဆာလောင်နေတဲ့အသင်းနဲ့ အောင်မြင်မှုကို တစိုက်မတ်မတ် ရှာဖွေချင်သူ ကစားသမားတို့ ပေါင်းစည်းမယ့်ကိစ္စဟာ အကောင်းဆုံးတွေချည်းသာဖြစ်လာပါလိမ့်မယ်။ အခုအချိန်မှာ ဂျူဗင်တပ်အသင်း အလိုရှိနေတာက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်ပွဲခံပြီး သူတို့ဟာ ဥရောပရဲ့အင်အားကြီးအသင်း ပြန်ဖြစ်လာပြီဆိုတာကို သက်သေထူဖို့ပါပဲ။ စီရော်နယ်ဒိုကတော့ ဥရောပရဲ့ထိပ်သီးလိဂ်ပြိုင်ပွဲကြီး သုံးခုလုံးမှာ အောင်မြင်မှုရယူနိုင်သူ ဖြစ်လာပါလိမ့်မယ်။ ဒီအပြောင်းအရွှေ့ဖြစ်မြောက်ခဲ့ရင် ဒါဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိမယ့် အပြောင်းအရွှေ့တစ်ခုဖြစ်မြောက်ခြင်းပါပဲ"ဟု ပြောကြားသွားခဲ့သည်။

■ E-11

## ဂိုးသွင်းယူပြီးနောက် အောင်ပွဲမခံခဲ့သည့် အကြောင်းရင်းကို ဂရစ်ဇ်မန်း ရှင်းလင်း

**စိန့်ပီတာစဘတ်၊ ဇူလိုင် ၉**

ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပြင်သစ်က ဥရုဂွေးကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ဂိုးသွင်းယူပြီးနောက် အောင်ပွဲမခံခဲ့သည်မှာ ၎င်း၏ဘဝတွင် ပတ်သက်ဆက်နွှယ်ခဲ့သော ဥရုဂွေးလူမျိုးများကို လေးစားမှုထားရှိခြင်းကြောင့်ဖြစ်သည်ဟု ရှင်းပြသွားကြောင်း Daily Star က ဖော်ပြထားသည်။

ဂရစ်ဇ်မန်းသည် ပြင်သစ်နှင့် ဥရုဂွေးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြင်သစ်အတွက် ဒုတိယမြောက်အနိုင်ဂိုးကို သွင်းယူပေးခဲ့ပြီး ဂရစ်ဇ်မန်း အောင်ပွဲမခံခဲ့သည်မှာ ဥရုဂွေးနောက်ခံလူ ဂိုဒင်၊ ဆိုစီဒက်နည်းပြဟောင်း လာဆာတီတို့နှင့် ဆက်နွှယ်လျက်ရှိကြောင်း သတင်းမီဒီယာများက ရေးသားထားသည်။

ဂရစ်ဇ်မန်းသည် ၎င်း၏သမီးဖြစ်သူအတွက် ခေါင်းကိုင်ဖခင် ရွေးချယ်ရာတွင် ဂိုဒင်ကို ရွေးချယ်ထားပြီး လာဆာတီကမူ ဂရစ်ဇ်မန်းကို ထိပ်တန်းကစားသမားတစ်ဦးဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခဲ့သော လက်ဦးဆရာဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂရစ်ဇ်မန်းက "ကျွန်တော့်အပေါ်မှာ ဥရုဂွေးလူမျိုးတွေရဲ့ ကျေးဇူးရှိပါတယ်။ ဒီကျေးဇူးတရားကို လေးစားတာကြောင့် ကျွန်တော် အောင်ပွဲ မခံခဲ့တာပါ။ ကျွန်တော့်ကို ပရော်ဖက်ရှင်နယ် ကစားသမားတစ်ယောက်အဖြစ် ပထမဆုံးစင်တင်ပေးခဲ့သူဟာ ဥရုဂွေးလူမျိုးဖြစ်ပါတယ်။ ဘောလုံးလောကရဲ့အကောင်းအဆိုးအဖြာဖြာကို သူက သင်ကြားပေးခဲ့တာပါ။ နောက်တစ်ခုက ဥရုဂွေးအသင်းသားတွေထဲမှာ ကျွန်တော် အရမ်းခင်ရတဲ့သူငယ်ချင်းတွေ ပါဝင်နေပါတယ်။ သူတို့ရှေ့မှာ ဘယ်လိုစိတ်မျိုးနဲ့မှ ကျွန်တော် အောင်ပွဲမခံရက်ပါဘူး" ဟု ပြောကြားသွားခဲ့သည်။

■ E-11



## အသင်းဟောင်း ဂွမ်ဇူးအဲဗားဂရန်ဒီထံသို့ ပေါ်လင်ညီုပြန်လည် ပြောင်းရွှေ့

**ဘာစီလိုနာ၊ ဇူလိုင် ၉**

ဘာစီလိုနာကွင်းလယ်ကစားသမား ပေါ်လင်ညီုသည် ၎င်း၏အသင်းဟောင်း တစ်သင်းဖြစ်သော တရုတ်ဆူပါလိဂ်ကလပ် ဂွမ်ဇူးအဲဗားဂရန်ဒီထံသို့ တစ်နှစ်သက်တမ်း အငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ဘာစီလိုနာသည် အစောပိုင်း၌ ချယ်လ်ဆီးကွင်းလယ်လူ ဝီလျံကို ခေါ်ယူရန်ကြိုးပမ်းရာတွင် ပေါ်လင်ညီုကို အလိုက်ပေးကစားသမားအဖြစ် အသုံးချရန် စီစဉ်ထားခဲ့ပြီး ဂွမ်ဇူးအဲဗားဂရန်ဒီမှာ ပေါ်လင်ညီု၏စွမ်းဆောင်ရည်များကို သဘောကျပါက အငှားစာချုပ် သက်တမ်းကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၄၄ ဒသမ ၂ သန်းဖြင့်ဝယ်ယူနိုင်စေရန်လည်း ဘာစီလိုနာက အခွင့်အရေးပေးထားသည်။

ပေါ်လင်ညီုသည် ဘာစီလိုနာထံတွင် ၎င်း၏အနာဂတ် ဆက်ရှိရန် မသေချာတော့ကြောင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲ စတင်ရန် သီတင်းပတ်အနည်းငယ်အလိုခန့်ကတည်းကပင် ရိပ်စားသိရှိနေခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှနေ၍ ပြန်ရောက်လာပြီးသည်နှင့် အေးဂျင့်ဖြစ်သူကို ခေါ်ယူတိုင်ပင်ကာ ယခုဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်သည်ဟု ပေါ်လင်ညီုက ရှင်းပြသွားခဲ့သည်။

ပေါ်လင်ညီုသည် ဘာစီလိုနာထံတွင် ကစားသမားဘဝဖြတ်သန်းခွင့်ရခဲ့သော ဘောလုံးရာသီ တစ်ရာသီအတွက် လွန်စွာအားရကျေနပ်မိကြောင်းလည်း အသိပေးသွားခဲ့ပြီး ဥရောပဘောလုံးလောကတွင် ထိပ်တန်းအဆင့် ခြေစွမ်းတစ်ရပ်ဖြင့် ကစားနိုင်စွမ်းရှိသေးသည်ကို ဘာစီလိုနာနှင့်အတူ သက်သေပြနိုင်ခဲ့သည်ဟုလည်း ၎င်းက ပြောကြားသွားခဲ့သည်။

■ E-11

## တရုတ်ဆူပါလိဂ် ကလပ်အသင်းတစ်သင်း၏ပေါင် ၁၇၇ သန်းတန် ကမ်းလှမ်းမှုကို စီရော်နယ်ဒို ငြင်းဆန်ပယ်ချ

**တူရင်၊ ဇူလိုင် ၉**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် တရုတ်ဆူပါလိဂ်ကလပ်အသင်းတစ်သင်းထံမှနေ၍ စံချိန်တင်လုပ်ခလစာဖြင့် ဆက်သွယ်ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့သော်လည်း ငြင်းဆန်ပယ်ချပစ်ခဲ့ကြောင်း Marca က ဖော်ပြထားသည်။

အမည်ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သော တရုတ်ဆူပါလိဂ်ကလပ်သည် စီရော်နယ်ဒိုကို ၂ နှစ်သက်တမ်းစာချုပ်အတွက် လုပ်ခလစာပမာဏ ပေါင် ၁၇၇ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုမှာ ဥရောပဘောလုံးရပ်ဝန်းတွင်သာ ကစားသမားဘဝ ဆက်လက်ဖြတ်သန်းလိုခြင်းကြောင့် ယင်းကမ်းလှမ်းမှုကို ငြင်းဆန်ပစ်လိုက်ခြင်းဖြစ်သည်ဟု ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

စီရော်နယ်ဒိုသည် လက်ရှိတွင် အတူနေချစ်သူ ဂျီအော်ဂျီနာနှင့် အားလပ်ရက် အပန်းဖြေခရီးထွက်နေပြီး ယင်းခရီးစဉ်အပြီးတွင် ဂျူဗင်တပ်ထံသို့ ပြောင်းရွှေ့ရေးလုပ်ငန်းစဉ်များကို တရားဝင်အပြီးသတ်နိုင်ရန် စီရော်နယ်ဒိုက ဆောင်ရွက်သွားလိမ့်မည်ဟု အီတလီအားကစားသတင်း Football Italia က ရေးသားထားသည်။

စီရော်နယ်ဒိုသည် ဘာစီလိုနာအသင်းတာဝန်ရှိသူများက မက်ဆီကို တန်ဖိုးထားဆက်ဆံသကဲ့သို့ ၎င်းကို ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက မဆက်ဆံသည့်အတွက် စိတ်ပျက်လက်ပျက်ဖြစ်ကာ အသင်းပြောင်းရန် စီစဉ်လိုက်ခြင်းဖြစ်ပြီး ဂျူဗင်တပ်ကမူ စီရော်နယ်ဒိုကို လေးနှစ် သက်တမ်းစာချုပ်အတွက် လုပ်ခလစာပမာဏ ပေါင် ၁၀၆ သန်းသာ ပေးချေသွားလိမ့်မည်ဖြစ်သည်။ ■ E-11

Hnit Thit Oo
Printing House
No. 27(A), Corner of U Hmoo St;
and U Tun Nyo St;,
Dagon (East) Industrial Zone,Yangon.
Ph : 09- 766 766 751,09-766 766 752
Email : hnitthitoo8@gmail.com

# FOREIGN AFFAIRS

nosmok
nicotine 2mg lozenges
ဆေးလိပ်ဖြတ် နှင့် nosmok
သင့်ကြိုက်ရာရွေး
KHA Co., Ltd.



# ဂူထဲပိတ်နေသောကလေးငယ်များအနက် တစ်ဦးကို ထပ်မံကယ်တင်၊ ဖတ်ခပေါင်းစားလိုသည်ဟု လွတ်မြောက်ကလေးငယ်များ တောင်းဆို



**ချင်းရိုင်-ဘန်ကောက်၊ ဇူလိုင် ၉**

ဂူကွန်ရက်အတွင်း ပိတ်မိနေသော ကလေးငယ်လေးဦးကိုယမန်နေ့(တနင်္ဂနွေ) က ပထမဆုံးအဖြစ် ကယ်ထုတ်နိုင်ခဲ့ပြီးနောက် တနင်္လာနေ့ နေ့လယ်ပိုင်းက နောက်ထပ်ကလေးငယ်တစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့ကကယ်ထုတ်နိုင်ခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို CNN သတင်းဌာနက ကိုးကားဖော်ပြသည်။

၎င်းတို့၏ အဆိုအရ ငါးယောက်မြောက်အဖြစ် ကယ်ထုတ်ခြင်းခံရသော ကလေးငယ်ကို ကျန်းမာရေးအာဏာပိုင်များက အရေးပေါ်သူနာပြုယာဉ်ပေါ် တင်ဆောင်သွားကြကြောင်း သိရသည်။

ယခုကလေးငယ်ကိုလည်း ယမန်နေ့က ကယ်ထုတ်ခဲ့သည့် နည်းလမ်းအတိုင်း ထိုင်းပြည်တွင်းနှင့် ပြည်ပရေငုပ်ကျွမ်းကျင်သူများက ကယ်ထုတ်ခဲ့ခြင်းဖြစ်သည်။ သို့အတွက်ကြောင့် ဂူကွန်ရက်အတွင်း၌ ကလေးငယ် ရှစ်ဦးနှင့် ၎င်းတို့၏ ဘောလုံးနည်းပြတစ်ဦး(စုစုပေါင်း ၉ ဦး)ကျန်နေသည်။

ဘန်ကောက်ပို့စ်သတင်းစာက ကျန်းမာရေးအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားဖော်ပြရာတွင် ဂူတွင်းမှ ယမန်နေ့က လွတ်မြောက်လာခဲ့သော ကလေးငယ်လေးဦး၏ ကျန်းမာရေးမှာ တည်ငြိမ်ကောင်းမွန်မှုရှိသည်ဟုဆိုသည်။ သို့သော် ယခုနောက်ဆုံးငါးယောက်မြောက်အဖြစ် ကယ်ထုတ်ခံရသောကလေးငယ်၏ အခြေအနေကို ဖော်ပြခြင်းမရှိပေ။

Wild Boars ဟုအမည်ရသည့် လူငယ်ဘောလုံးအသင်းမှ အဆိုပါကလေးငယ်များနှင့် နည်းပြဖြစ်သူတို့သည် ၁၀ ရက်ခန့်ပျောက်ဆုံးနေခဲ့ရာမှ ပြီးခဲ့သည့် တနင်္လာနေ့က ၎င်းတို့ကိုရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ကြသည်။

ရက်သတ္တတစ်ပတ်အတွင်း ၎င်းတို့ကို အကောင်းဆုံးကယ်ထုတ်နိုင်မည့် နည်းလမ်းအမျိုးမျိုးကို ထိုင်းပြည်တွင်းနှင့် ပြည်ပပညာရှင်များနှင့် စေတနာ့ဝန်ထမ်းများက ရှာဖွေခဲ့ကြသည်။

ယမန်နေ့(တနင်္ဂနွေနေ့)တွင်မူ ရာသီဥတုကောင်းမွန်ပြီး မိုးအနည်းငယ်သာ ရွာသွန်းခြင်းကြောင့် ကလေးငယ်လေးဦးကို ရေငုပ်သမားများက ပထမဆုံးကယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များ ပိတ်မိနေသည့် ဂူအတွင်းမှ ရေဂါလန်သန်းပေါင်းများစွာကိုလည်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရေစုပ်စက်ဖြင့် စုပ်ထုတ်လျက်ရှိသည်ကို တွေ့ရသည်။

သို့သော် ထိုင်းနိုင်ငံ၏ မုတ်သုံရာသီမိုးဥတုတွင် ရွာသွန်းသောမိုးများက အချိန်တိုအတွင်း အဆိုပါဂူထဲတွင် ရေများပြန်လည်ပြည့်လျှံလာအောင် ဖန်တီးနိုင်သည့်အနေအထားတွင်ရှိသည်ဟု ကယ်ဆယ်ရေးဝန်ထမ်းများက စိုးရိမ်တကြီးပြောဆိုထားသည်။

ယမန်နေ့က ကယ်ထုတ်ခံခဲ့ရသော ကလေးငယ်များကို ချင်းရိုင်ရှိဆေးရုံတွင် သီးခြားစီထားရှိထားကြောင်း၊ ယခုအခါ ၎င်းတို့က အစားအစာစားလိုသည်ဟု ပြောဆိုလျက်ရှိကြောင်း၊ အထူးသဖြင့် ဖတ်ခပေါင်းဟု အမည်ရပြီး အမဲသား၊ ပင်စိမ်း၊ ငရုတ်သီး စသည်တို့ကို တောက်တောက်စဉ်းကာ ကြော်ထားသည့် ဟင်းလျာစားလိုသည်ဟု တောင်းဆိုခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးမစ်ရှင်၏ တပ်မှူး နာရောင်ဆန်အိုဆာနာကွန်းက ပြောကြားသည်။

၎င်းတို့သည် ဂူအတွင်း၌ ကိုးရက်သို့မဟုတ် ၁၀ ရက်ခန့် အစာမစားရဘဲ နေခဲ့ရသောကြောင့် ကျန်းမာရေးချို့ယွင်းသွားမည်ကို အာဏာပိုင်များက စိုးရိမ်ခဲ့ကြသည်။ ■ F-01

## ALSO IN NEWS

### အဆိပ်ခတ်ထားတဲ့စာအုပ်တွေ တက္ကသိုလ်စာကြည့်တိုက်မှာတွေ့

၁၆ ရာစုကနေ ၁၇ ရာစုကြားအတွင်း ထွက်ရှိခဲ့တဲ့ ရှားပါးစာအုပ် ၃ အုပ်မှာ လူသေစေနိုင်တဲ့ အဆိပ်များ သုတ်လိမ်းထားတာကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ပါတယ်။ ထိုအကြောင်းကို ယခင်က ရိပ်ရှင်ရှိခဲ့ပေမယ့် တကယ်တမ်းအပြင်မှာ ခုလိုအဖြစ်မျိုး ရှိလိမ့်မယ်လို့တော့ မထင်ခဲ့ကြပါဘူး။ ၁၄ ရာစုတုန်းက အီတလီဘုန်းကြီးကျောင်းတစ်ခုမှာ လျှို့ဝှက်တဲ့စာတမ်းတွေပါတဲ့ စာမျက်နှာတွေကို အဆိပ်နဲ့သုတ်ထားတာကို ထိုဇာတ်ကားမှာ ပါခဲ့ပါတယ်။ ခုလည်း ဒိန်းမတ်နိုင်ငံတောင်ပိုင်းက တက္ကသိုလ်မှာတွေ့ရတဲ့ ရှေးဟောင်းစာအုပ်ကို ဓာတ်မှန်နဲ့ စစ်ဆေးကြည့်ရာမှာ အာဆင်းနစ်အဆိပ် ပမာဏများစွာပါနေတာကို တွေ့လိုက်ရပါသတဲ့။ လက်တင်ဘာသာစကားတွေ အသုံးပြုထားတဲ့စာအုပ်ဖြစ်ပြီး ဖတ်ရခက်ခဲတဲ့ အစိမ်းရောင်သုတ်ထားတဲ့စာမျက်နှာတွေ ရှိနေပါတယ်။ အဆိုပါစာမျက်နှာတွေကို စစ်ဆေးကြည့်ရာမှာတော့ ကမ္ဘာပေါ်မှာ အပြင်းဆုံးအဆိပ်တစ်မျိုးဖြစ်တဲ့ အာဆင်းနစ်ကို တွေ့ခဲ့ရပါသတဲ့။ ■ F-02



### အစေ့အဆန် များများစားပေးခြင်းက သုက်အားကောင်းစေတယ်လို့ သုတေသနဖော်ပြ

အစေ့အဆန်တွေ များများပါတဲ့ အစာအာဟာရကို စားပေးခြင်းကြောင့် သုက်အားကောင်းစေတယ်လို့ လေ့လာမှုအသစ်တစ်ရပ်မှာ ဖော်ပြထားပါတယ်။ သိပ္ပံပညာရှင်များဟာ ကျပန်းစစ်ဆေးမှုတွေလုပ်ခဲ့ရာမှာ အစေ့အဆန်တွေ ပါဝင်တဲ့ အာဟာရတွေကို များများစားတဲ့ အမျိုးသားတွေဟာ သီတင်းပတ် ၁၄ ပတ်အတွင်း သုက်ခွန်အား ကောင်းလာကြတာကို တွေ့ရှိခဲ့ရပါသတဲ့။ ဆေးဘက်ဆိုင်ရာသုတေသနပြုလုပ်ခဲ့ရာမှာ အသက် ၁၈ ကနေ ၃၅ နှစ်အကြား လူငယ်အမျိုးသားများရဲ့နေ့စဉ်အာဟာရထဲမှာ အစေ့အဆန်များကိုထည့်ပေးတဲ့အခါ သုက်ခွန်အား ပိုမိုကောင်းလာတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။

စပိန်နိုင်ငံ ရိုဗီရာအိုင်ဗီရာဂျီလီတက္ကသိုလ်က လူသားအာဟာရလေ့လာရေးအဖွဲ့က ဒေါက်တာအဲလ်ဘတ်ဆာလက်စ်ဟျူတို့စ် က ထိုလေ့လာချက်ကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အမျိုးသားတွေရဲ့သုက်လွှတ်မှုပမာဏနဲ့ အရည်အသွေးကျဆင်းလာတာမို့ ယင်းလေ့လာချက်ကို အထူးပြုဆောင်ရွက်ခဲ့တယ်လို့ သုတေသနခေါင်းဆောင်ကဆိုပါတယ်။ ခုလိုသုက်ခွန်အားကျဆင်းရတာဟာ လေထုညစ်ညမ်းခြင်း၊ ဆေးလိပ်သောက်ခြင်းနဲ့ အစားအသောက် ညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်တယ်လို့ သတိပေးထားပါတယ်။ ■ F-02

